www.burmeseclassic.com

အသက်ရှည်မည့်ဟာသများ

# ကိုရွှေတောသား

တင်ဆက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၄၀၀၀၅၀၀၁၀၉
အဖုံးခွင့်ပြုချက်အမှတ် ၄၀၀၂၀၅၀၃၀၉
စီစဉ်သူ ကိုဖြိုး
ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၀၉ ခုနှစ်၊ မေလ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀
ထုတ်ဝေသူ - သင်းသင်းမွန် (သင်းစာပေ)
အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊
(၁၂)ရပ်ကွက်၊ ကမာရွတ်၊ ရန်ကုန်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်စိန်
(ကျောက်စိမ်းပုံနှိပ်တိုက်)
၁၇၁၊ ၃၃-လမ်း(အထက်)၊ရန်ကုန်မြို့။
ဖြန့်ချိရေး - စိန်မိုးယံစာပေ
အမှတ်(၃၀)၊ လမ်း(၉၀)၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုံး-၀၉၅၀၇၄၀၁၂

၈၉၅.၈၇
ရွှေတောသား ၊ ကို
အသက်ရှည်မည့်ဟာသများ / ကိုရွှေတောသား ။ - ရန်ကုန်၊
သင်းစာပေ၊ ၂၀၀၉။
၁၁၁ - စာ ၊ စင်တီ။
(၁) အသက်ရှည်မည့်ဟာသများ



## ပြောင်းလဲသွားလိုက်တာ

မောင်ပိန်သည် လမ်းလျှောက်သွားရာမှ လူတစ်ယောက်နှင့် ပက်ပင်းကိုးမိ၏။ ထိုအခါ အံ့အားကသင့် ဖြစ်သွားလေသည်။

မောင်ပိန် ။ ။ "ဟာ . . ကိုအောင်ကျော်ထူးကြီးပါလား။ ရုပ်ကို မနည်းဖမ်းယူရတယ်ဗျာ။ အရင်တုန်းက ပိန်ပိန်လေးပါ။ ခု မတရား ဝဖီးနေလိုက်တာ။ ဗိုက်အိုးကြီးကလည်း ရေ ဖျဉ်းဆွဲသလိုပဲ။ အသားတွေကလည်း နီစပ်စပ်နဲ့၊ ဆံပင်တွေကလည်း ဖြူနေပြီ။ ရုတ်တရက် မှတ်တောင်မမှတ်မိချင်ဘူး။ မနည်းကို ပုံဖမ်းယူရတယ်။

လူစိမ်း ။ ။ "ဟေ့လူ . . ခင်ဗျား လူမှားနေပြီ။ ကျုပ် ကိုအောင်ကျော်ထူး မဟုတ်ဘူးဗျ။ ကျုပ် နာမည် ချစ်ကိုကိုယု"

မောင်ပိန် ။ ။ "အယ် . . ခင်ဗျားက ရုပ်လက္ခဏာတင် မဟုတ်ဘူး။ နာမည်ပါ ပြောင်းလဲသွားတာကိုး"

• • •



www.burmeseclassic.com

www.burmeseclassic.com

## အမေမှာ မှာတဲ့အတိုင်း

ဒေဇီ ။ ။ "မနေ့ညက သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့် တော့ ကိုယ့်ဘေးခုံမှာ ထိုင်နေတဲ့ ငနဲတစ် ကောင်က ကိုယ့်ကို ဟိုကိုင်ဒီကိုင်နဲ့။ အတော် ကလေး လက်မြင်းကြော ထသကွယ်။ ကိုယ့်ရင် ထဲမှာ ဖိန်းခနဲ၊ ရှိန်းခနဲပဲ။ ဒီလိုမျိုး အတွေ့အကြုံ လုံးဝမရှိတော့ ဘယ်လိုနေရမှန်းတောင် မပြော တတ်တော့ဘူး အေမီရယ်"

အေမီ ။ ။ "ဟယ် . . ဒီလိုပဲ ငြိမ်နေရသလား။ ကိုယ်နဲ့ ရည်း စားလည်းမဟုတ်၊ သိကျွမ်းသူလည်းမဟုတ်။ သူစိမ်း ယောက်ျားတစ်ယောက်က သည်လိုမျိုး လာလုပ်တာ ငြိမ်နေရသလား။ ပက်ခနဲ ပြန်ပြော ထည့်လိုက်ပါလား"

ဒေဇီ ။ ။ "မပြောပါဘူး အေမီရယ်။ ကိုယ့်မာမီက ကိုယ် နဲ့မသိတဲ့ သူစိမ်းယောက်ျားကို ဘယ်တော့မှ စကားမပြောရဘူးလို့ မှာထားတာကြောင့်ပါ"

အေမီ ။ ။ "ငါနှယ် . . နော်"

●●●





## ကိုင်း . . . ဘာပြင်းမှာလဲ

ပ-လူ ။ ။ "မင်းရဲ့ဆရာ မောင်မြင့်မားဟာ မုဆိုးအကြောင်းတွေ ရေးတဲ့ စာရေးဆရာဆို"

ဒု-လူ ။ ။ "မှန်တာပေါ့ကွာ။ ဘိုကလေးမှာရှိတုန်းက အမြဲလို အမဲ လိုက်ခဲ့တဲ့ဆရာကွ။ တောပစ်ထွက်တာ ဝါသနာအရမ်း ကြီးတယ်။ အထူးသဖြင့် မုဆိုးတွေထဲမှာ ကံသိပ်ကောင်းတဲ့ ဆရာပဲ"

ပ-လူ ။ ။ "ဟား . . ဟား . . ဟား . . မပြီးနဲ့ကိုယ့်လူ။ မင်းဆရာ အကြောင်း ဘိုကလေးကလူတွေဆီ စုံစမ်းပြီးပြီ။ တောပစ် ထွက်တိုင်း ဘာသားကောင်မှ မရဘူးတဲ့။ ဒါနဲ့များ မုဆိုးတွေထဲမှာ ကံသိပ် ကောင်းသလေး ဘာလေးနဲ့"

ဒု-လူ ။ ။ "တောထဲကနေ ဘေးမသီရန်မခဘဲ ပြန်လာနိုင်တာကိုက ကံအကောင်းဆုံး မဟုတ်ဘူးလား နော့ရဲ့"

ပ-လူ ။ ။ "မှတ်ကရော"

●●●


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ငရဲပြည်သို့ ...

သူငယ်ချင်းနှစ်ဦး လမ်းမှာဆုံမိကြသည်။

ပ-လူ ။ ။ "ဟေ့ကောင်ကြီး . . မျက်နှာလည်းမကောင်းပါလား။ ဘယ်က ပြန်လာတာလဲ"

ဒု-လူ ။ ။ "အလုပ်က ပြန်လာတာလေ။ အလုပ်ရှင်က ကြိမ်းမောင်း လွှတ်လိုက်လို့ကွ"

ပ-လူ ။ ။ "မင်းကို ဘယ်လို ကြိမ်းလွှတ်လိုက်လို့လဲ"

ဒု-လူ ။ ။ "ငါ့ကို 'အသုံးမကျတဲ့ကောင်။ ခု ငရဲပြည်ကိုသွား' တဲ့ကွာ"

ပ-လူ ။ ။ "အဲဒီတော့ မင်း ခု ဘယ်သွားမလို့လဲ"

ဒု-လူ ။ ။ "မိန်းမဆီ ပြန်မလို့လေ"

●●●





## အကြံကောင်းဉာဏ်ကောင်း

တစ်ခါမှ အမှုမလိုက်ဖူးသေးသည့် ရှေ့နေအသစ်စက် စက်ကလေးထံ အမှုသည်တစ်ယောက် အကူအညီလာ၍ တောင်းခံလေသည်။

အမှုသည် ။ ။ "ကျုပ်တော့ သေသာသေလိုက်ချင်တာပဲ ဆရာရယ်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ဘူး"

ရှေ့နေသစ် ။ ။ "ဖြစ်စဉ်ကိုလည်း ပြောပြဦးမှပေါ့ဗျာ"

အမှုသည် ။ ။ "သည်လိုခင်ဗျ . . ။ ကျုပ်မိန်းမက လူတစ်ယောက်နဲ့ ကျုပ်မရှိတုန်း ခုတင်ပေါ်မှာ ဖောက်ပြန်နေကြတယ်။ အဲသည်အတွက် ကျုပ် စိတ်ဆင်းရဲနေရတယ်"

ရှေ့နေသစ် ။ ။ ဒီလိုမျိုး ဖောက်ပြန်တဲ့မိန်းမကို ဘာဖြစ်လို့ ပေါင်းနေမလဲဗျာ။ ကွာ . . လိုက်ပေါ့"

အမှုသည် ။ ။ "မဖြစ်သေးဘူးဆရာရဲ့။ ကျွန်တော်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာမှန်သမျှကို သူ့နာမည်နဲ့ လွှဲထားတာ။ ကွာရှင်းလိုက်မယ်ဆိုရင် ကျွန်တော် ခြေမဲ့လက်မဲ့ ဖြစ်သွားတော့မှာပေါ့"

ရှေ့နေသစ် ။ ။ (အတန်ကြာအောင် စဉ်းစားပြီးနောက်)
"ဟာ . . . အကြံရပြီဗျို့။ ကွာစရာမလိုတော့ဘူး။ အိမ်ရောက်တာနဲ့ ခင်ဗျားရဲ့ ခုတင်ကြီးကို ရောင်းပစ်လိုက်ပေတော့"

အမှုသည် ။ ။ "ဟာ . . မှန်လိုက်လေဆရာရယ်။ ဒါဆို ဒီကောင် ကျုပ်ခုတင်မှာ ကြာခိုလို့ မရတော့ဘူးပေါ့"

●●●

www.burmeseclassic.com



## မမေ့တဲ့နိုင်

ပ-လူ ။ ။ "ဟေ့လူ . . မကြီးမငယ်နဲ့ လက်မှာ နှင်းဆီပန်းတစ်ပွင့် ကိုင်လို့။ ဘာလဲ . . ဝက်သက်ပေါက်နေသလား"

ဒု-လူ ။ ။ "မဟုတ်ရပေါင်ဗျာ။ အိမ်က မိန်းမ ရိုစီလေ . . ရိုစီပေါ့။ သူသွားပို့ခိုင်းတဲ့အထုပ် သွားမပို့ဖြစ်ဘဲ မေ့နေမှာစိုးလို့ မေ့မသွားရအောင် ရိုစီခိုင်းတယ်ဆိုတာ သတိရှိဖို့ နှင်းဆီပန်းကို ကိုင်ထားတာဗျို့"

ပ-လူ ။ ။ "အလို့ . . ခင်ဗျားမိန်းမ တော်တော်လေး အိုင်ဒီယာကောင်းပေတာပဲ။ ဒါထက် မိန်းမခိုင်းထားတဲ့အတိုင်း အထုပ်ကို သွားပို့ခဲ့ပြီးပြီပေါ့"

ဒု-လူ ။ ။ "ဟင့်အင်း . . အထုပ်မေ့ကျန်ရစ်ခဲ့လို့ ပြန်လာတာ"

● ● ●



## ဘလောင်းဘလဲ

တရားရုံးတစ်ခု၌ ခိုးမှုတစ်ခုအတွက် စစ်ဆေးနေလေသည်။

တရားသူကြီး ။ ။ "ကိုင်း . . မောင်ခိန်၊ ခိုးမှုတရားခံဖြစ်တဲ့ မောင်မင်း အနေနဲ့ ဘာများ စောဒကတက်စရာရှိသလဲ"

မောင်ခိန် ။ ။ "စောဒကတက်မယ်ဆိုရင် အဲသည်အိမ်ပိုင်ရှင်ဟာ အတော် ဘလောင်းဘလဲနိုင်သူ ပါပဲခင်ဗျာ"

တရားသူကြီး ။ ။ "ပြောစမ်းပါဦး။ ဘယ်လို ဘလောင်းဘလဲ နိုင်သလဲ ဆိုတာ"

မောင်ခိန် ။ ။ "တရားသူကြီးမင်းပဲ စဉ်းစားကြည့်ပါ။ ကျွန်တော်မျိုး သူ့အခန်းထဲ ဝင်ခိုးတုန်းက အိမ်ရှင် အိပ်ပျော်နေတာကို ကျွန်တော်မျိုး မျက်စိနဲ့ တပ်အပ်တွေ့ခဲ့ရပါတယ်။ ဟော ခုတော့ သင်းက ကျွန်တော်ဝင်ခိုးတာကို သူ့မျက်စိနဲ့ တပ်အပ်တွေ့ရတယ်လို့ လုပ်နေပြီ။ ကဲ တရားသူကြီးမင်း စဉ်းစားကြည့်ပါ။ သူ့စကားက ယုံစားရသလား၊ ကျွန်တော်မျိုးရဲ့စကားက ယုံစား ရသလား ဆိုတာ။ သူ အဲသည်လိုမျိုး ဘလောင်းဘလဲ ပြောတာနဲ့ ကျွန်တော်မျိုးက သူခိုးဖြစ်ရရောတဲ့လား"

● ● ●

www.burmeseclassic.com

## “ဘာမှစရာ လိုမှာလဲ”

အိမ်ထောင်ဦးစီး ဖခင်သည် ရောဂါသည်းနေသဖြင့် အမော ဖောက်လျက်ရှိ၏။ ဆရာဝန်ကလည်း အခြေအနေ မလွယ်မှန်းသိသဖြင့် အသက်ကယ်ဆေးထိုးကာ ပြန်သွားလေ၏။ ထိုအချိန်ဝယ် သားသမီး များကို အပါးသို့ ခေါ်လိုက်သည်။

ဖခင် ။ ။ “အခြေအနေအရ အဖေတော့ သည်တောင်ကို လုံးဝမကျော်နိုင်တော့ဘူး။ သည်တော့ အဖေ မသေခင် အဖေတို့ ရစရာရှိတဲ့ကြွေးတွေ ပြောခဲ့ မယ်။ သေသေချာချာမှတ်ပြီး တောင်းယူကြပေတော့”

သားသမီးများ ။ ။ (စာရွက်ကိုယ်စီ၊ ဘောလ်ပင်ကိုယ်စီဖြင့်) “ဟုတ်ကဲ့ . . ပြောပါအဖေ”

ထိုရောအခါ ဖခင်လည်း ၎င်းထံမှ အကြွေးယူထားသူတို့၏ စာရင်းများကို နှုတ်တိုက် ရွတ်ဆိုပြလေ၏။

သားသမီးများ ။ ။ “ရစရာတွေက နည်းမှ မနည်းပါကလား အဖေ။ ဒါထက် သားတို့က ပေးစရာရှိတဲ့ အကြွေး တွေကော . .”

ဖခင် ။ ။ “သည့်အတွက်တော့ မပူပါနဲ့ကွယ်။ သူတို့လည်း အဖေ့လို နောက်ဆုံးအချိန်ရောက်ရင် သူတို့ သားသမီးတွေကို စာရင်းလုပ်ပြီး အတောင်းခိုင်း ကြပါလိမ့်မယ်”

●●●





## နောင်တရစေတဲ့ အမှား

ရှေ့နေသူငယ်ချင်းနှစ်ဦး မမျှော်လင့်ဘဲ ပြန်ဆုံမိကြ၏။ သည့် အတွက် ဝမ်းသာအားရဖြင့် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ကာ စားသောက်ကြရင်း ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုခဲ့ကြလေသည်။

ပ-ရှေ့နေ ။ ။ “သူငယ်ချင်းရေ . . မင်းရဲ့ရှေ့နေဘဝမှာ အကြီးအကျယ် နောင်တရစေတဲ့ အမှားတစ်ခုကို ကျူးလွန်ခဲ့တာများ ရှိခဲ့သလား”

ဒု-ရှေ့နေ ။ ။ “(အတန်ငယ် စဉ်းစားရင်း) ဟင့်အင်း . . အပရိက လောက် မှားတာတော့ ရှိတယ်။ သူငယ်ချင်း ပြောသလိုမျိုး အကြီးအကျယ် နောင်တရစေတဲ့ အမှား တော့ မကျူးလွန်ခဲ့မိဘူး။ သူငယ်ချင်းကော ကျူးလွန် မိခဲ့သလား”

ပ-ရှေ့နေ ။ ။ “ကျူးလွန်ခဲ့လို့ စကားကြောင်းနေတာပေါ့ကွ”

ဒု-ရှေ့နေ ။ ။ “လုပ်စမ်းပါဦး . . ဘယ်လိုအမှားမျိုးပါလိမ့်”

ပ-ရှေ့နေ ။ ။ “သိန်းထောင်ချီတဲ့ တရားမမှုကို ရုံးချိန်း (၃) ကြိမ် တည်းနဲ့ ပွဲသိမ်းအောင် လုပ်ခဲ့မိလို့”

●●●

www.burmeseclassic.com

## ရှင်ပြောပုံအရဆိုရင်

လင်မယားနှစ်ယောက် အိပ်ရာထဲသို့ ဝင်ကြပြီဖြစ်သည်။ အတန်ကြာသောအခါ မီးဖိုချောင်ဘက်မှ အိုးခွက်သံအချို့ ကြားရသည်။

မိန်းမ ။ ။ "ကိုတင် . . ကိုတင်၊ ထစမ်းပါဦးတော်။ မီးဖိုချောင်ထဲ အသံတွေ ကြားရတယ်။ သူခိုးဝင်နေပြီနဲ့ တူတယ်"

ကိုတင် ။ ။ (အိပ်ချင်မူးတူးဖြင့်) "ဘယ်ကလာ ဝင်ရမှာလဲကွ။ သူခိုးဆိုတာ အင်မတန် ခြေသံလုံတာ။ ဘယ်တော့မှ အသံထွက်အောင် မလုပ်ဘူး"

သို့ဖြင့် အသံတွေ အားလုံး တိတ်ဆိတ်သွားလေတော့သည်။ မီးဖိုချောင်မှ မည်သည့်အသံမျှ ပေါ်ထွက်မလာတော့။ ထိုအခါ မိန်းမဖြစ်သူ တစ်စခန်း ထလာသည်။

မိန်းမ ။ ။ "ကိုတင် . . ကိုတင် ဘာသံမှ မကြားရတော့ဘူး။ ထ . . ထ။။ ရှင်ပြောပုံအရဆိုရင် သူခိုးဝင်နေတာ သေချာပြီ"

●●●





## ကျားတို့၏ မာယာ

ပ-လူ ။ ။ "သူငယ်ချင်း . . မင်းရဲ့ဘော့စ် ဆေးရုံတက်တာ တစ်လလောက်ကြာမယ်ဆိုပြီး တစ်ပတ်လောက်နဲ့ ပြန်ဆင်းသွားတယ်ဆို"

ဒု-လူ ။ ။ "ဟုတ်တယ် သူငယ်ချင်း"

ပ-လူ ။ ။ "ဘယ်လိုဖြစ်ရတာတဲ့လဲ။ ရောဂါပျောက်သွားလို့ လား"

ဒု-လူ ။ ။ "ပြောရမယ်ဆိုရင် ဒီလိုကွ။ ငါ့ရဲ့ဘော့စ် ဆေးရုံ တက်စမှာ သူ့ခုတင် တာဝန်ကျတဲ့ နာ့စ်မလေးက အပျိုလေးကွ။ တော်တော်လေးလည်း ချောတယ်။ အဲဒါကြောင့် ဘော့စ်လည်း အနည်းဆုံး တစ်လလောက် ဆေးရုံတက်မယ် ဖြစ်လာတယ်။ အဲ. တစ်ပတ်လောက်မှာပဲ အဲသည့် နာ့စ်မလေးက ရာထူးတက်ပြီး ပြည်နယ်တစ်ခုကို ပြောင်းသွားရတယ်။ သူ့နေရာမှာ တာဝန်ကျတဲ့ နာ့စ်မကြီးက အအိုကြီး။ ရုပ်ကလည်း ခပ်ဆိုးဆိုးဆိုတော့ . ."

ပ-လူ ။ ။ "အိုး . . ဟိုး၊ ဒါကြောင့်ကိုး"

●●●



www.burmeseclassic.com

www.burmeseclassic.com

## ပမ်မှတ်တည့်လျှက် လွဲခဲ့သည်

မောင်ဖြိုးထိန်သည် အိမ်ထောင်ရေး တက်ကျမ်းတစ်ခုကို ဖတ်ရှုရာမှ အချက်တစ်ချက်ကို သဘောကျသွားလေ၏။

*"အိမ်ထောင်ရေးသာယာစေလိုပါက ခင်ပွန်းဖြစ် သူအနေဖြင့် မိန်းမဖြစ်သူအား ချီးကျူးပေးဖို့လို၏။ မိန်းမဆိုသည် အမြောက်ကြိုက်တတ်သော သတ္တဝါဖြစ်သည်။"*

အဆိုပါ အချက်ကို မှတ်သား၍ အိမ်ရောက်သောအခါ မိန်းမဖြစ်သူအား ထမင်းပွဲပြင်စေပြီး အားပါးတရ မြိန်ရည်ယှက်ရည် စားသောက်ခဲ့လေသည်။ ပြီးလျှင် . . .

ဖြိုးထိန် ။ ။ "အားပါး . . ငါ့မိန်းမရဲ့ လက်ရာ တခြားနေ့တွေနဲ့ ဘာဆိုဘာမှ မဆိုင်ဘူး။ အခု စားသောက်ရတဲ့ ဟင်းလက်ရာဟာ တကယ့်ကို ရှယ်မှရှယ်ပါ ပဲလားကွာ။ ငါ့မိန်းမ တော်သပေ့။ (သည်သို့ ချီးမွမ်းကာမှ မိန်းမဖြစ်သူမှာ ရှုံ့ကြီး တငင် ငိုပါလေတော့သည်။)

ဖြိုးထိန် ။ ။ "ဟေ့ . . ဟေ့ ဘာဖြစ်လို့ ငိုရတာတဲ့လဲ။ မင်းကို အပြစ်တင်နေတာ မဟုတ်ဘူးလေ။ ချီးမွမ်းနေတဲ့ဥစ္စာ"

မိန်းမ ။ ။ "ဒါ . . ဒါ . . ရှင် . . ကျွန်မကို တမင်သက်သက်ရွဲ့နေတာ။ ဘယ့်နှယ် ခါတိုင်းချက်တဲ့ လက်ရာတွေကို မချီးမွမ်းဘဲ ခုကျမှ ချီးမွမ်းနေတာ ရှင်ရွဲ့တာပဲ"

ဖြိုးထိန် ။ ။ "ဟ . . သည်ကနေ့ဟင်းတွေက တကယ်စားကောင်းလို့ ချီးမွမ်းတဲ့ဥစ္စာ"

မိန်းမ ။ ။ "ကောင်းဆို . . အဲဒီဟင်းတွေအားလုံး ဆိုင်က ဝယ်ထားတာတွေချည်းပဲရှင့်"

ဖြိုးထိန် ။ ။ "ငါ . . နော်"

●●●





## ဂီတာရသ

အလုပ်မှ ပြန်လာသော အရာရှိကြီးသည် အိမ်ဖော်မလေး မယ်ခင်အား ခေါ်လိုက်၏။

အရာရှိ ။ ။ "ဟေ့ . . မယ်ခင်၊ အပေါ်မှာ ဆူဆူညံညံနဲ့။ နင့်အန်တီကြီး ဘာလုပ်နေတာလဲ"

မယ်ခင် ။ ။ "အန်တီကြီးလား။ ဖိုးသားလေးကို ပုခက်ထဲထည့်ပြီး သီချင်းဆို သိပ်နေတာလေ"

အရာရှိ ။ ။ "ဖိုးသားက မအိပ်သေးဘူးလား"

မယ်ခင် ။ ။ "မအိပ်သေးဘူးရှင့်။ အန်တီကြီးက ဖိုးသားလေး မအိပ်မချင်း သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ်ဆို သိပ်နေကျ"

အရာရှိ ။ ။ "တော်တော် နားဒုက္ခခံတဲ့ ဖိုးသားလေးပဲ။ ငါသာဆို နင့်အန်တီကြီး သီချင်းတစ်ပုဒ် စပြီဆိုတာနဲ့ တစ်ချိုးတည်းကို အိပ်ပစ်လိုက်မှာ"

●●●

www.burmeseclassic.com

## ဘယ်သူ့ပို၍သာ

ကျောင်းများ စဖွင့်သောနေ့တွင် ဖြစ်၏။

သူငယ်တန်း ကျောင်းသားသစ်ကလေးသည် အတန်းထဲ၌ တအီးအီးငို၍ နေလေ၏။ ထိုမြင်ကွင်းကို လှည့်လည်စစ်ဆေးနေသော ကျောင်းအုပ်ဆရာကြီး တွေ့မြင်သွားသဖြင့် ကလေးငယ်အား သွားရောက်ချော့မြှူနှစ်သိမ့်လေသည်။

ဆရာကြီး ။ ။ "ဘာဖြစ်လို့ ငိုနေရတာလဲ ကလေးရဲ့"

ကလေး ။ ။ "ကျောင်းမတက်ချင်ဘူး။ အိမ်ပြန်ချင်တယ်။ ကျောင်းမှာ မပျော်ဘူး။ အိမ်မှာပဲ ပျော်တယ်။ ပြန်မယ် . . ပြန်မယ် . . အီးဟီးဟီး"

ဆရာ ။ ။ "တိတ်ပါကွယ်။ အစမို့ပါ။ နောက်တော့ ပျော်သွားမှာပါ"

ကလေး ။ ။ "ဟင့်အင်း . . ဟင့်အင်း ပြန်မှာပဲ။ ဒီကျောင်းမှာ သားက ဘယ်လောက်တောင် နေရမှာလဲ"

ဆရာကြီး ။ ။ "လေးတန်းအောင်ပြီးတဲ့အထိဆိုတော့ အနည်းဆုံး (၅)နှစ်တော့ နေရမှာပဲ"

ကလေး ။ ။ "အယ် . . (၅)နှစ်ကြီးတောင် ဟုတ်လား။ သေပါပြီ"

ဆရာကြီး ။ ။ "သားနေရမှာက (၅)နှစ်လောက်ပါပဲ။ ဆရာ ကြီးဆိုရင် ဒီကျောင်းမှာ နေလာတာ အသက် (၆၀) ရှိနေပါပြီကွယ်"

●●●





## ဒါလည်း ဟုတ်ပေသား

ကုမ္ပဏီတစ်ခုမှ လစ်လပ်သောနေရာများအတွက် ဝန်ထမ်းများကို ခေါ်၏။ ၎င်း၌ 'အိမ်ထောင်ရှင်အမျိုးသားများသာ ဖြစ်ရမည်'ဆိုသော စည်းကမ်းချက်တစ်ခု ပါဝင်၏။ သည့်အတွက် မိတ်ဆွေတစ်ယောက်က ကုမ္ပဏီသူဌေးအား ထိုကိစ္စအတွက် မေးမြန်းလေ၏။

မိတ်ဆွေ ။ ။ "ခင်ဗျားရဲ့ စည်းကမ်းချက်က အဆန်းပါပဲလား။ အိမ်ထောင်ရှိတဲ့ အမျိုးသားကိုသာ ဝန်ထမ်းခန့်မယ်ဆိုတော့ . . ."

သူဌေး ။ ။ "မအံ့သြနဲ့ဗျို့။ ကျုပ်ရဲ့အကျင့်ကြောင့် သည်စည်းကမ်းချက်ကို မဖြစ်မနေ ထည့်ထားရတာ။ ကျုပ်က အလုပ်မှာ ဘဝင်မကျတာတွေ့ရင် အော်တတ်တယ်လေ။ အိမ်ထောင်ရှင်အမျိုးသားဆိုတာ သူတို့မိန်းမတွေရဲ့ အော်သံကြောင့် ရိုးနေပြီ။ ကျုပ်ကိုလည်း စိတ်ဆိုးမှာ မဟုတ်ဘူး။ ကျင့်သားမရသေးတဲ့ လူပျိုလူလွတ်ခန့်မိရင် ကျုပ်အလုပ် လူမမြဲမှာ စိုးလို့ပါ"

●●●



www.burmeseclassic.com

www.burmeseclassic.com


## ငှားမရလို့ပါ

ဧည့်သည်တစ်ယောက်သည် တစ်နေ့၌ မိတ်ဆွေဖြစ်သူထံသို့ အလည်အပတ် ရောက်ရှိသွားလေ၏။ မိတ်ဆွေ၏အခန်း၌ ဧရာမ များပြားလှစွာသော စာအုပ်ပုံကြီးကို တွေ့ရသဖြင့် အံ့အားသင့်သွားရလေ၏။

ဧည့်သည် ။ ။ "ဟား . . စာအုပ်တွေက နည်းနည်းနောနော မဟုတ်ပါလား။ ခင်ဗျားဟာ တကယ့်စာပေ မြတ်နိုးသူမှန်း ခုမှပဲ လက်တွေ့မျက်တွေ့ သိရတော့တယ်ဗျာ။ ခင်ဗျား . . ကိုယ်ပိုင်စာကြည့်တိုက် ထောင်လို့ရလောက်ပြီ"

မိတ်ဆွေ ။ ။ "သေချာတာပေါ့"

ဧည့်သည် ။ ။ "ဒါဖြင့်လည်း စာအုပ်စင်ကလေး ဘာလေး လုပ်တော့လေ"

မိတ်ဆွေ ။ ။ "စာအုပ်တွေသာ ငှားလို့ရတာ စာအုပ်စင်က ငှားလို့မရဘူး ခင်ဗျ"

●●●

## တစ်စိတ် နှစ်ကိုယ်

သားဖွားခန်း တစ်ခုတွင် ဖြစ်၏။

လူစိမ်း ။ ။ "အယ် . . . ကလေးနှစ်ယောက်က ရှယ်တူကလေးတွေ။ ချစ်စရာလည်း တကယ် ကောင်း။ ပြီးတော့ . . တစ်ယောက်နဲ့ တစ်ယောက်ကလည်း ချွတ်စွပ်မှ ချွတ်စွပ်။ တကယ်တူတယ်ဗျာ။ ကေန္တ အမွှာ အမွှာကလေးတွေထင်တယ်"

ကာယကံရှင် ။ ။ "မဟုတ်ရပါဘူးဗျ။ အဲသည်ကလေးနှစ်ယောက်ရဲ့ ဖခင်ဟာ ကျွန်တော်ပါပဲ"

လူစိမ်း ။ ။ "အံ့သြစရာပဲနော်။ အမွှာမဟုတ်ဘူးဆိုတာ။ အမွှာသာမဟုတ်တာ ကလေးနှစ်ယောက်ကတော့ ခွဲမရအောင်ကို တူတယ်"

ကာယကံရှင် ။ ။ "တူဆို အဲဒီကလေးတစ်ယောက်စီရဲ့ အမေတွေဟာ ကျွန်တော့်မိန်းမတွေလေ။ ကျွန်တော့်မိန်းမနှစ်ယောက်ဟာ အမွှာညီအစ်မတွေဗျ"

●●●



www.burmeseclassic.com

www.burmeseclassic.com

## အမြဲတမ်းကာလကျွမ်း

ကုမ္ပဏီတစ်ခု၌ လစ်လပ်သော နေရာတစ်နေရာအတွက် လူရွယ်တစ်ယောက် အလုပ်လာရောက်လျှောက်ထားလေ၏။

လူကြီး ။ ။ “စာတွေ့စစ်ဆေးတဲ့အပိုင်းရော၊ လူတွေ့စစ်ဆေးခဲ့တဲ့ အပိုင်းပါ မောင်ရင့်ကို သဘောကျတယ်။ သည်တော့ မောင်ရင့်ကို သုံးလတိတိ အစမ်းခန့်မယ်။ အစမ်းခန့် ကာလမှာ လစာအနေနဲ့ တစ်လကို နှစ်သောင်းပေးမယ်။ သုံးလပြည့်လို့ လေးလမြောက် အမြဲတမ်းခန့်ကာလမှာ တော့ လစာက တစ်လကို လေးသောင်း။ ကိုင်း . . ဟုတ်ပလား”

လူရွယ် ။ ။ “ဒါဆိုရင် ကျွန်တော် တစ်ခုလောက် တောင်းဆိုပါရစေ”

လူကြီး ။ ။ “ဆိုပါဗျာ . . ဆိုပါ”

လူရွယ် ။ ။ “ကျွန်တော် အမြဲတမ်းခန့်ကာလရောက်မှ အလုပ်ဝင်ပါရစေခင်ဗျာ”

လူကြီး ။ ။ “အယ် . .”

●●●





## ကလေးအတွေး(၂)

ကျန်းမာကြံ့ခိုင်လိုသော ကလေးငယ်နှင့် ရေကူးကျွမ်း ကျင်လိုသော ကလေးငယ်တစ်ဦးတို့ စကားပြောဆိုနေကြသည်။

ပ-ကလေး ။ ။ “ငါ့ရဲ့ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်ဖို့အတွက် ဖမေမေတို့က ငါ့ကို ဆေးခန်းခေါ်သွားတယ်။ ဆရာဝန်က ငါ့ကို အမဲသားစားရမယ်တဲ့။ အဲဒါကြောင့် အမေတို့က အမြဲတမ်း အမဲသား ဟင်းချက်ချက်ကျွေးတယ်။ ကိုင်း . . ကြည့်စမ်း၊ အမဲသားရဲ့ အာနိသင်ကြောင့် ငါဟာ နွားပေါက်တစ်ကောင်လို ကျန်းမာကြံ့ခိုင်လာပြီ”

ဒု-ကလေး ။ ။ “ဟုတ်လိုက်လေကွာ။ ဒါဆို ငါလည်း ရေကူးကျွမ်းကျင်အောင် အမေတို့ကို နေ့တိုင်း ငါးဟင်းချက်ကျွေးပါလို့ ဒီကပြန်ရင် ပူဆာရမယ်ဟေ့”

●●●


www.burmeseclassic.com

www.burmeseclassic.com



## စားမရခြင်း အကြောင်းရင်း

စားသောက်ဆိုင်တစ်ဆိုင်တွင် ဖြစ်သည်။ လူတစ်ယောက် စားသောက်ဆိုင်တွင်းသို့ဝင်ကာ ခေါက်ဆွဲကြော်မှာ၏။ မကြာခင်မှာပင် ထိုလူ၏ စားပွဲပေါ်သို့ ခေါက်ဆွဲကြော် ပန်းကန်ရောက်လာသည်။

ထိုလူ ။ ။ "ဟော့ . . မင်းတို့ခေါက်ဆွဲကြော် လုံးဝ စားလို့မရဘူးကွ"

ထိုသို့ အော်ဟစ်ပြောလေသော် ကောင်တာတွင် ထိုင်ယော ဆိုင်ရှင်သည် ထိုသူ့အပါးသို့ ရောက်လာ၏။

ဆိုင်ရှင်။ ။ "ဘာဖြစ်လို့ စားမရတာလဲ ဆရာကြီး။ ကျွန်တော်တို့ဆိုင်က ခေါက်ဆွဲကြော်ဟာ တကယ့်ကို နာမည်ကြီးပါတယ်။ အသားတွေဆိုလည်း ဘယ်တော့မှ မခိုဘူး။ တကယ့်ကို ပေါပေါလောလော ထည့်ပေးတာချည်းပါပဲ။ အပေါ့အငန်လိုလို့များ စားမရတာလား"

ထိုလူ ။ ။ "ဘယ်ကလာဗျာ။ ခေါက်ဆွဲကြော်စားဖို့ရာ ဇွန်းနဲ့ခက်ရင်း လာမပေးလို့ဗျ"

ဆိုင်ရှင်။ ။ "အယ် . ."

● ● ●





## အားလုံးစိတ်ချမ်းသာရမည်

ဖခင် ။ ။ "သမီးရေ . . မနေ့ညနေက သမီးရဲ့ကောင်လေး ဖေဖေ့ဆီ ရောက်လာပြီး နားနဲ့မနား ဖဝါးနဲ့နှာဖို့လာပြောတယ်။ ကောင်လေးကို အဖေ သဘောကျတာမို့ သဘောတူသဟော့။ ကိုင်း . . သမီးရဲ့ ဆန္ဒကရော"

သမီး ။ ။ "သမီးလည်း သဘောကျတာမှန်ပါတယ်။ ဒါပေမဲ့ သမီးလေ မေမေနဲ့ မခွဲနိုင်ဘူး ဖေဖေ"

ဖခင် ။ ။ "မပူနဲ့။ အားလုံးစိတ်ချမ်းသာရအောင် ဖေဖေ စီစဉ်ထားပြီးသား။ သမီး . . သမီးကောင်လေးနောက် လိုက်တဲ့အခါ သမီးရဲ့ မေမေကိုပါ တစ်ပါတည်း ထည့်ပေးလိုက်မယ်"

သမီး ။ ။ "ရှင် . ."

● ● ●



www.burmeseclassic.com

www.burmeseclassic.com


## စိုးရိမ်လို့ပါ

ရှေးဟောင်းယဉ်ကျေးမှု ထွန်းကားရာ ပုဂံနယ်မြေတွင် ဖြစ်သည်။ မော်တော်ကားတစ်စီးသည် ရှေးဟောင်းစေတီအို တစ်ဆူနားသို့ အရောက်တွင် ရပ်လိုက်၏။ ပြီးနောက် အမျိုးသမီးတစ်ဦးနှင့် ဓာတ်ပုံဆရာတစ်ဦးတို့ ဆင်းလာလေ၏။

အမျိုးသမီး ။ ။ (စေတီအိုနံဘေးရှိ ရှေးဟောင်းအုတ်ကျိုး ပုံကြီးကို လက်ညှိုးညွှန်လျက်)
"ဟောသည် အုတ်ပုံရှေ့မှာ အမှတ်တရ ဓာတ်ပုံ တစ်ပုံ ရိုက်ပေးပါ"

ဓာတ်ပုံဆရာ ။ ။ "ရပါတယ်။ ကိုင်း . . နေရာယူလိုက်ပါ"

အမျိုးသမီး ။ ။ "ခဏနေဦး၊ ခဏနေဦး။ ဓာတ်ပုံရိုက်တဲ့အခါ မော်တော်ကားပုံ မပါစေနဲ့နော်"

ဓာတ်ပုံဆရာ ။ ။ "ဘာဖြစ်လို့လဲဗျာ"

အမျိုးသမီး ။ ။ "ကျွန်မအမျိုးသား အဲဒီဓာတ်ပုံတွေ့သွားရင် အဲသည်အုတ်ပုံကြီးဟာ ကျွန်မမောင်းတဲ့ကားနဲ့ ဝင်တိုက်သွားတာလို့ ထင်မှာစိုး လို့ပါ"

• • •

## မကြောက်တဲ့ပုဂ္ဂိုလ်

ငွေကြေးဥစ္စာကြွယ်ဝသော သူဌေးတစ်ဦးသည် မိန်းမ မကြောက်သော ယောကျ်ားကို ရှာဖွေသူဌေးသနပြုရန်အတွက် အဖိုးတန် မြင်းတစ်ကောင်ကိုဆွဲလျက် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ခဲ့လေ၏။

ရောက်လေရာ နေရာတိုင်း၌ မိန်းမကိုကြောက်ရသော ယောကျ်ားတွေချည်းသာ ကြုံရဆုံရသဖြင့် စိတ်ပျက်သလိုလိုပင် ဖြစ်လာခဲ့လေ၏။ သို့သော်လည်း မထင်မှတ်သော အရပ်ဒေသတစ်ခုသို့ အရောက်၌ 'မိန်းမကို လုံးဝမကြောက်'ဟု အာမခံသူတစ်ယောက်နှင့် တွေ့ဆုံလိုက်ရပြီး သဘောကျသွားသဖြင့် ငင်းဆွဲလာသောမြင်းအား မိန်းမ,မကြောက်သောပုဂ္ဂိုလ်ကို လက်ဆောင်အဖြစ် ပေးအပ်လိုက်လေသည်။ ထို့နောက် မိမိနေရပ်သို့ ပြန်လည်ထွက်ခွာလာခဲ့လေ၏။

ထိုသို့ထွက်ခွာပြီး မကြာခင်မှာပင် အနောက်ဘက်ဆီမှ မြင်းခွာသံ တဖြောင်းဖြောင်းကြားလိုက်ရလေရာ လှည့်ကြည့်သောအခါ၌ ငင်းပေးလိုက်သော မြင်းကိုစီးလာသည့် မိန်းမ,မကြောက်သော ပုဂ္ဂိုလ် ဖြစ်နေလေ၏

သူဌေး ။ ။ "မောကြီးပန်းကြီးနဲ့ ဘယ်လိုဖြစ်ရတာလဲဗျာ"

ပုဂ္ဂိုလ် ။ ။ "ဟို . . ဟို . . အိမ်က မိန်းမက မြင်းကို မလိုချင်ဘူး။ ပိုက်ဆံသာတောင်းယူလာခဲ့ဆိုလို့ အမီလိုက်လာခဲ့တာပါ။ ကိုင်း . . လုပ်ပါဗျာ"

သူဌေး ။ ။ "ငါနော် . ."

• • •

www.burmeseclassic.com

## သမက်နှင့် ယောက္ခမ

ကိုက်တတ်သည့်ခွေးများ မွေးထားသည့် အိမ်တစ်အိမ်သို့ လူစိမ်းတစ်ဦးသည် ကျတ်ကျတ်အိတ်အနက်တစ်လုံးဆွဲ၍ ရောက်လာခဲ့လေ၏။

အိမ်ရှင် ။ ။ "ဘာကိစ္စရှိလို့လဲ နောင်ကြီး"

လူစိမ်း ။ ။ "သည်မနက်တုန်းက သည်အိမ်ရှေ့ကဖြတ်ပြီး လမ်းလျှောက်သွားတဲ့ ကျုပ်ယောက္ခထီးကြီးကို သည်အိမ်ကခွေးက ကိုက်လွှတ်လိုက်တယ်ဆိုလို့"

အိမ်ရှင် ။ ။ (ပျာပျာသလဲ ဖြစ်သွားကာ) "ဟုတ်ပါတယ်ဗျာ။ ဟုတ်ပါတယ်။ ခြံထဲ လှောင်ထားရာကနေ ရုတ်တရက် လွတ်သွားလို့ပါ။ တောင်းပန်ပါတယ်။ အနာပျောက်ကင်းတဲ့အထိ ဆေးဝါးကုသဖို့ တာဝန်ယူပါ့မယ်"

လူစိမ်း ။ ။ "ဘာမှ လုပ်စရာမလိုပါဘူး။ ကျုပ် အဲသည်ခွေးကို တွေ့ချင်တယ်"

အိမ်ရှင် ။ ။ "တောင်းပန်ပါတယ် နောင်ကြီးရယ်။ ကျုပ်ရဲ့ ခွေးကို ဘာမှ မလုပ်ပါနဲ့"

လူစိမ်း ။ ။ "ဘာမှ မလုပ်ပါဘူးဗျာ။ အဲသည်ခွေးစားဖို့ရာ အမဲရိုးတွေ ဝယ်လာလို့ပါ"

● ● ●





## သေချာတဲ့ အာမခံ

အာမခံကုမ္ပဏီတစ်ခုမှ ကိုယ်စားလှယ်တစ်ဦး ရောက်လာ၏။ ၎င်းတို့၏ ကုမ္ပဏီမှ ဖွင့်လှစ်ထားသော အာမခံကိစ္စရပ်များအား ရှင်းလင်းပြောဆို၍ အာမခံထားဖို့အရေး စည်းရုံးပြောဆိုရာ တစ်ဖက်လူခမျာ စိတ်ပါဝင်စားရှိလာ၏။

အာမခံ ။ ။ "သည်တော့ကာ . . . ခင်ဗျားအနေနဲ့ 'အသက် အာမခံ' ထားဖို့ သဘောတူပြီ ဆိုပါတော့"

လူ ။ ။ "အသက်အာမခံတော့ မထားချင်ပါဘူးဗျာ။ 'မီး အာမခံ'ပဲ ထားတော့မယ် ဆုံးဖြတ်တယ်"

အာမခံ ။ ။ "ဘာဖြစ်လို့လဲဗျ"

လူ ။ ။ "ဘာဖြစ်ရမှာတဲ့လဲ။ ကျုပ်မိန်းမက မီးဖိုချောင် ဝင်တိုင်း ခဏခဏ မီးပေါ်ဆမှု ဖြစ်တတ်လွန်းလို့ပါ"

● ● ●

စိန်နိုးယံစာပေ

www.burmeseclassic.com

www.burmeseclassic.com

## မြေးငယ် ပညာရှိ

မြေးအဘိုးနှစ်ယောက် ဧည့်ခန်းတွင်ထိုင်လျက် လက်ဖက်ရည်သောက်နေကြသည်။

မြေး ။ ။ "မျက်နှာလည်း မကောင်းပါလား အဘိုး။ ညက အိပ်လို့မှ ပျော်ရဲ့လား"

အဘိုး ။ ။ "အိပ်မက် မကောင်းလို့ အိပ်မပျော်ပါဘူး မြေးရယ်"

မြေး ။ ။ "အိပ်မက်က ဘာတွေမက်လို့ မကောင်းတာလဲ အဘိုး"

အဘိုး ။ ။ "မကောင်းဆို အဘိုးရဲ့ခြေထောက် ပုလင်းကွဲရှတယ်လို့ အိပ်မက် မက်တာကွယ့်"

မြေး ။ ။ "ဟာ . . ဒါဆို ဘာမှ စိတ်မကောင်းမဖြစ်နဲ့တော့။ သည်ကနေ့ကစပြီး အိပ်ရာဝင်တော့မယ်ဆိုရင် . ."

အဘိုး ။ ။ "ဟုတ်ပြီဗျား . . ကဲ . . ပြောပါဦး"

မြေး ။ ။ "ဖိနပ်စီးပြီး အိပ်ရာဝင်ပေရော့ . . ဟုတ်ပလား"

●●●





## တကယ်တော်တဲ့ အိမ်ဖော်

အိမ်ရှင် ။ ။ "အမယ် . . ကျားသားမိုးကြိုး။ ခါတိုင်း နေထွက်မှ အိပ်ရာကထတဲ့ ညည်း။ ခုကျတော့ လည်း အိပ်ရာက အစောကြီး ထလို့ပါလား"

အိမ်ဖော် ။ ။ "နောက်လည်း အစောကြီး ထတော့မှာပါ အန်တီ"

အိမ်ရှင် ။ ။ "အယ် . . တယ်ဟုတ်ပါလား။ ဘယ်လိုများ စိတ်ဓာတ်တွေ ပြောင်းလဲသွားရတာပါလိမ့်"

အိမ်ဖော် ။ ။ "ဩော် . . အန်တီ မသိသေးဘဲကိုး။ သည်ကနေ့ သတင်းစာလာပို့တဲ့သူက ခါတိုင်း ဦးလေးကြီးမဟုတ်ဘူး။ သူ့သား . . .၊ ကျွန်မနဲ့ သက်တူရွယ်တူလေ"

အိမ်ရှင် ။ ။ "ငါ . . နော်"

●●●

www.burmeseclassic.com

www.burmeseclassic.com

## ဘိလပ်မြေရဲ့ ဇာစဝင်

သားဖြစ်သူအား ထူးချွန်ထက်မြက်စေလိုသော ဖခင်သည် အမြဲတစေ ပညာပေးသည့်အလုပ်ကို လုပ်လေ့ရှိ၏။ တစ်နေ့ တိုက်ဆောက်ရန်အတွက် ဘိလပ်မြေ၊ သဲ၊ ထုံးတို့နှင့် မဆလာ ဖျော်လျက်ရှိသော နေရာသို့အရောက် . . .

ဖခင် ။ ။ "သားရေ . . အဖေတို့ ရန်ကုန်မှာ အခြေချနေတာ မှန်ပေမဲ့ တကယ်တော့ အဖေတို့ဇာတိက ရန်ကုန် မဟုတ်ဘူး။ ကြံခင်းဇာတိကွယ့်။ ကြံခင်းဇာတိ"

သား ။ ။ "ကြံခင်းဆိုတာ ဘယ်ကလဲ ဖေဖေ"

ဖခင် ။ ။ (ပညာဗဟုသုတပေးရန် အကွက်ဆိုက်လာသည့် အတွက်) "သား . . ဟိုမှာကြည့်စမ်း။ တွေ့တယ် မဟုတ်လား။ ဘိလပ်မြေအိတ်တွေ"

သား ။ ။ "တွေ့တယ် ဖေဖေ"

ဖခင် ။ ။ "အေး . . အဲဒီ ဘိလပ်မြေတွေ ဘယ်ကထွက်တယ် ထင်သလဲ"

သား ။ ။ "အိမ်ဆောက်ပစ္စည်းဆိုင်က ထွက်တာပေါ့ ဖေဖေရဲ့"

●●●





## အံ့ဩ ကုန်နိုင်ဘွယ်

ကျန်းမာရေးသုတေသန အဖွဲ့တစ်ဖွဲ့သည် တောတန်း ကလေးတစ်ခုကို ဖြတ်သန်းသွားလာရင်း တောင်ယာတဲကလေး တစ်ခုအရောက် ခေတ္တဝင်ရောက် နားခိုကြလေသည်။ တဲပိုင်ရှင်အဘိုးအိုကား နီးဖြာလျက်ရှိ၏။

အဖွဲ့ ။ ။ "အဘိုး . . အသက် ဘယ်လောက်ရှိပြီလဲဟင်"

အဘိုး။ ။ (နီးဖြာနေရာမှ) "အင်း . . (၈၀)ကျော်သွားပြီကွယ်"

အဖွဲ့ ။ ။ "ဟာ . . အသက်(၈၀)ကျော်သာ ဆိုတယ်။ တကယ့်ကို နုနယ်ပျိုမျစ်တုန်းပါပဲလား။ သည်အရွယ်အထိ နုပျိုလန်းဆန်းနေတာ ဘာတွေများ မှီဝဲလို့လဲဟင်"

အဘိုး။ ။ "တစ်နေ့ကို ပျားရည်နှစ်ဇွန်းသောက်တယ်။ မြင်းခွာရွက်ကို အမြဲစားတယ်"

အဖွဲ့ ။ ။ "ြသော် . . ဒါကြောင့် အသက်ရှည်တာကိုး။ ဒါထက် အဘိုးရဲ့အဖေကကော ဘယ်အရွယ်မှာ ဆုံးတာလဲဟင်။ အဘိုးလိုပဲ အသက်ရှည်ခဲ့မယ်ထင်တယ်"

အဘိုး။ ။ "ဟာ . . ဘယ်ကလာ ငါ့အဖေက ဆုံးရမှာတဲ့လဲ။ အသက်ရှင်လျက် ကျန်းကျန်းမာမာကြီးပါကွယ့်"

အဖွဲ့ ။ ။ "အံ့ဩစရာကောင်းလိုက်တာ။ ဒါဖြင့် အဘိုးရဲ့ အဖေကို တွေ့ပါရစေနော်"

အဘိုး။ ။ "တွေ့ရပါတယ်။ ဒါပေမဲ့ အခုမရှိဘူး။ ညနေမှ ပြန်ရောက်မှာ။ အဖေက သူ့အဘိုးရှိတဲ့ရွာကို ဆန်တစ်တင်း သွားပို့နေတယ်"

●●●


www.burmeseclassic.com

www.burmeseclassic.com

## အိမ်ငှားဆိုတာ ဒါပဲကွယ်

တစ်ညသ၌ မိုးဦးလေဦးဖြစ်သဖြင့် မိုးသက်လေပြင်းများ တဝူးဝူး တဝေါဝေါ တိုက်ခတ်လေ၏။ မိုးသက်လေပြင်းများကြောင့် သစ်ပင်အချို့ ကျိုးပြတ်ကြကုန်၏။ အမြစ်ကျွတ်ထွက်ကာ လဲကျကြကုန်၏။ ထိုအချိန်၌ လေပြင်းဒဏ်ခံနေကြရရှာသော လင်မယားနှစ်ဦးသည် လုံးချင်းအိမ်ကလေး၌ စကားပြောဆိုနေကြ၏။

မိန်းမ ။ ။ "ကိုင်း . . ယောကျ်ားရေ။ ဘယ်လိုလုပ်ကြမလဲ။ ကျွန်မတော့ ကြောက်လာပြီ။ ဟော . . ဟော သိမ့်ခနဲ၊ သိမ့်ခနဲနဲ့။ သည့်ပုံအတိုင်းဆိုရင် ကျွန်မတို့အိမ်ကလေး ပြိုကျသွားမှာ သေချာတယ်"

ယောကျ်ား ။ ။ "ပြိုကျလည်း ဘာပူစရာလိုမှာလဲကွာ။ ဘို့က ဒီအိမ်ကို ငှားပြီးနေကြတဲ့ အိမ်ငှားတွေပဲ ဥစ္စာ"

● ● ●





## ဘယ် . . . မှူးလို့လဲ

မရချိန်လွန်လာပြီဖြစ်သော အရက်သမားနှစ်ဦးအား ဆိုင်ရှင်က ဆိုင်ပိတ်ပြီဖြစ်ကြောင်းပြောဆို၍ နှင်လွှတ်လိုက်လေ၏။

ပ-လူ ။ ။ "လူတွေများ တော်တော်ခက်သကွာ။ တို့တတွေ မမူးသေးဘဲနဲ့ မူးတယ် ထင်နေကြတယ်"

ဒု-လူ ။ ။ "ဟုတ်တယ်ကွာ။ မင်းလည်း မမူးသေးသလို၊ ငါလည်း မမူးသေးပါဘူး"

ပ-လူ ။ ။ "ဟေ့ကောင် . . သေသေချာချာ ဂရုထားပြီး ကြည့်စမ်း။ ငါတို့ ခြေထောက်နဲ့တက်နေတဲ့ လှေကားဟာ အတော်ကြီးကို ကျဲတယ်"

ဒု-လူ ။ ။ "ဟာ . . မဟုတ်သေးပါဘူးကွာ။ ပြိုလဲကျနေတဲ့ ခြံစည်းရိုးတိုင် အကျဲကြီးတွေအပေါ် လျှောက်နေကြတာကွ"

(မှတ်ချက် ။ ။ ၎င်း အမူးသမားနှစ်ယောက် လျှောက်နေကြသည်မှာ မီးရထားလမ်းရှိ ဇလီဖားတုံးများပေါ်တွင်ဖြစ်၏။)

● ● ●


www.burmeseclassic.com

www.burmeseclassic.com



## အချစ်စစ် အချစ်မှန် ဆိုတာရယ်

ပန်းခြံတစ်ခုအတွင်းရှိ အုတ်ခုံတန်းလျားပေါ်တွင် ဖြစ်၏။ ကဗျာဆရာကလေးတစ်ဦးနှင့် မိန်းကလေးတစ်ဦးတို့ စကား ပြောဆိုနေကြသည်။

ကဗျာဆရာ ။ ။ "ဒီမှာ . . မွေး၊ မွေးကို ချစ်တဲ့အချစ်က ဘယ်တော့မှ ပျက်ပြယ်ရွေ့လျားသွားမယ့် အချစ်မဟုတ်ပါဘူး။ ကျောက်ဆိုင်ကျောက်သားလို ခိုင်မြဲတဲ့အချစ်ပါမွေး။ ကိုယ်ဟာ ကဗျာဆရာတစ်ယောက်ပါ။ အညတြလို့လည်း ဆိုနိုင်ပေသပေါ့။ ကိုယ့်မိတ်ဆွေ မောင်တည်တံ့လို ကားထည်လဲ စီးနိုင်အောင်လည်း မွေးကို မထားနိုင်ပါဘူး။ ကိုယ့်သူငယ်ချင်း တင်သိုက်ထွန်းလိုလည်း တိုက်နဲ့မထားနိုင်ပါဘူး။ ဒါပေမဲ့ ကိုယ့်ရင်ထဲက ပေါက်ဖွားလာတဲ့ ကဗျာစာမူခတွေနဲ့ မွေးကို အဆင်ပြေအောင် ထားပါ့မယ်ကွယ်"

မိန်းကလေး ။ ။ "ဩော် . . ကိုယ်ရယ်။ မွေးကို သည်လောက်တောင် ချစ်သတဲ့လား။ မွေးကလည်း ကိုယ့်အပေါ် ချစ်လျက်ပါပဲ ကိုယ်ရယ်။ ဒါထက် ကြံ့တုန်းဆုံခိုက် ကိုယ့်မိတ်ဆွေ မောင်တည်တံ့နဲ့ ကိုယ့်သူငယ်ချင်း တင်သိုက်ထွန်းတို့ရဲ့ လိပ်စာကိုလည်း မွေးကို ပေးထားဦးလေ"

● ● ●





## ထင်သလောက် မဟန်ပါ

ဦးခ ။ ။ "ဦးဘတို့များ သားသမီးကံ သိပ်ကောင်းတာပဲနော်။ သမီးဖြစ်တဲ့သူက အထူးကုဆရာဝန်ကြီး၊ သားဖြစ်တဲ့သူက ဗဟိုတရားရုံးရှေ့နေကြီး။ ဟန်ကျလိုက်လေ"

ဦးဘ ။ ။ "ဦးခ ထင်သလောက်လည်း မဟန်လှပါဘူးဗျာ"

ဦးခ ။ ။ "ဘာ့ကြောင့် မဟန်ရတာတုံးဗျ"

ဦးဘ ။ ။ "ဟိုတစ်လောက သူတို့အမေ ဈေးဝယ်ထွက်ရာက အပြန်ကားအက်ဆီးဒင့် ဖြစ်တယ်လေ။ အဲသည်တော့ သမီးဖြစ်တဲ့ ဆရာဝန်က ဒဏ်ရာဒဏ်ချက်တွေ ပျောက်ကင်းဖို့ ကြိုးစားတယ်။ အဲ . . သားရှေ့နေက ဒဏ်ရာဒဏ်ချက်တွေကို ကြီးကျယ်အောင်လုပ်ပြီး လျော်ကြေးရဖို့ ကြိုးစားနေတယ်။ ကြားက စိတ်ညစ်ရတာ သူတို့အမေနဲ့ကျုပ်ပေါ့ဗျာ"

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## သေချာတဲ့ကုထုံး

ခင်ပွန်းသည် အိမ်ပြန်နောက်ကျလေတိုင်း သဝန်တိုတတ်သော မိန်းမသည် အမြဲလို မြည်တွန်တောက်တီးလေ့ရှိ၏။ သည့်အတွက် ခင်ပွန်းသည်လည်း မိန်းမ၏ မြည်တွန်တောက်တီးမှု မခံရလေအောင် အိမ်သို့ စောစောပြန်ခဲ့လေ၏။ ထိုရော အခါဝယ် မိန်းမခမြာ အသံဝင် ရောဂါရပြီး အသံလုံးဝ မထွက်တော့ပေ။ ထိုအခါ ခင်ပွန်းသည်လည်း မိန်းမအား ဆေးခန်း တစ်ခုသို့ ခေါ်၍သွားလေ၏။

ခင်ပွန်း ။ ။ (ဖြစ်စဉ်များအား ပြောပြပြီး)
"ကျွန်တော့်မိန်းမ အသံဝင်သွားတာ အသံပြန်ထွက်လာအောင် ဘယ်လိုလုပ်ရမလဲ ဒေါက်တာ"

ဒေါက်တာ ။ ။ "မခက်ပါဘူးဗျာ။ နောက်ရက်ကစပြီး အိမ်ကို စောစော မပြန်နဲ့တော့။ ဟိုး . . ခါတိုင်းလို နောက်ကျပြီးတော့မှသာပြန်။ ခင်ဗျား မိန်းမ အသံပြန်ထွက်လာပါလိမ့်မယ်"

•••





## သြော် . . . ယောက္ခမ၊ ယောက္ခမ

ပ-လူ ။ ။ "ယောက္ခမတွေများ တော်တော့်ကို အပြောင်းအလဲ ဖြစ်တာပဲနော်"

ဒု-လူ ။ ။ "ဟ . . ဘာတွေများ အပြောင်းအလဲ ဖြစ်တာလဲ။ ငါက မိန်းမ မရသေးတဲ့သူ။ ဒီတော့ မကြာခင်က အိမ်ထောင်ကျခဲ့တဲ့ မင်းဆီက ဗဟုသုတလေးများ ကြားချင်သကွာ။ ပြောပါဦး"

ပ-လူ ။ ။ "ငါ . . မိန်းမ မရခင်က ငါ့ယောက္ခမလောင်း အဘိုးကြီးနဲ့ အဘွားကြီးဟာ ငါ့အပေါ် တစ်စက်ကလေးမှ အကောင်း ထင်ခဲ့တာမဟုတ်ဘူး။ သူတို့သမီးကို ခိုးပြေးပြီးမှ အကောင်း ထင်လာတာ။ ကောင်းတဲ့စကားတွေ မိုးမွှန်လာအောင် ပြောဆို ချီးမွမ်းလာတာ"

ဒု-လူ ။ ။ "အလဲ့ . . တယ်ဟုတ်ပါလား။ ဘယ်လိုမျိုး ပြောင်းလဲသွားတာ ပါလိမ့်"

ပ-လူ ။ ။ "သူတို့နှစ်ယောက်ကို အိမ်ဦးခန်းမှာ တင်ကျွေးထား လို့လေ"

•••



www.burmeseclassic.com

www.burmeseclassic.com

## ဒုက္ခပေးတဲ့ အလီ

နိုင်ငံခြားသား မျက်နှာဖြူတစ်ဦးသည် မြန်မာပြည်၌ အနေကြာလာသည်နှင့်အမျှ မြန်မာမှုစရိုက်လက္ခဏာများကို လေ့လာ၏။ မြန်မာစာကို ခရေစေ့တွင်းကျ သင်ကြား၏။ မြန်မာစာပေကျမ်းဂန်များကို မွှေနှောက်လေ့လာဖတ်ရှု၏။

တစ်နေ့သ၌ ပွဲလမ်းသဘင်တစ်ခု၌ မြန်မာစာပါမောက္ခတစ်ဦးနှင့် ဆုံကြ၏။ ထိုအခါ နိုင်ငံခြားသားသည် သူမြန်မာစာ မည်မျှကျွမ်းကျင်တတ်မြောက်ကြောင်း ဂုဏ်ယူဝံ့ကြွားစွာ ကြွားပါလေ၏။

နိုင်ငံခြားသား ။ ။ "ဇာတ်တော်ကြီး ဆယ်ဘွဲ့အပြင် ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုတွေတောင်မှ ဖတ်ခဲ့ပြီးပါပြီ"

ပါမောက္ခ ။ ။ "တယ်ဟုတ်ပါလား။ ဒါထက် မိတ်ဆွေက ဘယ်ဇာတ်ကို အနှစ်သက်ဆုံးဖြစ်ပါသလဲ"

နိုင်ငံခြားသား ။ ။ "ပင်လယ်ပြင်မှာ ရေကူးတဲ့ဇာတ်။ (မဟာဇနက္ကဇာတ်ကို ဆိုလိုခြင်းဖြစ်၏)

ပါမောက္ခ ။ ။ "ဒါထက် အမြှောက်အလီပေါင်းရော ရသလား"

နိုင်ငံခြားသား ။ ။ "အလီ . . အလီ . . ဘာလဲ . . အလီ။ ဟင့်အင်း . . မသိဘူး . . မသိဘူး"

(ကြွားဝါချင်သော နိုင်ငံခြားသားလည်း သူမကြားဖူးသော 'အလီ'ကြောင့် လက်မြှောက်အရှုံးပေးသွားရလေသတည်း။)

• • •





## ဘယ်ဟာမှ မသက်သာ

မောင်မွှေး ။ ။ "ဟာ . . မောင်ခွေးရ။ ခေါင်းမှာ ဆံပင်တွေ ပြောင်တလင်းခါပြီး ခေါင်းတုံးကြီး ဖြစ်လို့ပါ လား။ ဘယ်လိုမျိုးဖြစ်ရတာပါလိမ့်"

မောင်ခွေး ။ ။ "ဆရာမကြောင့်ပေါ့ကွာ။ ငါ မှာမရတိုင်း ဆရာမက ငါ့ရဲ့ဆံပင်ကို ဆွဲဆွဲဆောင့်လွန်းလို့ ဆံပင်ဆွဲမဆောင့်နိုင်အောင် လက်စပြတ် ခေါင်းတုံးတုံးပစ်လိုက်တာ"

မောင်မွှေး ။ ။ "ပိုင်သကွာ . . ။ အဲသည်လို ခေါင်းတုံးတုံး ပစ်လိုက်တော့။ ဆံပင်ဆွဲဆောင့်ခံရတဲ့ဒဏ်က လွတ်ပြီး သက်သာသွားမှာပေါ့"

မောင်ခွေး ။ ။ "မသက်သာပါဘူးကွာ"

မောင်မွှေး ။ ။ "ဟာ . . ဘာဖြစ်လို့တုံး"

မောင်ခွေး ။ ။ "ခုမှ ငါ့ခေါင်းတုံးဟာ တဖျတ်ဖျတ် အရိုက်ခံရ၊ အခေါက်ခံရတော့တာပဲ"

• • •



www.burmeseclassic.com

www.burmeseclassic.com

## ခဏာ ကလေးနော်

လုပ်ငန်းခွင်မှ လင်တော်မောင်သည် မောမောဖြင့် အိမ်သို့ ပြန်ရောက်လာသည်။

လင် ။ ။ "ဆာလိုက်တာကွာ။ ဘာတွေများ ချက်ထားသလဲ ဟေ့"

မိန်းမ ။ ။ "အင်း . . အဲ"

လင် ။ ။ "ဟေ့ . . ဘယ်လိုဖြစ်နေတာလဲ။ ဘာမှ ချက်ထားတာ မရှိဘူးဆိုရင် ခုပဲ ဆိုင်မှာ သွားစားတော့မယ်"

မိန်းမ ။ ။ "ခဏာနေပါဦးရှင်။ သုံးမိနစ်လောက်စောင့်ပါဦး"

လင် ။ ။ "ဟေ . . ထမင်းစားရဖို့ သုံးမိနစ်လောက်ပဲ စောင့်ရမယ်၊ ဟုတ်လား"

မိန်းမ ။ ။ "ဟုတ်ပါဘူးရှင်။ ဘာမျှ မချက်ရသေးတာမို့ ကျွန်မပါ ရှင်နဲ့ဆိုင်ကို လိုက်စားမလို့။ အဲသည်အတွက် အဝတ်လဲဖို့ရာ ခဏာစောင့်ခိုင်းတာ"

လင် ။ ။ "တယ်လေ . . ငါ"

● ● ●





## တိကျချင်၍ မေးသည်

အမြဲတစေ စာမေးရမှ ဘဝင်ကျသော သချ်ာဆရာသည် စာသင်ခန်း တစ်ခန်းသို့ ဝင်လိုက်၏။ ပြီးတော့ ဝါသနာအတိုင်း အတန်းသား တစ်ဦးချင်းအား စာမေးလေသည်။ သို့နှင့် မောင်ကြွက်နီ၏အလှည့်သို့ ရောက်လာသည်။

ဆရာ ။ ။ "ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့တာ ဘယ်တုန်းကလဲ"

ကြွက်နီ ။ ။ "၁၉၄၅ခုနှစ်ကပါဆရာ။ ပြီးတော့ မတ်လ(၂၇) ရက်"

ဆရာ ။ ။ "ဟုတ်သကွာ။ ဆရာက အဲသည်လိုမျိုး တိတိကျကျ ဖြေတတ်တာမျိုးမှ သဘောကျတာ။ ကိုင်း . . ထိုင်တော့"

(ထို့နောက် မောင်ကြွက်နီ နံဘေးရှိ မောင်ကျွဲသိုးအား ထခိုင်းလိုက်၏။)

ဆရာ ။ ။ "ကိုင်း . . မောင်ကျွဲသိုးရေ။ ဖက်ဆစ်ကို တော်လှန်ခဲ့တဲ့ ကာလမှာ မွေးတဲ့သူတစ်ယောက်ဟာ ခုဆိုရင် အသက် ဘယ်လောက်ရှိလိမ့်မလဲ"

ကျွဲသိုး ။ ။ (ခေတ္တမျှ စဉ်းစားလိုက်ရင်း) "ကျွန်တော် မရှင်းလို့ ဆရာ့ကို မေးပါရစေ"

ဆရာ ။ ။ "မေးပါကွာ . . မေးပါ"

ကျွဲသိုး ။ ။ "အဲသည် မွေးလာတဲ့သူဟာ ယောကျ်ားလေးလား၊ မိန်းကလေးလားဆရာ။ ပြီးတော့ အမြွာလေးကော ဖြစ်နေမလား"

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## ပထမဆုံးတွေ

ခွဲစိတ်ကုသခန်းသို့ တစ်ခါဖူးမျှ ခွဲစိတ်မခံရဖူးသေးသော လူနာတစ်ဦး ရောက်ရှိလာ၏။ ထိုလူနာမှာ အလွန်အမင်း စိတ်ပူပန်နေပုံရလေသည်။

လူနာ ။ ။ "ဒေါက်တာရယ်. . .၊ ဒေါက်တာ့ကို ကျွန်တော့် အသက် အပ်ပါတယ်။ ဒေါက်တာရဲ့ ပညာကိုလည်း လေးစားပါတယ်။ ကျွန်တော့်ကို ခွဲစိတ်တဲ့အခါ ဂရုစိုက်ပါနော်။ ကျွန်တော်က ခွဲစိတ်တာမြင်ရင် သိပ်ကြောက်တတ်တာ"

ဒေါက်တာ ။ ။ "ဂရုစိုက်ပြီး ခွဲစိတ်ပေးမှာပါ။ စိတ်သာချ။ ဘာမှ မကြောက်နဲ့။ မေ့ဆေးပေးပြီးခွဲမှာဆိုတော့ ဘာမှ သတိရမှာ မဟုတ်ဘူး"

လူနာ ။ ။ "ကျေးဇူးတင်ပါတယ် ဒေါက်တာ။ ကျွန်တော့် ဘဝမှာ ခုအကြိမ်ဟာ ပထမဦးဆုံး ခွဲစိတ်ခံရမှာပါ"

ဒေါက်တာ ။ ။ "ဟာ. . တိုက်ဆိုင်လိုက်လေဗျာ။ ကျွန်တော့်ရဲ့ ဘဝမှာလည်း ခွဲစိတ်ရမှာ ဒါ ပထမဦးပါပဲ"

(ဆိုခဏ မေ့ဆေးမပေးရပါဘဲနှင့် လူနာ မေ့မျောသွား သေတော့၏။)

●●●





## နားမလည်ပေလို့ဘဲ

ဖခင် ။ ။ "အိမ်က သားတော်မောင်ကြောင့် သိပ်စိတ်ညစ်တယ်ဗျာ"

မိတ်ဆွေ ။ ။ "ခင်ဗျားသား . . မောင်သိုက်က ကျုပ်မြင်သလောက် မဆိုးရှာပါဘူး။ ခု . . ဘာဖြစ်နေလို့လဲ"

ဖခင် ။ ။ "ဘာဖြစ်ရမှာတဲ့ လဲဗျာ။ ဒီကောင်က အရက်အကြောင်းလည်း နားလည်တဲ့ကောင် မဟုတ်ဘူး။ ပြီးတော့ အလောင်းအစားရဲ့ သဘာဝကိုလည်း မသိဘူး။ ဒို့ထက် မိန်းမကိစ္စဆို ပိုပြီးတော့တောင်မှ နားမလည်သေး"

မိတ်ဆွေ ။ ။ "ဟာ . . ဒါဆို ခင်ဗျားသားက လိမ္မာတာပေါ့ဗျာ။ အသောက်အစား၊ လောင်းကစား၊ အပျော်အပါးတွေ နားမလည်ဘူးဆိုတော့"

ဖခင် ။ ။ "အဲသည် နားမလည်တာတွေ မှန်သမျှကို တစ်ခုမကျန် လိုက်လုပ်နေလို့ ကျုပ် စိတ်ညစ်နေရတာဗျ"

●●●



www.burmeseclassic.com

www.burmeseclassic.com

## ဆင်တစ်ဘက် ကျွဲတစ်ဘက်

အလှူအိမ်တစ်အိမ်မှ ပြန်လာသော ယောက်ျားဖြစ်သူအား . . .

မိန်းမ ။ ။ "ဒီမှာ ကိုအစ္စာ။ ဒါက ဘယ်လိုဖြစ်ရတာ တဲ့လဲ။ ရှင် . . အလှူအိမ်က စီးလာခဲ့တဲ့ ဖိနပ်ကို ကြည့်စမ်းပါဦး။ ဆင်တင်ဘက်၊ ကျွဲတစ်ဘက်နဲ့ မရှက်ဘူးလား"

ယောက်ျား ။ ။ "ဟာ . . ဟုတ်ပါရဲ့။ ရှက်စရာကြီးကွာ"

မိန်းမ ။ ။ "ဒါဖြင့် ခုချက်ချင်း သွားပြန်လဲချေ"

ယောက်ျား ။ ။ "ပြန်လဲလည်း ဘာထူးမှာတဲ့လဲကွာ။ ကျန်ရစ်တဲ့ ဖိနပ်ကလည်း ဆင်တစ်ဘက် ကျွဲတစ်ဘက်ပဲ ဖြစ်နေမယ့်ဉစ္စာ"

● ● ●





## ကျေးဇူးဆပ်ခြင်း အကြောင်းရင်း

ဆေးကုခန်းတစ်ခုအတွင်းသို့ လူနာရှင်းသည့်အချိန်တွင် လူရွယ်တစ်ယောက် ရောက်ရှိလာခဲ့သည်။

ဆရာဝန်ကြီး ။ ။ "ဘာကိစ္စများ ရှိလို့ပါလဲ မောင်ရင်"

လူရွယ် ။ ။ "ဆရာကြီးကို လာကန်တော့တာပါ"

ဆရာဝန်ကြီး ။ ။ "နေပါဦး။ မောင်ရင်က ကိုယ်ရောဂါကုသ ပေးခဲ့ဖူးတဲ့ လူနာလား"

လူရွယ် ။ ။ "မဟုတ်ရပါဘူးခင်ဗျာ"

ဆရာဝန်ကြီး ။ ။ "ဒါဆို ကိုယ်နဲ့ မပတ်သက်ဘူးထင်တယ်"

လူရွယ် ။ ။ "ပတ်သက်ပါသော်ကောဗျာ။ ဆရာကြီး ကုသပေးခဲ့တဲ့ လူနာတစ်ယောက်ဆုံးသွားလို့ ကျွန်တော် အမွေတွေရခဲ့လို့လာပြီး ကျေးဇူးဆပ် ကန်တော့ရတာပါ"

ဆရာဝန်ကြီး ။ ။ "ဘယ်သူများ ဆုံးသွားလို့ပါလိမ့်"

လူရွယ် ။ ။ "ကျွန်တော့် ယောက္ခမကြီးပါခင်ဗျာ"

● ● ●


www.burmeseclassic.com

www.burmeseclassic.com

## ကလေးအတွေး(၃)

ဈေးမှ ပြန်လာသော မိခင်အား သားငယ်ကမေး၏။

သား ။ ။ "ဆွဲခြင်းထဲက အထုပ်ဟာ ဘာအထုပ်လဲ အမေ"

မိခင် ။ ။ "ကြွက်သတ်ဆေးထုပ်လေသားရဲ့။ အိမ်မှာ ကြွက်တွေ သောင်းကျန်းတာ နှိမ်နင်းမလို့"

သား ။ ။ "ဘယ်လို နှိမ်နင်းမှာလဲ အမေရဲ့"

မိခင် ။ ။ "အစာနဲ့ရောနယ်ပြီး ကျွေးမယ်လေ။ ဒါကို စားမိရင် ကြွက်တွေ သေရောပေါ့"

သား ။ ။ "ကြွက်နှိမ်နင်းတာပဲ အမေရယ်။ အစာနဲ့ရော ကျွေးဖို့ မလိုပါဘူး။ ဘာမှမကျွေးဘဲ အငတ်ထားလိုက်ရင် အစာရေစာပြတ်ပြီး သေကုန်မှာပဲဥစ္စာ"

●●●





## ယုံပါမေရယ်

ဆကာကြီးမြို့၌ ဖိုးတင်ယုနှင့် မပန်းလှိုင်ဆိုသော လင်မယားနှစ်ယောက်ရှိ၏။ ဖိုးတင်ယုမှာ ဘီယာကို အသေအလဲ ကြိုက်သူဖြစ်ရာ ညနေတိုင်း ရက်မပျက် စည်ဘီယာဆိုင်ရှိသော စနေဖြူသို့ကူး၍ နပ်းအဥ္စလီဘီယာဆိုင်သို့သွားကာ သောက်လေ့ရှိ၏။ တစ်နေ့သ၌ . . .

မပန်းလှိုင် ။ ။ "ဟဲ့ . . မောင်တင်ယု၊ နင့်မလည်း ငါ့ထက် ဘီယာကို တော်တော်ချစ်ပုံရတယ်"

ဖိုးတင်ယု ။ ။ "မဟုတ်ပါဘူးကွာ။ မင်းကို ဘီယာထက် ပိုချစ်လို့ယူခဲ့တာပေါ့"

မပန်းလှိုင် ။ ။ "မယုံပါဘူး"

ဖိုးတင်ယု ။ ။ "ယုံပါကွာ။ မင်း ယုံအောင် ဘယ်လိုသက်သေပြရမလဲ . . ပြော"

မပန်းလှိုင် ။ ။ "ကိုင်း . . ဒါဆို မေးမယ်။ နင်နဲ့ငါ ခိုးပြေးတဲ့နေ့ဟာ ဘယ်တုန်းကလည်း အတိအကျ ပြောမှယုံမယ်"

ဖိုးတင်ယု ။ ။ "ဟားဟားဟား . . ဒါလေးများ။ အဲသည်နေ့က မြန်မာဘီယာကံစမ်းမဲ ဖွင့်တဲ့နေ့။ ငါ ငါးသောင်းဆုရတယ်လေ။ ကိုင်း . . ယုံပြီလား"

●●●

www.burmeseclassic.com

www.burmeseclassic.com

## နည်းလမ်းကောင်းလေး လိုချင်လို့

ရဲစခန်းတစ်ခုသို့ လူတစ်ယောက်ရောက်လာပြီး တာဝန်မှူးနှင့် တွေ့ဆုံ၏။

လူ ။ ။ "တာဝန်မှူးခင်ဗျား။ ညတုန်းက ကျွန်တော်တို့ အိမ်ကိုဖောက်ပြီး မိုးတဲ့သူခိုး ပတ္တမြားရောင် လည်ဆွဲ ဖမ်းမိကြတယ် ကြားတယ်"

တာဝန်မှူး ။ ။ "ဟုတ်ပါတယ်၊ အချုပ်ခန်းထဲမှာပါ"

လူ ။ ။ "အဲဒီသူခိုးနဲ့ တွေ့လို့ရရင် တွေ့ချင်ပါတယ်"

တာဝန်မှူး ။ ။ "တွေ့တာကတော့ ဟုတ်ပါပြီ။ ဘာများ ပြောမလို့လဲ"

လူ ။ ။ "ဒီလိုပါ။ ကျွန်တော့်မိန်းမ အိပ်ရာက မနိုးအောင် အိမ်ပေါ် ဘယ်လိုနည်းနဲ့ တက်တယ်ဆိုတာ မေးကြည့်ချင်လို့ပါ"

•••



## တကယ့်ဆရာ

ကားတစ်စီးပေါ်တွင် ဖြစ်၏။ ယာဉ်မောင်းနှင့် ခရီးသည် နှစ်ဦး တည်းသာပါ၏။

ခရီးသည် ။ ။ "ကိုယ့်ဆရာ ကားမောင်းတာ အတော် ကလေးကို ကျွမ်းကျွမ်းကျင်ကျင် ရှိပေတာပဲ"

ယာဉ်မောင်း ။ ။ "ဆရာကောင်းတပည့် ပန်းကောင်းပန်တာပေါ့ဗျာ"

ခရီးသည် ။ ။ "ဒါထက် ယာဉ်မောင်းပညာကို ဘယ်ဆရာဆီ သင်တာလဲ"

ယာဉ်မောင်း ။ ။ "ကျွန်တော့်ဆရာ နာမည်က သာဂေါင်ကြီးတဲ့။ 'အနော်မာ ယာဉ်မောင်းသင်တန်း' ကလေ"

ခရီးသည် ။ ။ "ဟုတ်ပြီဗျာ။ ကျွန်တော့်သားက ယာဉ်မောင်း သင်ချင်နေတာဗျ။ အတော်ပဲ။ ခင်ဗျားရဲ့ ဆရာနဲ့ ကျွန်တော့်သားကို ဆုံပေးနိုင်ပါ့မလား"

ယာဉ်မောင်း ။ ။ "ဝမ်းနည်းပါတယ်ဗျာ။ ကျွန်တော့်ဆရာ မရှိပါဘူး"

ခရီးသည် ။ ။ "ဟင် . . ဘယ်တုန်းကဆုံးသွားတာလဲ"

ယာဉ်မောင်း ။ ။ "မဆုံးပါဘူးဗျာ။ ယာဉ်တိုက်မှုနဲ့ ထောင်ကျနေလို့ပါ"

•••



www.burmeseclassic.com

www.burmeseclassic.com

## ချွင်းချက်

သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီးထံသို့ လူရွယ်တစ်ဦး ရောက်လာ၏။

လူရွယ် ॥ ॥ "နားနဲ့မနား၊ ဖဝါးနဲ့နားပါ ဆရာဝန်ကြီးရယ်။ ကျွန်တော် တစ်ခုတိုင်ပင်ချင်လို့ပါ"

ဆရာဝန်ကြီး ॥ ॥ "ဟုတ်ပြီ . . ပြောပါ"

လူရွယ် ॥ ॥ "ကျွန်တော် လက်ထပ်တာ (၆)လကျော်လေးပဲ ရှိပါသေးတယ်။ အဲဒါ ကျွန်တော့် မိန်းမဟာ တစ်မြန်နေ့က မီးဖွားပါတယ်။ ကျွန်တော်သိတာ ကတော့ မိန်းမတွေဟာ ကိုယ်ဝန်ကို ကိုးလ လွယ်ပြီး ဆယ်လကျမှ မွေးသတဲ့။ ခု ကျွန်တော့် မိန်းမကျတော့ ဆန်းနေတယ်။ အဲဒါ ဘယ်လို ဖြစ်ရတာလဲ သိချင်လို့ တိုင်ပင်တာပါ"

ဆရာဝန်ကြီး ॥ ॥ "ဩော် . . သည်ကိစ္စလား။ ဒါကတော့ မိန်းမ တော်တော်များများဟာ ပထမ ကလေးမွေး တော့မယ်ဆိုရင် အဲသလိုမျိုး လက်ထပ်ပြီး ကာလ ဒ.နည်းငယ်နဲ့ မီးဖွားတတ်ပါတယ်။ ချွင်းချက် တစ်ခုလို့ သဘောပေါက်လိုက်ပါ။ နောက်ကလေး တွေကျရင် မောင်ရင်ပြောသလို ကိုးလလွယ်၊ ဆယ်လဖွားပါလိမ့်မယ်။ မပူပါနဲ့ကွယ်"

●●●





## တကယ်လိုက်မှာက

ကုက္ကိုပင်ရိပ်အောက်ရှိ ကွပ်ပျစ်ပေါ်၌ လင်မယားနှစ်ယောက် စကားပြောဆိုနေကြ၏။ မယားဖြစ်သူမှာ ကိုယ်ဝန်ဆောင်ဖြစ်သည်။

မယား ॥ ॥ "ရှင်နဲ့ကျွန်မ ဖူးစာဆုံပုံကလည်း အဆန်းသားနော်"

လင် ॥ ॥ "ဘာတွေများ ဆန်းတာလဲကွ"

မယား ॥ ॥ "ရှင်က အသားမည်းမည်း၊ အရပ်က လံဘား၊ ကျွန်မက အသားဖြူဖြူ၊ ပြီးတော့ ပုပုလုံးလုံး။ ဟော . . ခု မကြာခင် ကျွန်မတို့ ကလေးရတော့မယ်။ သားဖြစ် မလား၊ သမီးဖြစ်မလား မသိဘူး"

လင် ॥ ॥ "တစ်ခုခုတော့ ဖြစ်မှာပေါ့ကွာ"

မယား ॥ ॥ "အဲဒီမှာ ကျွန်မသိချင်တာက ရလာဘဲ့ကလေးဟာ အဖေ ဘက်လိုက်မလား၊ အမေ့ဘက်လိုက်မလားဆိုတာ"

လင် ॥ ॥ "မသေမချင်းမှတ်ထား မိန်းမ။ ငါတို့ရလာတဲ့ ကလေးဟာ ယောကျ်ားလေးဖြစ်မယ်။ အရွယ်လည်းရလာမယ်ဆိုရင် သူယူမယ့် မိန်းမနောက် လိုက်လိမ့်မယ်။ အဲ . . မိန်းကလေးဖြစ်မယ်၊ အရွယ်လည်းရလာမယ်ဆိုရင့်တော့ သူ့လင်နောက်သူ လိုက်လိမ့်မယ်။ ကိုင်း . . ရှင်းပလား"

မယား ॥ ॥ "အဲ . . တော့"

●●●


www.burmeseclassic.com

www.burmeseclassic.com

## ကလေးအတွေး(၄)

စာမတတ်သော မိခင်သည် အတန်းကျောင်း စ၍တက်နေပြီ ဖြစ်သော သားငယ်အား ကျောင်းပိတ်ရက်၌ အပါးသို့ခေါ်ကာ စကား ပြောလေ၏။

မိခင် ။ ။ "ဘယ်လိုလဲ သားငယ်။ ကျောင်းစာတွေ တော်တော် ရပြီလား"

သားငယ် ။ ။ "ရတာပေါ့ မေမေ"

မိခင် ။ ။ "ဒါဆို လုပ်စမ်းပါဦးကွယ်။ တစ်နဲ့တစ်ပေါင်းရင် ဘယ်လောက်ရလဲ"

သားငယ် ။ ။ "လေးပေါ့ မေမေ"

မိခင် ။ ။ "တစ်ထဲက တစ်နှုတ်ရင်ကော"

သားငယ် ။ ။ "လေးပဲပေါ့မေမေရဲ့"

မိခင် ။ ။ "တစ်နဲ့တစ်မြှောက်ရင်ကောကွယ်"

သားငယ် ။ ။ "လေးပဲရတယ်"

မိခင် ။ ။ "ကိုင်း . . တစ်နဲ့တစ် စားရင်ကော"

သားငယ် ။ ။ "လေးပါပဲ မေမေ"

မိခင် ။ ။ "တော်လိုက်တာကွယ်။ မေမေ့သားလို့ မပြောရဘူး။ ဒီတော့ သားကိုဂုဏ်ပြုတဲ့ အနေနဲ့ လေးကျပ် မေမေ ဆုချမယ်"

သားငယ် ။ ။ "ဒီလိုမှန်းသာသိရရင် 'တစ်ဆယ်'လို့ အဖြေပေးပါ တယ် မေမေရယ်"

●●●





## အကယ့်ကို ပြတ်ပြတ်သားသား

ဖိနပ်ရောင်းဆိုင်တစ်ဆိုင်သို့ လူတစ်ယောက် ဖိနပ်ဝယ်ရန် ဝင်လာ၏။ ဆိုင်ရှင်မှာ စကားပြော ပြတ်သူဖြစ်၏။

ဝယ်သူ ။ ။ (ဖိနပ်အမျိုးအစားများကို လိုက်လံကြည့်ရှုပြီး) "ဟောဟို ဖိနပ်က တစ်ရံကို ဘယ်လောက်လဲ"

ဆိုင်ရှင် ။ ။ "ဖိနပ်ဆိုရင် လုံလောက်ပါပြီ။ ဘာဖြစ်လို့ စကားအပို ကုန်အောင် တစ်ရံလို့ ပြောရတာလဲ။ သားပါတော့။ ကျုပ်ဆိုင်က တခြားဘယ်ဆိုင်နဲ့မှ မတူဘူး။ စကား နည်းနည်းနဲ့ ခပ်ပြတ်ပြတ်ပြောတတ်တယ်။ ကိုင်း . . အဲသည် ဖိနပ် က ၁၅၀၀/-"

ဝယ်သူ ။ ။ "ကြိုက်သွားပြီ။ ဒါပေမဲ့ ၁၀၀၀/ ထား"

ဆိုင်ရှင် ။ ။ "အိုကေ . . ယူဗျား"

●●●


www.burmeseclassic.com

www.burmeseclassic.com

## ကလေးအတွေး(၅)

ဆရာ ။ ။ "ဟေ့ကောင် . . မောင်ညွှက်။ ဘယ်လိုလဲကွ။ စာသင်တာ နှစ်ဝက်ပဲ ရောက်တော့မယ်။ ဂဏန်းသင်္ချာမှာ တစ်ကနေ တစ်ဆယ်အထိပဲ ရေတွက်သေးတယ်။ မင်းရဲ့ အနာဂတ်အတွက် ရင်လေးတယ်ကွာ။ သည်လိုသာဆို မင်းလူကြီးဖြစ်လာရင် ဘာအလုပ်လုပ်စားမလဲ"

မောင်ညွှက် ။ ။ "မပူပါနဲ့ဆရာရယ်။ ကျွန်တော့်အဖေလည်း ကျွန်တော့်လိုမျိုး တစ်ကနေ တစ်ဆယ်အထိပဲ ရေတွက်ပါတယ်။ ရှေ့ဆက် မတတ်ပါဘူး။ ဒီတော့ အဖေလုပ်တဲ့ အလုပ်ပဲ လုပ်စားမှာပေါ့"

ဆရာ ။ ။ "နေပါဦး။ မင်းအဖေက ဘာအလုပ်လုပ်တာလဲ"

မောင်ညွှက် ။ ။ "လက်ဝှေ့ပွဲမှာ ဒိုင်လူကြီးလုပ်ပါတယ် ဆရာ"

●●●





## မရပ်မနား ဆက်၍သွား

ပ-လူ ။ ။ "ဟေ့လူ . . မနေ့က ပလက်ဖောင်းမှာ ခင်ဗျားရဲ့ လက်ပတ်နာရီကြိုးပြတ်ပြီး ပြုတ်ကျတာ ကားက တက်ကြိတ်သွားတယ်ဆို"

ဒု-လူ ။ ။ "ဟုတ်သဗျာ။ ဒါပေမဲ့ ရပ်မသွားဘူးဗျာ"

ပ-လူ ။ ။ "ဒါဆို ခင်ဗျားနာရီက တကယ့်အမျိုးကောင်းပဲ။ ကားနဲ့ကြိတ်သွားတာတောင်မှ စက်က သွားနေသေးတယ်ဆိုတော့ . . ."

ဒု-လူ ။ ။ "စက်ကသွားတာမဟုတ်ဘူးဗျို့။ တက်ကြိတ်တဲ့ ကားက မရပ်ဘဲ ဆက်မောင်းသွားတယ်လို့ပြောတာ"

●●●

## မပျောက်ပျက်ရအောင်

ဖခင် ။ ။ "တန်ဖိုးအရှိဆုံး ပစ္စည်းတွေဆိုရင် သက်လွတ် စပယ် မထားရဘူးကွ။ မပျောက်ပျက်အောင် ထိန်းသိမ်းရတယ်။ မသေမချင်းမှတ်ထား"

သား ။ ။ "ဟုတ်ကဲ့ပါဖေဖေ။ ဒါဆိုရင် လောကမှာ တန်ဖိုးအရှိဆုံးဟာ ဘာလဲဖေဖေ"

ဖခင် ။ ။ "တန်ဖိုးအရှိဆုံးဟာ 'အချိန်'ပေါ့ကွယ်"

သား ။ ။ "ဒါဆိုရင် အိမ်မှာရှိတဲ့ နာရီတွေအကုန်လုံးကို မီးခံသေတ္တာထဲထည့်ပြီး သိမ်းထားလိုက်တော့မယ်နော် ဖေဖေ"

ဖခင် ။ ။ "ဟယ်လေ . . ငါ"

●●●



www.burmeseclassic.com

www.burmeseclassic.com

## ဘယ်ရမှာတဲ့လဲ

မောင်ခ ။ ။ "ဟော့ . . မောင်လှ။ မင်းအိမ်က နို့စားနွားမကြီး ညက သူခိုး ခိုးသွားလို့ဆို"

မောင်လှ ။ ။ "ဟုတ်တယ်ကွ"

မောင်ခ ။ ။ "နှမြောစရာကြီးကွာ။ သူခိုးကတော့ ပွသွားပြီပေါ့"

မောင်လှ ။ ။ "ဘယ်ကလာ ပွရမှာလဲကွာ။ အဲဒီသူခိုးတော့ ခံသွားပြီ"

မောင်ခ ။ ။ "ဘယ်လို . . ဘယ်လို"

မောင်လှ ။ ။ "အဲဒီနွားမကြီး အခိုးမခံရခင်ကပဲ နို့တွေအားလုံး ငါတို့ ညှစ်ထားခဲ့ပြီးပြီလေ"

● ● ●

## တကယ်ပျောက်သည်

ဆရာဝန် ။ ။ "ဘယ်လိုလဲ။ လန်းလန်းဆန်းဆန်း မရှိပါလား။ ခင်ဗျား ကျုပ် ညွှန်ကြားသလို မလုပ် ဘူးနဲ့တူတယ်"

လူနာ ။ ။ "လုပ်ပါတယ် ဒေါက်တာ။ ဒေါက်တာပြောသလို ညအိပ်ရာဝင်တဲ့အခါ လေကောင်းလေ သန့်ရအောင် အိမ်က ပြတင်းပေါက်တွေ အကုန်ဖွင့်ပြီး အိပ်ပါတယ်"

ဆရာဝန် ။ ။ "အဲသလို ပြတင်းပေါက်တွေ ဖွင့်အိပ်မှလေကောင်း လေသန့်ရပြီး အဆုတ်တွေ ကောင်းမှာဗျ။ သည်လို လုပ်တာတောင် မပျောက်ဘူးဆိုတော့"

လူနာ ။ ။ "ရောဂါမပျောက်ပေမဲ့ အိမ်မှာရှိတဲ့ပစ္စည်းတွေတော့ သူခိုးဝင်မွှေလို့ အကုန်ပျောက်သွားပြီ ဒေါက်တာ"

ဆရာဝန် ။ ။ "အယ် . ."

● ● ●





## မှတ်ထားလို့ပါ

နိုင်ငံရပ်ခြား တိုင်းပြည်တစ်ပြည်တွင် ဖြစ်၏။ ဆယ်ကျော်သက် မိန်းမပျိုတစ်ယောက်သည် ပတ္တရောင်လှည့်လာသော ရဲသားတစ်ဦးနှင့် တွေ့လေရာ ချက်ချင်းဆိုသလို အမှုတိုင်ကြားလေ၏။

မိန်းမပျို ။ ။ "ကျွန်မ ပန်းခြံဘေးက ဖြတ်လာတုန်း လူတစ်ယောက် ဖြုန်းဆို အနားရောက်လာပြီး ကျွန်မကို ပွေ့ဖက်နမ်းရှုံ့ သွားတယ်။ အဲသည်လူကို ဖမ်းပြီး အရေးယူပေးပါ"

ရဲသား ။ ။ "ကောင်းပြီလေ။ အဲသည်လူ ခုရှိသေးလား"

မိန်းမပျို ။ ။ "အဲဒါတော့ မပြောတတ်ဘူး"

ရဲသား ။ ။ "ဒါဖြင့် သူ့ရဲ့ပုံပန်းသဏ္ဌာန် အနေအထားက ဘယ်လိုလဲ။ ဆံပင်တို့၊ အရပ်အမောင်းတို့၊ မျက်နှာတို့ . ."

မိန်းမပျို ။ ။ "အဲဒါလည်း ကျွန်မ မသိဘူး"

ရဲသား ။ ။ "ခင်ဗျားနှယ်ဗျာ။ နေ့ခင်းကြောင်တောင်ကြီးမှာ အတင့်ရဲပြီး ကိုယ်ထိလက်ရောက် ပွေ့ဖက်နမ်းသွားတာတောင် ဘာမှမမှတ်မိဘူးဆိုဟော့"

မိန်းမပျို ။ ။ "အဲသည်အချိန်မှာ ကျွန်မ မျက်စိတွေ မှိတ်ထားလို့ပါ"

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## ကိုယ့် . . . ငွေ

လူပြတ်လပ်သည့် နေရာတစ်နေရာတွင်ဖြစ်၏။ ခန့်ညားစွာ ဝတ်စားဆင်ယင်၍ လက်ဆွဲအိတ်ဆွဲလာသူအား လက်နက်ကိုင် လူဆိုး တစ်ယောက်က ဟန့်တား၍ လုယက်ရန် ကြိုးစားလေ၏။

လူဆိုး ။ ။ "ဟေ့လူ . . ခင်ဗျား အသက်မသေချင်ရင် ခင်ဗျားရဲ့ ပိုက်ဆံတွေ အကုန်ပေး"

လူစိမ်း ။ ။ (လူဆိုး၏မျက်နှာကို သေချာစွာကြည့်ကာ) "ဟာ . . ဘယ်သူများလည်းမှတ်တယ်။ မင်း . . ငါ့အမူသည် မောင်သိုက်မဟုတ်လား။ မင်း ဘယ်တုန်းက ထောင်က ထွက်လာသလဲ။ ငါ ရှေ့နေကြီး ဦးယုလကွာ"

လူဆိုး ။ ။ "လက်စသတ်တော့ ကျုပ်ဆီက အမှုလိုက်ခငွေတွေ တနင့်တပိုး ယူခဲ့တဲ့ ရှေ့နေကြီးကို။ ဒါဆိုလည်း ခင်ဗျား ဆီက ပိုက်ဆံမတောင်းတော့ပါဘူး"

လူစိမ်း ။ ။ "ကျေးဇူးတင်ပါတယ် မောင်သိုက်ရာ။ ကိုင်း . . သွားမဟေ့"

လူဆိုး ။ ။ "အိုး . . သွားလို့မရသေးဘူး။ အသက်မသေချင်ရင် ကျုပ်ဆီက ယူသွားတဲ့ငွေတွေ ခုချက်ချင်းပေး"

လူစိမ်း ။ ။ "ဟိုက် . . ."

● ● ●





## မေ့ တစ်ခဏ

မောင် ။ ။ "မေရေ . . ကိုယ့်မိတ်ဆွေ စာနယ်ဇင်းဆရာ ကြီး ကျော်ဇောဟိန်း(ဒါပုံ)က မောင်နဲ့မေကို နှစ်ယောက် ကြည့်ဖို့ဆိုပြီး ရုံမတင်ရသေးတဲ့ ရုပ်ရှင် ပရက်ရှိုး လက်မှတ်နှစ်စောင် ပေးလိုက်တယ်။ စာနယ်ဇင်း တွေက သိပ်ကောင်းတယ်လို့ ညွှန်းထားတဲ့ ဇာတ်ကားကွ"

မေ ။ ။ "ဟာ . . အတော်ပဲ။ မေလည်း ကြည့်ချင်နေတာ။ ဒါဆို ခဏစောင့်နော်။ မေ အလှပြင်လိုက်ဦးမယ်"

မောင် ။ ။ "စောင့်ပါတယ်ကွာ . . စောင့်ပါတယ်။ မေ့ တစ်ခဏ ဟာ ဘယ်လောက်ကြာတယ်ဆိုလို့။ ကိုင်း . . မောင် အိပ်ရာဝင်လိုက်ဦးမယ်"

မေ ။ ။ "ဟင် . . ဘာဖြစ်လို့"

မောင် ။ ။ "ရုပ်ရှင်က နောက်နေ့မနက်မှ ကြည့်ရမှာလေ"

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## ဒါ့ကြောင့်ကိုး

လူ-၁ ။ ။ "ဟော့ . . တို့ဆရာကြီး ဦးငြိမ်းသူဟာ ဖဲကစားရင် အမြဲလို နိုင်တတ်တာချည်းပဲ"

လူ-၂ ။ ။ "ဒါတော့ ဟုတ်သကွ။ ဟိုတစ်နေ့က ဒလ အောင်မင်းရဲ့ အသုဘမှာ သူဖဲချတာ တစ်ဝိုင်းလုံး ငွေတွေ သွဲ့ယူသွား သလိုပဲ"

လူ-၁ ။ ။ "အဲ . . ဒါပေတယ်လို့ အဲဒီငွေတွေနဲ့ မြင်းပွဲသွားလောင်း တော့ တစ်ပြားမကျန် ကုန်ပါလေရောလား"

လူ-၂ ။ ။ "ဟယ် . . ကံမလိုက်ဘူးနဲ့တူတယ်"

လူ-၁ ။ ။ "ကံမလိုက်တာမဟုတ်ဘူး။ ဖဲက ခိုးလို့ရတယ်။ မြင်းက ဖဲခိုးသလို ခိုးလို့ရတာမှ မဟုတ်ဘဲဟာ"

● ● ●





## တစ်ဆင့်ပြီးတစ်ဆင့်

မောင်ချစ် ။ ။ "ဟော့ကောင် . . မောင်ထွေး။ မင်းမှာ ဘောလ်ပင် ပါသလား"

မောင်ထွေး ။ ။ "ပါတယ်လေ"

မောင်ချစ် ။ ။ "စာရွက်ကော"

မောင်ထွေး ။ ။ "အဆင်သင့်ပဲ"

မောင်ချစ် ။ ။ "မင်းကတော့ တကယ့်ပုဂ္ဂိုလ်ပဲကွာ။ ပေး . . ပေး" (ဘောလ်ပင်နှင့် စာရွက်ကို ယူပြီးနောက် စာရေး လေ၏။)

မောင်ချစ် ။ ။ "ဒါထက် စာအိတ်ကလေးများ"

မောင်ထွေး ။ ။ "ရှိပ။"

မောင်ချစ် ။ ။ "တံဆိပ်ခေါင်းကလေးများ . . ."

မောင်ထွေး ။ ။ "အဆင်သင့်ပါပဲ မောင်ရာ . ."

မောင်ချစ် ။ ။ "ဒါဖြင့် ရော့ . . အဲသည်စာခေါက်ကို စာအိတ်ထဲ ထည့်ပြီးရင် တံဆိပ်ခေါင်းကပ်"

မောင်ထွေး ။ ။ "ဒါဆို ပြီးပြီလား . ."

မောင်ချစ် ။ ။ "မပြီးသေးဘူးကွ။ စာအိတ်ပေါ်မှာ ဟိုတစ်နေ့က မင်းတို့အိမ် ငါလာလည်ရင်း တွေ့ခဲ့ရတဲ့ မင်းညီမ ဝမ်းကွဲရဲ့ နာမည်နဲ့လိပ်စာကိုတပ်ပြီး စာတိုက်ကြီး မှာ သွားထည့်ပေးပါကွာ"

မောင်ထွေး ။ ။ "တယ်လေ . . ငါ"

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## ကလေးအတွေး(၆)

ကလေးနှစ်ယောက် ဓားခုတ်တမ်း ဆော့နေကြသည်။ ထိုနေရာသို့ ရွာဦးကျောင်းမှ ကပ္ပိယကြီး ရောက်လာပြီး ဆရာ လာလုပ်လေ၏။

ကပ္ပိယကြီး ။ ။ "ဟဲ့ . . ကလေးတွေ ဓားတွေဘာတွေ မကိုင်ရဘူး။ ဟော်သေးတာပေါ့။ သစ်သား ဓားတွေ ဖြစ်နေလို့"

ပ-ကလေး ။ ။ "ဓားကိုင်တော့ ဘာဖြစ်သလဲဗျ"

ကပ္ပိယကြီး ။ ။ "ဓားတို့ အချွန်လက်နက်တွေကိုင်ရင် လက်နက်မှုနဲ့ ရဲက ဖမ်းသွားလိမ့်မယ်။ ဘာမှတ်လဲ။ ထောင်ချ ပစ်မှာကွ"

ဒု-ကလေး ။ ။ "ဟားဟားဟား . . ရယ်စရာတွေ မပြောပါနဲ့ဗျာ"

ကပ္ပိယကြီး ။ ။ "အောင်မာ။ ငါက စေတနာနဲ့ မင်းတို့ကို သတိပေးနေတာကွ"

ပ-ကလေး ။ ။ "ဒါဆို ဝက်သားရောင်းတဲ့ ကျွန်တော့် အဖေလည်း ဓားကိုင်တယ်။ ပြီးတော့ ထင်းခုတ်ရောင်းတဲ့ သူ့အဖေလည်း ဓားကိုင်တာပဲ။ အားလုံးအသိ၊ အားလုံးမျက်မြင်ပဲ။ ဘယ်မှာ အဖမ်းခံရလို့လဲ"

ကပ္ပိယကြီး ။ ။ "တယ် . . လက်ပေါက်ကတ်တဲ့ ကလေးတွေပဲ"

● ● ●





## ဖြေမနိုင်

နာမည်ကြီး စာသင်ကျောင်းတစ်ကျောင်း၌ ပညာထူးချွန်သော ကျောင်းသားကျောင်းသူများချည်း စုထားသည့် အတန်းတစ်တန်းရှိ၏။ မည်သည့် ပညာရေးပုဂ္ဂိုလ်တွေ ရောက်လာပြီး ဘာမေးမေး ဖြေဆိုနိုင်ကြသဖြင့် အတန်းပိုင်ဆရာ-နှင့်တကွ ကျောင်းအုပ်ကြီးမှာ မျက်နှာပွင့်လျက် ရှိရ၏။

သို့ပါသော်ငြား ရက်တစ်ရက်၌ ထိုအတန်းရှိ ကျောင်းသား၊ ကျောင်းသူများ မဖြေဆိုနိုင်သော မေးခွန်းတစ်ခု ထွက်ပေါ်လာလေ၏။ ထိုမေးခွန်းကား . .

*"ဤအတန်းရှိ ပြတင်းပေါက်မှန်တစ်ချပ်မှာ ကွဲနေ၏။ ထိုပြတင်းပေါက်မှန်အား ခွဲသူ မည်သူဖြစ်သနည်း"*

ဆိုသည့် မေးခွန်းပင် ဖြစ်သတည်း။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## လည်နေကြလို့ပါ

အမျိုးသမီးများချည်း စုဝေးနေထိုင်သော ဘော်ဒါ ဆောင်တစ်ခု မီးလောင်မှု ဖြစ်ပွားၗ။ သည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်လာကာ မီးငြိမ်းသတ်ကြလေၗ။ မိနစ်ပိုင်းအတွင်း မီးငြိမ်းသတ်နိုင်ပါလျက် နာရီပိုင်းထိကြာသွားသဖြင့် မီးသတ်အရာရှိမှ တပ်ဖွဲ့ဝင်များအား ခေါ်ယူစစ်ဆေးလေသည်။

အရာရှိ ။ ။ "မင်းတို့ကွာ . . ။ မီးသတ်ကျွမ်းကျင်တဲ့ ရဲဘော်တွေ ဖြစ်ပါရဲ့နဲ့ ဒီလောက်မီးလောင်တာကို အကြာကြီး ဖြစ်အောင် ငြိမ်းကြရသလား"

ရဲဘော် ။ ။ "ကျွန်တော်တို့ ဘော်ဒါဆောင်မှာ မျက်စိလည် နေကြလို့ပါဆရာ"

အရာရှိ ။ ။ "ဘယ်နေရာမှာ လည်နေရတာလဲ"

ရဲဘော် ။ ။ "ရေချိုးခန်းနဲ့ အလှပြင်ခန်းမှာပါ ခင်ဗျ"

● ● ●





## သဘောထားကြီးစမ်းပါ

အိမ်ထောင်ဦးစီးလင်ယောက်ျား ရုံးသွားနေခိုက် အိမ်ရှင်မနှင့် အိမ်ဖော်ကောင်မလေး ထွေးခင်တို့ စကားပြောဆိုနေ ကြလေသည်။

အိမ်ရှင်မ ။ ။ "ထွေးခင်ရေ့ . အိမ်ကလူ တော်တော် အကျင့်တန်တာယ်ကွယ်"

ထွေးခင် ။ ။ "ဘာဖြစ်လို့လဲ အန်တီ"

အိမ်ရှင်မ ။ ။ "ဘာဖြစ်ရမှာတဲ့လဲ။ ကေတီဗွီတစ်ခုက ကောင်မလေး တစ်ယောက်နဲ့ ဘာလိုလိုဖြစ်နေသတဲ့။ သိမယ် . . ပြန်လာပလေ့စေဦး။ အကြောင်းကို ပြလိုက်ဦးမယ်"

ထွေးခင် ။ ။ "သိပ်ပွဲမကြမ်းပါနဲ့ငနော် အန်တီ။ တင်းလွန်းရင် ပြတ်တတ်သတဲ့"

အိမ်ရှင်မ ။ ။ "ဒါဖြင့်ရင် ငါ ဘာလုပ်ရမလဲ ထွေးခင်"

ထွေးခင် ။ ။ "သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်လိုက်ပေါ့ အန်တီရယ်။ ထွေးခင်တောင် သဘောထား ကြီးသေးတာပဲ"

အိမ်ရှင်မ ။ ။ "အယ် . . . "

● ● ●


www.burmeseclassic.com

www.burmeseclassic.com

## ဆန္ဒပြည့်ဖို့ ဆိုရင်

လူပျိုသူငယ်ချင်းနှစ်ယောက် လက်ဖက်ရည်ဆိုင်ထိုင်ရင်း အိမ်ထောင်ရေးကိစ္စကို ဆွေးနွေးနေကြ၏။

ပ-သူငယ်ချင်း ။ ။ "မင်းက အိမ်ထောင်ပြုတော့မယ်ဆိုတော့ ဘယ်လိုမိန်းမမျိုးကို ရွေးချယ်မှာလဲ"

ဒု-သူငယ်ချင်း ။ ။ "ရှင်းရှင်းပြောရရင် ငါယူမယ့်မိန်းမဟာ ရုပ်ရည် ချောမောတင့်တယ်သူ ဖြစ်ရမယ်။ လိမ္မာရေးခြား ရှိရမယ်။ ပညာလည်း တတ်ရမယ်။ ဒါ့အပြင် ငွေရေးကြေးရေး ကျောထောက်နောက်ခံ တောင့်တင်းရမယ်"

ပ-သူငယ်ချင်း ။ ။ "ဒါဆိုရင် မင်း မိန်းမရဖို့ မလွယ်ဘူး"

ဒု-သူငယ်ချင်း ။ ။ "ဟ . . ဘာဖြစ်လို့လဲကွ"

ပ-သူငယ်ချင်း ။ ။ "မင်းဟာက မိန်းမလေးယောက်ယူပါမှ မင်း ဆန္ဒပြည့်ဝမယ့်သဘောရှိလို့ပဲ သူငယ်ချင်း"

● ● ●





## အိမ်ထောင်သာယာရေး

မိတ်ဆွေ . . . ။

သင့်အိမ်ထောင်ရေး သာယာရန်အတွက် နည်းလမ်းကောင်းများကို ညွှန်ပြပါရစေ။

(၁) သင့်မိန်းမအား ကြွေနွဲ့သိပ်ရှိကြောင်း၊ သူတစ်ပါး၏ အတင်းအဖျင်းကို မပြောတတ်ကြောင်း မကြာခဏ ချီးမွမ်းပေးပါ။

(၂) သင့်မိန်းမသည် ဘယ်သောအခါမှ စိတ်ကောက်တတ်သူ မဟုတ်ကြောင်း၊ သဘောဖြူအူစင်းကြောင်း မကြာခဏ ထုတ်ဖော်ပြောဆိုပါ။

(၃) သင့်မိန်းမသည် ရိုးရိုးသားသားနေတတ်ကြောင်း၊ လိုချင်လောဘကင်းသော သူတော်ကောင်းဖြစ်ကြောင်း မကြာခဏ ဖွင့်ဟပေးပါ။

ထိုအချက်များကို လေ့လာမှတ်သား၍ လက်တွေ့ကျင့်ကြံပါက သင့်မိန်းမသည် သင့်အား ဖူးဖူးမှုတ်ထားပါလိမ့်မည် မိတ်ဆွေ။

(အကယ်တန္တု အဆိုပါအချက်များနှင့် ဆန့်ကျင်၍ 'ပကတိအမှန်အတိုင်း' ထုတ်ဖော်ပြောကြားပါက သင့်အိမ်ထောင်ရေး အခြေအနေသည် ကိုရွှေတောသားနှင့် လုံးဝမသက်ဆိုင်ပါကြောင်း။)

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## သူ့ အကြောင်းနဲ့သူ

ရုံးတစ်ရုံး၏ သက်သာချောင်ချိရေး လက်ဖက်ရည်ဆိုင်တွင်ဖြစ်၏။ ရုံးဝန်ထမ်းနှစ်ဦး လက်ဖက်ရည်သောက်ကြရင်း အိမ်ထောင်ရေးကိစ္စဘက် ရောက်သွားကြလေသည်။

မောင်မြသွေး ။ ။ "ဟေ့လူ . . ကိုဝင်းလှိုင်။ ခင်ဗျား မိန်းမက ခင်ဗျား အိမ်ပြန်မရောက်မချင်း ထမင်းမစားဘဲ စောင့်နေတယ်ဆို"

ကိုဝင်းလှိုင် ။ ။ "ဟုတ်တယ်လေ။ ငါပြန်လာမှပဲ စားတယ်"

မောင်မြသွေး ။ ။ "တယ်တော်တဲ့ မိန်းမပဲဗျာ။ ကျုပ်တို့ မိန်းမတွေနဲ့တော့ကွာပ။ လင်ကို တော်တော်လေး အလေးပေးတာပဲ"

ကိုဝင်းလှိုင် ။ ။ "အလေးပေးမပေး မသိဘူးကွာ။ မိန်းမ စောင့်တာက ငါပြန်လာရင် ငါကိုယ်တိုင် သူ့အတွက် ခူးခပ်ပေးဖို့၊ သူစားပြီးသား ပန်းကန်ခွက်ယောက်တွေကိုလည်း ငါက ဆေးပေးဖို့ စောင့်နေတာဟ။ ကိုင်း . . မှတ်ပလား"

● ● ●





## လိမ္မာသည်ဆိုသော်လည်း

"တင်သိုက်ထွန်း မွေးထားတဲ့ ခွေးကလေးက အမွေး စုတ်ဖွားနဲ့။ ပြီးတော့ သိပ်လည်း လိမ္မာတာပဲ"

"လှတာတော့ ထားပါတော့။ လိမ္မာတာက ဘယ်လိုလိမ္မာတာလဲ"

"ဟိုတစ်လောက တင်သိုက်ထွန်း လိပ်ခေါင်းရောဂါထပြီး အိပ်ရာထဲ လဲနေတာ မထနိုင်ဘူး။ အဲဒါကို ခွေးကလေးက ဆရာဝန်သွားခေါ်ပေးသတဲ့ မောင်"

"ဟာ . . ဒါဆို တော်တော်လိမ္မာတဲ့ ခွေးကလေးပဲ။ ဒါကြောင့် တင်သိုက်ထွန်းရဲ့ ရောဂါသက်သာသွားတယ် ဆိုပါတော့"

"ဟင့်အင်း . . နောက်ဆရာဝန်တစ်ယောက် ပြောင်းလိုက်ရတယ်"

"ဟင် . . ဘာဖြစ်လို့ ပထမဆရာဝန်က မတော်လို့လား"

"မတော်တာမဟုတ်ဘူး။ တိရစ္ဆာန်ဆရာဝန် ဖြစ်နေလို့"

"အယ် . . ."

● ● ●



www.burmeseclassic.com

www.burmeseclassic.com


## ခြင်ဖြစ်သွားပြီ

စိတ်ကျန်းမာရေးဆေးရုံတွင် ဖြစ်၏။

ခုတင်တစ်လုံးပေါ်၌ စိတ်ဝေဒနာရှင်တစ်ယောက်သည် ခြင်တစ်ကောင်မျှ မရှိပါဘဲလျက် တဖြောင်းဖြောင်းနှင့် ခြင်ရိုက်နေလေ၏။ ထိုမြင်ကွင်းအား ဆေးရုံသို့ အလှူအတန်းလာလုပ်သည့် သူရဲသမိန်ရွာလူကြီး ဦးမောင်ချစ်ဆိုသူက တွေ့မြင်သွားလေ၏။ ဤ၌ ဝေဒနာရှင်အား ရင်းနှီးစွာဖြင့် နှုတ်ခွန်းဆက်သလိုက်၏။

ဦးမောင်ချစ်။ ။ "ငါ့တူရဲ့ နာမည်က ဘယ်သူပါလိမ့်ကွယ်"

လူနာ ။ ။ "မိုးကျော်သူ . . တဲ့"

ဦးမောင်ချစ်။ ။ "လှလိုက်တာကွယ်။ ဦးရဲ့မိတ်ဆွေ စာရေးဆရာမာန်(တောင်လုံးပြန်)ရဲ့ နာမည်ရင်းနဲ့ အတူတူပဲ။ ဒါထက် . . . ငါ့တူ ခြင်တွေ တဖြောင်းဖြောင်းရိုက်နေတာ ဘယ်နှကောင် ရပြီလဲ"

လူနာ ။ ။ "ဆရာကြီးနဲ့ဆိုရင် ကိုးကောင်ရသွားပြီဗျ။ ကိုးကောင်"

ဦးမောင်ချစ်။ ။ "သေပြီဆရာ . ."

●●●

## အထင်တော် လွဲပါဘိ

တစ်နေ့သ၌ စာပေသမားများ စုဝေးထိုင်တတ်ကြသည့် စာပေဗိမာန်အဆောက်အအုံအနီး ဇင်မင်းမောင် လက်ဖက်ရည်ဆိုင်ရှေ့ရှိ လေအန်ကုန်းသို့ စာပေဝါသနာရှင်တစ်ယောက် ရောက်၍လာလေ၏။ ထို့နောက် စာရေးဆရာတို့နှင့် သူကိုယ်သူ မိတ်ဆက်ကာ စာပေရေးရာ သိလိုဖွယ်များကို မေးမြန်းလေတော့၏။ ၎င်း၏အမေးကို လူတွင်ကျယ်လုပ်ချင်သည့် ဝေဖန်ရေးဆရာ ဒလ-ဖြိုးထိန်က ဆရာကြီးအိုက်တင်ပေး၍ ဖြေလေ၏။

ဝါသနာရှင်။ ။ "ဒါထက် ကျွန်တော် သိလိုတာလေး မေးပါရစေ။ သိပေါမင်းဆိုပြီး အနောက်မှာ (၁၂၄၇)လို့ရေးထားတာ ဘာအဓိပ္ပာယ်လဲ ခင်ဗျာ"

ဒလဖြိုးထိန်။ ။ "ဪ . . ၁၂၄၇ဆိုတာ သီပေါမင်း ပါတော်မူတဲ့ နှစ်ကို ဆိုလိုတာလေ"

ဝါသနာရှင်။ ။ "မသိပါဘူးဗျာ။ ကျွန်တော်က သိပေါမင်းရဲ့ စာပေနဲ့ စာနယ်ဇင်းအဖွဲ့ဝင်နံပါတ် ထင်နေလို့"

●●●

www.burmeseclassic.com

## ထွက်သွားရခြင်း အကြောင်းရင်း

ကာလအတန်ကြာ ကွဲကွာနေသော သူငယ်ချင်းနှစ်ဦး မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့ကြ၏။

မောင်တက် ။ ။ "ဟော့လူ . . ကိုဝေသာ။ ခင်ဗျားနှယ်ဗျာ။ မင်္ဂလာဆောင်ခါနီးဆဲဆဲမှာမှ ဘာမပြော၊ ညာမပြောနဲ့ ရောက်ရာပေါက်ရာ ထွက်သွားလိုက်တာ။ ခုမှပဲ ပြန်တွေ့တော့တယ်။ ခင်ဗျားနဲ့ မင်္ဂလာဆောင်မယ့် အမျိုးသမီးလည်း မင်္ဂလာပွဲပျက်တော့ ရှက်သွားပြီး ရာသက်ပန် သီလရှင်ဝတ်သွားပြီ။ နေပါဦး။ အဲ့သလိုမျိုး မင်္ဂလာဆောင်ခါနီးမှ မပြောမဆို ထွက်သွားတာ ရှုးများနေသလားဗျာ"

ကိုဝေသာ ။ ။ "ဘယ်ကလာ . . အရှုးရောဂါပျောက်သွားလို့ တမင်ထွက်သွားတာပဲဟေ့"

●●●





## ကလေးအတွေး(၇)

ရေကူးကန်၌ အချိန်တန်သည့်တိုင် ပြန်တက်မလာ သည့်သားအား မိခင်က လှမ်းပြောလေ၏။

မိခင် ။ ။ "တက်တော့လေ သားရဲ့။ အချိန်တော်တော်ကြာနေပြီ"

သား ။ ။ "ရေကူးရတာ ကောင်းလွန်းလို့ နေပါဦး မေမေရယ်"

မိခင် ။ ။ "တော်ပါတော့ သားရယ်။ ရေထဲမှာ ကြာကြာနေတာ မကောင်းဘူးကွဲ့။ တော်ကြာ အဆုတ်အအေးပတ်လိမ့်မယ်"

သား ။ ။ "မပူပါနဲ့ မေမေရယ်။ ငါးတွေ၊ ဖားတွေ၊ လိပ်တွေ တောင်မှ အဆုတ်အအေး မပတ်ကြတာပဲဟာ"

မိခင် ။ ။ "တယ် . . ဒီကလေး"

●●●

www.burmeseclassic.com

## မဖြစ်နိုင်လို့ပါ

လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်တော့မည့် ဝန်ထမ်းတစ်ဦးသည် ၎င်းခံစားနေရသော ရောဂါဝေဒနာနှင့် ပတ်သက်၍ ဆရာဝန်ထံ သွားရောက်ကာ တိုင်ပင်ဆွေးနွေးပြီး အကြံဉာဏ်တောင်းခံ၏။

ဆရာဝန် ။ ။ "ခင်ဗျားရဲ့ ဝေဒနာအတွက်ကတော့ လမ်းလျှောက်ပေးဖို့ လိုလိမ့်မယ်။ တစ်နေ့ကို အနည်းဆုံး သုံးမိုင်လောက် လျှောက်ပေးရမယ်"

လူနာ ။ ။ "ဒါတော့ ဖြစ်နိုင်လိမ့်မယ် မထင်ဘူးဆရာ။ သည့်ပြင် ဘာဆေးဝါးပေးပေး ကျွန်တော် သောက်ပါ့မယ်"

ဆရာဝန် ။ ။ "နေပါဦး။ လမ်းလျှောက်လေ့ကျင့်ခန်းလုပ်တာ ဘာများ အပန်းကြီးလို့လဲ အလုပ်ဆင်း အလုပ်တက် ကားမစီးဘဲ လမ်းလျှောက်ရင်ရသားနဲ့"

လူနာ ။ ။ "လုံးဝမဖြစ်နိုင်ပါဘူးဆရာရယ်။ ကျွန်တော့် အလုပ်က ပင်လယ်ပြင်မှာ မီးပြတိုက် စောင့်တဲ့အလုပ်ပါ"

● ● ●





## မဖြစ်သင့်တဲ့ ကိစ္စ

သား ။ ။ "ဖေဖေ့ကို မေးစရာရှိလို့"

ဖခင် ။ ။ "ဘာများတုံး သားရဲ့"

သား ။ ။ "လူတစ်ယောက်ဟာ သူမလုပ်တဲ့ကိစ္စနဲ့ ပတ်သက်လို့ အပြစ်ပေးခံရတာမျိုးဟာ ဖြစ်သင့်သလား ဖေဖေ"

ဖခင် ။ ။ "ဘယ်ဖြစ်သင့်မှာလဲ သား"

သား ။ ။ "ဒါဆိုရင် သားတို့ဆရာမ မှားပြီပေါ့"

ဖခင် ။ ။ "ဘာများမှားလို့လဲ သား"

သား ။ ။ "ဆရာမပေါ့။ အိမ်စာတွေ သားမလုပ်ခဲ့လို့ဆိုပြီး သားကို အသားလွတ် ရိုက်တယ်ဖေဖေရဲ့"

ဖခင် ။ ။ "ဗျာယ် . ."

● ● ●

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## လက်တွေ့ ပြရမလား

လေးလေး ။ ။ "ငါတူဖိုးညက်။ ငွမ်းတစ်ပိသာနဲ့ ခဲတစ်ပိသာ ဘယ်ဟာက ပိုလေးသလဲကွ"

ဖိုးညက် ။ ။ "ခဲတစ်ပိသာက ပိုလေးတာပေါ့ လေးလေးရ"

လေးလေး ။ ။ "မင်းကွာ . . ပညာတွေ ဒီလောက်သင်ပြီး လျှော့လိုက်တာ။ အလေးချိန်ပိသာချင်းက အတူတူဆိုမှတော့ ဘယ်သူကမှ ပိုမလေးဘူး"

ဖိုးညက် ။ ။ "အလေးချိန်တူပေမဲ့ ခဲက ပိုလေးတာအမှန်ပဲ"

လေးလေး ။ ။ "ရော် . . ဒီကောင်တော့ ခက်နေပြန်ပါပြီ"

ဖိုးညက် ။ ။ "ခက်တာက သားသားမဟုတ်ဘူး။ လေးလေးဗျ၊ လေးလေး။ လေးလေးမ ယုံရင် လေးလေးရဲ့ ခေါင်းကို အဦးဆုံး မှို့တစ်ပိသာ အိတ်နဲ့ထုမယ်။ ပြီးရင် ခဲတစ်ပိသာအိတ်နဲ့ ထုမယ်"

လေးလေး ။ ။ "အောင်မယ်လေး . . လေး . . သေပါပြီဗျာ"

● ● ●





## တက်ရုံရှင် တက်ပါလား

မောင်သိုက် ။ ။ "ဗျို့ . . ကိုအောင်မင်း။ ခင်ဗျားတို့ လမ်းထဲက ထွက်လာတဲ့ အမျိုးသမီးဟာ တော်တော် တောင့်ပြီး ဖြောင့်တာပဲ။ သူ ဘာအလုပ်လုပ်လဲဟင်"

ကိုအောင်မင်း ။ ။ "သူနာပြုဆရာမလေကွာ"

မောင်သိုက် ။ ။ "ဟာ . . ဒါဆိုအတော်ပဲ။ ဘယ်ဆေးခန်းမှာ လုပ်လဲဟင်"

ကိုအောင်မင်း ။ ။ "လှမျှားသွင် ဆေးခန်းမှာထိုင်တယ်။ မင်း ဘာလုပ် မလို့လဲ"

မောင်သိုက် ။ ။ "ရောဂါဝေဒနာတစ်ခုခု အကြောင်းပြပြီး သူရှိတဲ့ ဆေးခန်းမှာ တက်မလားလို့"

ကိုအောင်မင်း ။ ။ "တက်ချင်တက်လေ။ အဲသည်ဆေးခန်းက သားဖွားမီးယပ် အထူးကုဆေးခန်းကွ"

● ● ●

www.burmeseclassic.com

## အကြောင်းရင်း

ကိုသက်ကျော် ။ ။ "ဟေ့ကောင် . . သန့်ဇော်သစ်။ မင်း တို့မဂ္ဂဇင်း ဟိုက်က အယ်ဒီတာ ဆရာငြိမ်းတစ်ယောက် ကေတီဗွီကို သွား သွားနေတယ်ဆို"

သန့်ဇော်သစ် ။ ။ "ဟုတ်ပဗျာ . . အလုပ်ချိန်ပြီးတာနဲ့ ကိုအောင် ကျော်ထူးဆိုတဲ့ ထုတ်ဝေသူနဲ့ ဖုန်းချင်းချိတ်ပြီး သွားကြတာပဲ"

ကိုသက်ကျော် ။ ။ "ဆရာငြိမ်းက ဂီတဝါသနာ အတော်ပါတယ် ထင်ရဲ့"

သန့်ဇော်သစ် ။ ။ "ဒါတော့ မှားပြီ။ ဘာဂျာတို့၊ ပလွေတို့ မှုတ်တတ်ဖို့ မပြောနဲ့ လေတောင် မချွန်တတ်ဘူး"

ကိုသက်ကျော် ။ ။ "ဒါဆိုရင် . . ဘာ့ကြောင့်"

သန့်ဇော်သစ် ။ ။ "သူတို့သွားနေကျ ကေတီဗွီက ကောင်မလေး တွေက အသံကောင်းရုံမက ရုပ်လည်းချောလို့ တဲ့ဗျာ"

●●●





## အားမှ မအားဘဲ

ရဲအရာရှိ ။ ။ "ဟေ့ကောင် . . မောင်မှတ်။ မင်းက ရဲတပ်ဖွဲ့ဝင် တစ်ယောက် ဖြစ်ပြီးတော့ ကိုယ့်ရှေ့က ဖြတ်ပြေး သွားတဲ့ ခါးပိုက်နှိုက်ကို ဘာ့ကြောင့် မဖမ်းလိုက်နိုင် တာလဲ။ မင်းအစား ရှက်လိုက်တာ။ မင်းကော မရှက်ဘူးလား"

မောင်မှတ် ။ ။ "ရှက်တာပေါ့ ဆရာရယ်"

ရဲအရာရှိ ။ ။ "ရှက်ရင် အစကတည်းက ရအောင်ဖမ်းပါလား။ လက်ထဲမှာလည်း သေနတ်ရှိနေတဲ့ဥစ္စာ"

မောင်မှတ် ။ ။ "အဲဒီသေနတ်ကြောင့်ပေါ့ဆရာ။ သေနတ်ကိုင်ထား ရတော့ လက်ကမအားဘူး။ ဒါ့ကြောင့် မဖမ်းနိုင်ခဲ့ တာပါဆရာ။

●●●

## ကလေးအတွေး(၈)

သားငယ် ။ ။ "သက်သတ်လွတ်သမားတွေဟာ ဘာကြောင့် အသား မစားတာလဲ မေမေ"

မိခင် ။ ။ "သူတစ်ပါးအသက်နဲ့ ကိုယ့်ဝမ်းအာဟာရ ဖြည့်တင်းမှု မရှိချင်တဲ့သဘောပေါ့။ ဒါကို အမိဋ္ဌာန် ဆောက် တည်ပြီး အသားမစားတာကွယ့်။ တိရစ္ဆာန်တွေရဲ့ အသားတွေ၊ သတ္တဝါတွေရဲ့ အသားတွေကို ရှောင်ကြ တယ်။ မေမေလည်း သည်ကနေ့ကစပြီး သက်သတ် လွတ်စားတော့မယ် သားရေ"

သားငယ် ။ ။ "ဒါဆိုရင် မီးဖိုပေါ်မှာ ချက်ထားတဲ့ ပဲလင်းမြွေသီး ဟင်းကို မေမေမစားတော့ဘူးပေါ့နော်"

●●●

www.burmeseclassic.com

## ဤလည်း တစ်ဒုက္ခ

ဆရာဝန် ။ ။ "ခင်ဗျား . . သွက်ချာပါဒနဲ့ ဒုက္ခရောက်ဖူးသလား"

လူနာ ။ ။ "ရောက်ခဲ့ဖူးတာပေါ့ ဆရာ"

ဆရာဝန် ။ ။ "ဟုတ်ပြီ . . ။ အဲသည်လို ပွင့်ပွင့်လင်းလင်းရှိမှ ရောဂါရဲ့ ဇာစ်မြစ်ကိုရှာဖွေပြီး ထိထိရောက်ရောက် ကုသနိုင်မယ်။ ကဲ . . ပြောပါဦး။ ဘယ်တုန်းက သွက်ချာပါဒနဲ့ ဒုက္ခရောက်ခဲ့တာလဲ"

လူနာ ။ ။ "ကျောင်းနေတုန်းကပေါ့ဆရာ။ မြန်မာစာဘာသာရပ်ရဲ့ သတ်ပုံအမေးမှာ 'သွက်ချာပါဒ' ဆိုတဲ့ စာလုံးကို မှန်အောင် မပေါင်းဘတ်တော့ အကြီးအကျယ် ဒုက္ခရောက်ခဲ့ရတယ်လေ"

ဆရာဝန် ။ ။ "ငါ့နှယ် . . နော်"

●●●



## တန်တယ် ထင်ရအောင်

လူတစ်ယောက်သည် နာနေသော သွားတစ်ချောင်းကို နှုတ်ရန် သွားရောဂါကုဆေးခန်း အတွင်းသို့ ဝင်လာ၏။ ဆရာဝန်က စမ်းသပ်စစ်ဆေးပြီး ခုံပေါ်တွင်ထိုင်စေကာ သွားနှုတ်ပေးလိုက်၏။ သွားနှုတ်ချိန်မှာ ငါးစက္ကန့်ပင် မကြာလိုက်။

လူနာ ။ ။ "သွားနှုတ်ခ . . ဘယ်လောက်ကျသလဲ ဒေါက်တာ"

ဆရာဝန် ။ ။ "သုံးထောင်ကျပါတယ်"

လူနာ ။ ။ (အံ့အားသင့်စွာဖြင့်) "ဟင် . . ငါးစက္ကန့် တောင် မကြာဘဲနဲ့ သုံးထောင်တောင် ယူရသလား"

ဆရာဝန် ။ ။ "မတန်ဘူးထင်ရင် နောက်တစ်ခါ သွားနှုတ် တော့ မ ပ်ဆိုလာခဲ့။ နာရီဝက်လောက် အချိန်ဆွဲပြီး နှုတ်ပေးမယ်"

လူနာ ။ ။ "အားလား . . လား . . တွေးရင်းနာလာပြီ"

●●●


စိန်မိုးသံစာပေ
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒီလို လျှော့မှပေါ့

ဟာသစာရေးဆရာ မောင်ညာဏ်ကျယ်သည် တစ်ကိုယ်တည်း လွတ်လပ်စွာဖြင့် ဟာသလုံးချင်းပတ္တမြားရေးရန် ဒလမြို့သို့ သွားပြီး တည်းခိုခန်းတစ်ခုအား စုံစမ်းလေ၏။

မောင်ညာဏ်ကျယ် ။ ။ "ခင်ဗျားတို့ တည်းခိုခန်းမှာ တစ်ပတ်တိတိ တစ်ယောက်ခန်းယူပြီး တည်းချင်တယ်။ အဲဒါ . . ဘယ်လောက်ပေးရမလဲ"

တာဝန်ခံ ။ ။ "အစားအသောက်မပါ၊ တည်းခိုတာ သက်သက်အတွက် တစ်ပတ်ကို ခုနစ်ထောင် ကျပါတယ် ဆရာ"

မောင်ညာဏ်ကျယ် ။ ။ "ဟာ . . မများဘူးလား။ တစ်ပတ်တိတိ တောင် တည်းမှာ။ လျှော့ပါဦး"

တာဝန်ခံ ။ ။ "များတယ်ထင်ရင်လည်း တစ်ရက်ကို တစ်ထောင်နှုန်းနဲ့ပဲ ရှင်းပေးပါ"

မောင်ညာဏ်ကျယ် ။ ။ "ဒီလို အလျှော့အတင်း ရှိမှပေါ့။ ကဲ . . သည်ကနေ့အတွက် ရော့ . . တစ်ထောင်"

●●●





## အကွာအဟ

ယမကာရောင်းချသော ဆိုင်တစ်ဆိုင်တွင် ဖြစ်၏။ စားပွဲတစ်လုံး၌ လူရွယ်နှစ်ယောက်ရှိရာ ပထမလူရွယ်၏ ဖန်ခွက်၌ ဝီစကီအရက်ရှိပြီး ကျန်လူရွယ်၏ခွက်၌ ရမ်အရက်ရှိ၏။ ထိုဝိုင်းသို့ လူကြီးတစ်ယောက် ရောက်လာပြီး မြန်မာဘီယာတစ်ခွက် မှာသောက်ကာ ယမကာရောင်း လူရွယ်နှစ်ဦးနှင့် စကား လက်ဆုံကျနေလေသည်။

လူကြီး ။ ။ (ဝီစကီသောက်သောလူရွယ်အား) "ဝီစကီက တစ်ပက်ကို ဘယ်လောက်ပေးရသလဲ"

လူရွယ်(၁) ။ ။ "တစ်ပက်ကို နှစ်ရာခင်ဗျ"

လူကြီး ။ ။ (ရမ်သောက်သော လူရွယ်အား) "ရမ်က ကော ကွယ်။ တစ်ပက်ကို ဘယ်လောက် ပေးရသလဲ"

လူရွယ်(၂) ။ ။ "တစ်ပက်ကို တစ်ရာငါးဆယ်ခင်ဗျ"

လူကြီး ။ ။ "ဒါဖြင့် ဝီစကီနဲ့ ရမ်ဟာ ဘယ်လိုကွာလို့လဲ"

လူရွယ်နှစ်ဦး။ ။ "ငွေငါးဆယ် ကွာပါတယ်ခင်ဗျာ"

●●●



www.burmeseclassic.com

www.burmeseclassic.com

## ဒီလိုလုပ်မှ ဖြစ်မှာပါ

လူနှစ်ယောက် ဘားတစ်ခု၌ အိမ်ထောင်ရေးကိစ္စများကို ပြောဆိုဆွေးနွေးနေကြလေ၏။

ပ-လူ ။ ။ "ငါ ဖတ်ဖူးတဲ့ စာအုပ်တစ်အုပ်ထဲမှာ အသက်ရှည်ရှည်နေချင်ရင် စိတ်ညစ်စရာတွေကို အိပ်ရာထဲ သယ်မသွားနဲ့ . . တဲ့"

ဒု-လူ ။ ။ "ဒါဆို . . ငါအသက်ရှည်ရှည်နေရအောင် မိန်းမနဲ့ ကွာရှင်းလိုက်မှ ဖြစ်တော့မယ်"

ပ-လူ ။ ။ "ဘာဆိုင်လို့လဲကွ"

ဒု-လူ ။ ။ "ဆိုင်ပါသော်ကောကွာ။ ငါ့မိန်းမက ငါ အိပ်ရာထဲ ဝင်ပြီဆိုတာနဲ့ အိပ်မပျော်မချင်း စိတ်ညစ်စရာ စကားတွေကို အာပေါင်အာရင်းသန်သန် ပြောတတ်တာကလား"

●●●





## အသက်ရှည်ကြောင်း နည်းလမ်းကောင်း

ကျန်းမာရေးသုတေသီတစ်ဦးသည် အသက်ရှည်စွာ နေနိုင်မည့် နည်းလမ်းတစ်ရပ်ကို လေ့လာရှာဖွေ စူးစမ်းခဲ့လေသည်။ ထိုနည်းလမ်းကို ဖော်ထုတ်နိုင်ပါက လူအပေါင်းအတွက် အကျိုးရှိစေမည့်အပြင် သူ၏ နာမည်ဂုဏ်သတင်းမှာလည်း အထူးပင် ထင်ရှားကျော်ကြားမည် ဖြစ်၏။

သည့်အတွက် အပတ်တကုတ် လေ့လာစူးစမ်းရင်းမှ မမျှော်လင့်ဘဲ ကျေနပ်ဖွယ်ကောင်းသော နည်းလမ်းတစ်ခုကို ရရှိခဲ့လေ၏။ သည့်အတွက် ပညာရှင်အပေါင်းကို ဖိတ်ခေါ်လျက် သူရှာဖွေတွေ့ရှိခဲ့သော နည်းလမ်းကိုတင်ပြရာ အားလုံးသည် တစ်ညီတစ်ညွတ်တည်း သဘောကျလက်ခံခဲ့ကြလေ၏။

သူ တင်ပြသော အသက်ရှည်နည်းမှာ အသက်တစ်ရာ နှစ်ဆယ်ကိုင်အောင် အသက်ကို မှန်မှန်ရှူသွင်း၊ ရှူထုတ်ခြင်းပင် ဖြစ်လေသတတ်။

●●●


www.burmeseclassic.com

www.burmeseclassic.com



## ဆရာဝန်တွက်ကိန်း

ဆေးခန်းတစ်ခုသို့ လူနာတစ်ဦးရောက်လာပြီး ကျန်းမာရေးကို အစစ်ဆေးခံလေ၏။

ဆရာဝန် ။ ။ "ခင်ဗျား . . အရက်ဖြတ်ဖို့ ကောင်းပြီ။ အရက်မသောက်ရင် အသက်ရှည်ရှည်နေရလိမ့်မယ်"

လူနာ ။ ။ "ကျွန်တော် အရက်သောက်လာတာ ခုဆို အသက်(၆၀)ရှိပါပြီဆရာရယ်။ ထွေထွေထူးထူး ဘာမှမဖြစ်ခဲ့ပါဘူး။ အခုကျမှ ဟိုက အောင့်၊ သည်ကအောင့်နဲ့"

ဆရာဝန် ။ ။ "အဲဒါပြောတာပေါ့ဗျ။ ခင်ဗျားသာ အရက် မသောက်ခဲ့ရင် ခုဆို အသက်(၇၀)ရှိလောက်ပြီ"

●●●





## ခုလည်း (၂)ပေါင်ပါပဲ

ကလေးငယ်နှစ်ယောက် အငြင်းအခုန် ဖြစ်နေကြလေသည်။

ကျဲသိုး ။ ။ "ဟေ့ကောင် . . ကြွက်နီ၊ မင်းကို မွေးတုန်းက (၂)ပေါင်ပဲ ရှိတယ်ဆို"

ကြွက်နီ ။ ။ "ဟုတ်တယ်လေကွာ။ မွေးခန်းထဲက ထွက်လာတော့ (၂)ပေါင်ပဲရှိလို့ ငါ့အဖေနဲ့အမေက ငါ့ကို အသက်ရှင်လူလားမြောက်အောင် ဆရာဝန်ကြီးတွေနဲ့ မနည်းကုပေးခဲ့လို့ ခုအရွယ် ရောက်လာတာ"

ကျဲသိုး ။ ။ "ထားပါတော့ကွာ။ အခုကော ဘယ်နှပေါင်ရှိသလဲ"

ကြွက်နီ ။ ။ "(၂)ပေါင်ပဲရှိပါတယ်"

ကျဲသိုး ။ ။ "ဟာ . . မင်းအရူးလား။ မဟုတ်က ဟုတ်တတွေ မပြောနဲ့"

ကြွက်နီ ။ ။ "ဘာလဲ . . မယုံဘူးလား။ ဟောသည်မှာ ကြည့်"

(ထိုသို့ ပြောဆိုပြီးနောက် ကတောင်းမြှောင်အောင် ကျိုက်ကာ ရင်း၏ ပေါင်နှစ်ဘက်ကို ပုတ်ပြလိုက်လေသည်။)

●●●

www.burmeseclassic.com

www.burmeseclassic.com

## ရှေ့နေဆိုတာ

ရှေ့နေကြီးဦးနက်ကျော်ထံ ဒလမှအမှုသည် အောင်မင်း ရောက်လာ၏။

အောင်မင်း ။ ။ "ကျွန်တော့်မိန်းမ မကြာခင် ရွှေဘိုက သူ့ အမေအိမ်ကို ဆင်းသွားတယ်ဆရာ။ သူ မရှိရင် မနေတတ်ဘူး။ ဒီတော့ မယား ပြန်ခေါ် လို့မှုနဲ့ တရားစွဲချင်တယ်။ သည့်အတွက် ဆရာ့ကို အမှုလာအပ်တာပါ"

ဦးနက်ကျော် ။ ။ "မပူနဲ့ ခင်ဗျားအမှု နိုင်ကို နိုင်စေရမယ်"

အောင်မင်း ။ ။ "အားရှိလိုက်တာ ဆရာရယ်။ တကယ်လို့များ ကျွန်တော်က အမှုနိုင်ပါရဲ့သားနဲ့ မကြာစိက ပြန်မလိုက်ခဲ့ရင်ကော"

ဦးနက်ကျော် ။ ။ "အတင်းဆွဲခေါ်ပြီ ကားတင်ပြေးပေါ့ဗျာ"

အောင်မင်း ။ ။ "ဒါဆိုရင် အိုကေပြီလားဆရာ"

ဦးနက်ကျော် ။ ။ "အိုကေ၊ မကေတော့ မသိဘူး။ ကျွန်တော့် အတွက် အမှုတစ်ခု ထပ်ရသွားမှာ သေချာတယ်"

●●●





## ပိုပြီးစိတ်ချရအောင်

ရပ်ကွက်တစ်ခုရှိ လမ်းတစ်လမ်း၏ထိပ်၌ မီးကင်းတဲ တစ်ခုရှိ၏။ ထိုမီးကင်းတဲ၌ ကင်းစောင့်သူနှစ်ဦးရှိရာ တစ်ဦးမှာ လုံချည်ကို ခြုံလျက် အိပ်မောကျနေ၏။

နိုးနေသူ ။ ။ "ဟေ့ကောင် . . သာဂေါင်ကြီး။ ထ . . ထ ခဏထစမ်း"

သာဂေါင်ကြီး ။ ။ "ဟေ . . ဘာ . . ဘာ . . ဘာဖြစ်လို့လဲ"

နိုးနေသူ ။ ။ "မင်းအိပ်ပျော်နေတာကိုး"

သာဂေါင်ကြီး ။ ။ "ဟုတ်တယ်လေကွာ။ ဘာလဲ . . ကင်း စစ်အဖွဲ့တွေ လာနေလို့လား"

နိုးနေသူ ။ ။ "သူတို့ လာမစစ်ဖြစ်ဘူးတဲ့။ အဲဒါကြောင့် စိတ်ချလက်ချ ဆက်အိပ်ဖို့ မင်းကိုနိုးပြီး ပြောတာ"

သာဂေါင်ကြီး ။ ။ "သေပါတော့ကွာ"

●●●


www.burmeseclassic.com

www.burmeseclassic.com

## လည်ပြီးသားပါ

ကွန်ပျူတာ အရောင်းဌာနတွင် ဖြစ်၏။ မန်နေဂျာနှင့် သူ၏မိတ်ဆွေတို့ စကားလက်ဆုံကျနေကြ၏။

မိတ်ဆွေ ။ ။ "နေစမ်းပါဦးဗျ။ ခင်ဗျားဆိုင်က ကွန်ပျူတာတွေကို ဈေးနှုန်းအရင်းအတိုင်းနဲ့ ရောင်းတယ်ဆို"

မန်နေဂျာ ။ ။ "ဟုတ်တယ်လေဗျာ"

မိတ်ဆွေ ။ ။ "ဟာ . . ဒါဆို အရင်းပဲရမှာပေါ့။ ဘယ်မှာ အကျိုးအမြတ်ရှိမှာတဲ့လဲ"

မန်နေဂျာ ။ ။ "မပူပါနဲ့ဗျာ။ ကျုပ်ဆိုင်က အရင်းအတိုင်း ဝယ်သွားတဲ့ ကွန်ပျူတာတွေဆိုတာ တစ်နှစ်မကြာဘူး။ ပျက်မှာပဲ။ အဲဒီတော့ ကျုပ်ဆိုင်ကို လာပြီး ပြင်ကြမယ်။ စပယ်ယာပတ် ပစ္စည်းတွေ ဝယ်ထည့်ကြမယ်။ အဲဒီမှာတင် မတရားမြတ်နေပြီ။ ဒါကြောင့် ဒီယုန်မြင်လို့ ဒီခြုံထွင်လိုက်တာလေ"

မိတ်ဆွေ ။ ။ "ပိုင်ပါပေ့ဗျာ"

• • •





## ဘယ်နတ်လဲတော့ မသိဘူး

သားငယ် ။ ။ "နတ်ဆိုတာ တကယ်ရှိသလား ဖေဖေ"

ဖခင် ။ ။ "ရှိတာပေါ့သားရယ်။ ကိုယ်မှာ ကိုယ်စောင့် နတ်ရှိတယ်။ အိမ်မှာဆို အိမ်စောင့်နတ်။ ခြံမှာဆို ခြံစောင့်နတ်။ အို . . နေရာပိုင်းမှာ ရှိတယ်သားရဲ့"

သားငယ် ။ ။ "ဒါဆို ဟုတ်လိမ့်မယ်ထင်တယ်"

ဖခင် ။ ။ "ဘာဟုတ်တာလဲ သား"

သားငယ် ။ ။ "ညက ဖေဖေနဲ့ မေမေ့ကြားမှာ သားအိပ်တယ်လေ။ မနက်မိုးလင်းတော့ သားဟာ ဖေဖေတို့ကြားမှာ မရှိတော့ဘူး။ ခြေရင်းမှာ ရောက်နေပြီ။ ကေန္တသားကို ဆွဲထုတ်သွားတာ ဘယ်နတ်လဲတော့ မသိဘူး"

• • •



www.burmeseclassic.com

www.burmeseclassic.com



## ထူးတဲ့ ဓာတ်

ဘိုငြိမ်း ။ ။ "လူတွေရဲ့ ဓာတ်သဘောဟာ အတော့်ကို ထူးဆန်းတယ်ဗျ"

ကိုအောင်ကျော်ထူး ။ ။ "ဘယ်လို ဆန်းတာလဲ။ လုပ်စမ်းပါဦး ဘိုငြိမ်းရယ်"

ဘိုငြိမ်း ။ ။ "ခင်ဗျား ညတုန်းက ကျုပ်ကို ဒကာခံပြီး ခေါ်သွားတဲ့ ဧကတီဗွီမှာလေဗျာ"

ကိုအောင်ကျော်ထူး ။ ။ "ဟုတ်ပြီ . . အဲဒီမှာ ဘာဖြစ်လဲ"

ဘိုငြိမ်း ။ ။ "ကျုပ်နဲ့တွဲထိုင်တဲ့ ကောင်မလေးရဲ့ နောက်ကျောကို ပွတ်ပေးလိုက်တော့ ဟောဗျာ . . ဘယ်လိုဓာတ်သဘောလည်း မသိပါဘူး။ မျက်တောင်ခတ္တ မှေးစင်းသွားပြီး ကျုပ် ပခုံးကို လာမှီသဗျ"

ကိုအောင်ကျော်ထူး ။ ။ "ဟုတ်ပ . . ဘိုငြိမ်းရေ။ တော်တော် ထူးဆန်းတဲ့ ဓာတ်ပဲ။ ကျွန်တော်လည်း သည်အခါကျ လေ့လာစူး စမ်းလိုက်ဦးမယ်"

ဘိုငြိမ်း ။ ။ "ကျုပ်ကိုခေါ် ဖို့ မမေ့မနေနဲ့ဦးနော်"

ကိုအောင်ကျော်ထူး ။ ။ "စိတ်သာချ . . ဟဲ . . ဟဲ . . ဟဲ"

●●●





## မထူးပါဘူး မေမေရယ်

မကြာသေးခင်ကမှ လက်ထပ်သွားသော သမီးဖြစ်သူသည် အားလပ်ရက်တစ်ရက်၌ မိခင်၏အိမ်သို့ ရောက်လာခဲ့၏။

မိခင် ။ ။ "ငါ့သမီးကို နှစ်ကိုယ်ကြား မေးရဦးမယ်။ သမီးဟာ အခု အိမ်ထောင်ရှင်ဖြစ်သွားခဲ့ပြီနော်။ သည်တော့ အပျိုစင်ဘဝနဲ့ အိမ်ထောင်ရှင်ဘဝ ဘယ်လိုများ ကွာခြားသလဲဆိုတာ မေမေ့ကို ပြောပါဦး"

သမီး ။ ။ "မထူးပါဘူး မေမေရယ်။ သမီး အပျိုဘဝတုန်းက ကိုစိန်လင်း ညဘက်အိမ်လာလည်တော့ အိပ်ချင်လျက်နဲ့ သူမပြန်မချင်း စောင့်ခဲ့ရတယ်။ ဟော . . ခုအိမ်ထောင်ရှင် ဖြစ်လာပြန်တော့လည်း ကိုစိန်လင်း အိမ်ကို ပြန်မရောက်မချင်း အိပ်ချင်လျက်နဲ့ စောင့်နေရပြန်ပါရော။ မထူး . . မထူးပါဘူး မေမေရယ်"

●●●



www.burmeseclassic.com

www.burmeseclassic.com

## မြန်ချက်ကတော့

စကားကြွယ်သော လှေတော်သားတစ်ယောက် ရန်ကုန်မြို့သို့ ရောက်လာ၏။ ထိုအခါ မြို့သားတစ်ယောက်နှင့် စကားလက်ဆုံ ကျလေသည်။

မြို့သား ။ ။ "ဗျို့ . . ကိုလှေတော်သား။ ခင်များတို့ လှေကောက လှည်းတွေဟာ ကျုပ်တို့မြို့က ကားတွေလို မြန်မှာ မဟုတ်ဘူးနော်။ အဲဒါ လက်ခံသလား"

လှေတော်သား ။ ။ "ကိုယ့်လူ . . ကျုပ်တို့ရွာက လှည်းတွေကို မစီးဖူးသေးလို့ ဒီစကားပြောတာပါ။ စီးဖူးရင် ဒီစကားကို လုံးဝပြောမယ် မထင်ဘူး"

မြို့သား ။ ။ "ဆိုစမ်းပါဦး။ ခင်ဗျားတို့ လှေတောက လှည်းတွေ မြန်သလား"

လှေတော်သား ။ ။ "မြန်ချက်ကို ပြောရရင်တော့ဗျာ၊ လှည်းပေါ် ရောက်တာနဲ့ ရိုင်ဖယ်ကျည်ဆံပေါ် တက်ထိုင်ရသလား အောက်မေ့ရတယ်"

မြို့သား ။ ။ "သေပြီ ဆရာ"

● ● ●





## နှိုင်းယှဉ်ခြင်း

ရှေ့တန်းစစ်မျက်နှာမှ ပြန်လာပြီး အပြင်ထွက်ခွင့်ရသော စစ်သား တစ်ဦးနှင့် အရပ်သားတစ်ဦးတို့ ဘိုကလေးဈေး လမ်းထောင့်ရှိ ယမင်း စည်ဘီယာဆိုင်၌ သောက်စားကြရင်း ရင်းနှီးစွာ စကားဆိုကြလေသည်။

စစ်သား ။ ။ "အရက်သောက်လို့ သေရတဲ့သူနဲ့ သေနတ်မှန်လို့ သေရတဲ့သူ အဲဒီသူတွေရဲ့ အရေအတွက်ဟာ ဘယ်ဟာ ပိုများမယ် ထင်သလဲ"

အရပ်သား ။ ။ "မပြောတတ်ပါဘူးဗျာ"

စစ်သား ။ ။ "ဒါဆို မှတ်ထားဗျို့။ အရက်သောက်တဲ့သူ အရေ အတွက်က သေရတာများတယ်"

အရပ်သား ။ ။ "အင်း . . ဟုတ်မှာပေါ့လေ။ သေနတ်က အရက်မှ မသောက်တတ်တဲ့ဥစ္စာ"

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## လိုက်လည်း လိုက်ပါပေ့

အမြောက်ကြိုက်သော အပျိုမလေးနှင့် မြှောက်ပင့်တတ်သော လူပျိုလေးတို့သည် သမီးရည်းစားဖြစ်ကာ အင်းလျားကန်ပေါင်ရှိ ခုံတန်းလျားပေါ်၌ ချိန်းတွေ့စကားဆိုကြလေ၏။

မ ။ ။ "ဘာပဲဖြစ်ဖြစ် မ,ကတော့လေ မ,ကို သိပ်လှတယ်လို့ ပြောတဲ့သူဆိုရင် သိပ်ကိုကျေးဇူးတင်လို့ ဆုံးမှာမဟုတ်ဘူး"

မောင် ။ ။ "တကယ်ပဲလား မ,ရယ်။ အဲသလို မ,ပြောပုံကလေးကိုက သိပ်ပြီးလှတာပဲ"

မ ။ ။ "အို . . မောင့်ကိုလေ သိပ်ကျေးဇူးတင်လို့ ဆုံးမှာ မဟုတ်တော့ပါဘူး မောင်"

● ● ●





## ထိရောက်တဲ့ ကြော်ငြာ

ဂျာနယ်တစ်စောင်၏ ကြော်ငြာကိုယ်စားလှယ်တစ်ယောက်နှင့် ထိုဂျာနယ်၌ ကြော်ငြာထည့်သွင်းခဲ့ဖူးသူတစ်ယောက်တို့ ဘိုကလေးဈေးလမ်းထောင့်ရှိ မြန်မာစည်ဘီယာဆိုင်၌ ဆုံမိကြလေသည်။

ကြော်ငြာကိုယ်စားလှယ် ။ ။ "ဘယ်လိုလဲ မိတ်ဆွေ။ ကျုပ်တို့ဂျာနယ်မှာ ကြော်ငြာထည့်ခဲ့တာ ထိရောက်မှုရှိခဲ့ တယ် မဟုတ်လား"

ကြော်ငြာရှင် ။ ။ "သိပ်ကို ထိရောက်တာပေါ့ဗျာ"

ကိုယ်စားလှယ် ။ ။ "အဲဒါကြောင့် ပြောတာပေါ့ဗျာ။ မီဒီယာရဲ့ စွမ်းအားဟာ သိပ်ကိုကြီးမားတယ်ဆိုတာ"

ကြော်ငြာရှင် ။ ။ "ကြီးမားသလား၊ သေးငယ်သလား နားမလည်ဘူး၊ ခင်ဗျားတို့ ဂျာနယ်မှာ 'ခြံစောင့်တစ်ဦး အမြန်အလိုရှိသည်'လို့ ကြော်ငြာထည့်လိုက်တာနဲ့"

ကိုယ်စားလှယ် ။ ။ "အဆင်ပြေသွားတယ် မဟုတ်လား"

ကြော်ငြာရှင် ။ ။ "ကြော်ငြာပါတဲ့နေ့မှာတင် ကျုပ်အိမ် ဖောက်ထွင်းခံလိုက်ရတယ်လေ"

● ● ●



www.burmeseclassic.com

 www.burmeseclassic.com 

## ကြော်ငြာဆန်း

ရပ်ကွက်တစ်ခု၌ 'အိမ်ခန်းငှားမည်'ဟူသော ဆိုင်းဘုတ် ကပ်ထားသည့် အိမ်ကလေးတစ်လုံးရှိ၏။ ကာလအတန်ကြာသည်အထိ ငှားမည့်သူမရှိ။ ဤ၌ မိတ်ဆွေတစ်ဦးက သတင်းစာ၌ အောက်ပါ ကြော်ငြာကလေးကို ရေးသားထည့်သွင်းလိုက်သည့်အခါဝယ် ကြော်ငြာ ပါလာသည့်နေ့မှာပင် အိမ်ငှားလိုသူများ အလုအယက် ရောက်လာပြီး ကြားပွဲစားမလိုဘဲ အဆင် ပြေသွားသည်ဟူ၏။ ကြော်ငြာစာသားကား . . .

*"အိမ်ခန်းငှားမည်။*

*ဈေး၊ ကျောင်း၊ ဆေးရုံ၊ ကားမှတ်တိုင်နှင့် နီးသည်။*

*အလှူခံဌာနနှင့်ဝေးသည်။ ရှေ့နေအိမ်နှင့်လည်းဝေး သည်။*

*မိန်းမဖြစ်သူ အိမ်ပေါ်မှ မဆင်းစေရန် ပတ်ဝန်းကျင် ကောင်း၏။*

*ယောက္ခမကြီးနှင့်တကွ ဆွေမျိုးဉာတိများ ညအိပ်ညနေ တည်းခိုရ၍ မဖြစ်ရန် အိမ်ခန်းများကို လျှို့ဝှက်နည်းဖြင့် ဖွဲ့စည်း ထား၏"*

ဟူသတည်း။

● ● ●

## ဒါကြောင့် တူတာပါ

ဆရာမ ။ ။ "ဟဲ့ . . မောင်ပိုးဇာ၊ ဒီကိုလာစမ်း။ သည်စာစီစာကုံးဟာ မင်းလက်ရေးနဲ့ လုံးဝမတူပါလား"

ပိုးဇာ ။ ။ "မတူတာတော့ ကျွန်တော်လည်း မပြောတတ်တော့ဘူး ဆရာမ"

ဆရာမ ။ ။ "မင်း . . မလိမ်နဲ့။ ဒီစာစီစာကုံးကို မင်းအဖေ ရေးပေးလိုက်တာ မဟုတ်လား"

ပိုးဇာ ။ ။ "မဟုတ်ပါဘူးဆရာမ။ အဲ . . ကျွန်တော့်ရဲ့ ဘောလ်ပင် မင်ချောင်းကုန်သွားလို့ အဖေ့ဆီက ဘောလ်ပင် တောင်းပြီးရေးမိပါတယ်"

ဆရာမ ။ ။ "အဲသည်တော့ . . ဘာဖြစ်လဲ"

ပိုးဇာ ။ ။ "အဖေ့ဘောလ်ပင်ကြောင့် အဖေ့ဓာတ်ကူးပြီး လက်ရေး တွေက အဖေနဲ့တူသွားတာ ဖြစ်ပါလိမ့်မယ် ဆရာမ"

ဆရာမ ။ ။ "တယ်လေ . . ငါ။ သွား . . သွား"

● ● ●





www.burmeseclassic.com

www.burmeseclassic.com

## မျှော်လင့်ချက်နဲ့

သူငယ်ချင်းနှစ်ယောက်လမ်းတွင် ဆုံမိကြ၏။

အောင်ရွှေ ။ ။ "ဟေ့ကောင် အောင်ဖေ။ မင်းတို့အိမ်တွင်းရေး သတင်းတွေ ကြားရတယ်"

အောင်ဖေ ။ ။ "ဩော် . . သည်အထိတောင် သတင်းတွေပေါက်တယ်ပေါ့။ ကိုင်း . . လုပ်စမ်းပါဦး။ ဘာတွေ ကြားရတယ်ဆိုတာ"

အောင်ရွှေ ။ ။ "မင်းယောက္ခမ အမကြီးက ငွေသိပ်မက်ပြီး ယောက္ခမ အထီးကြီးက ဇိုးငနဲကြီးဆို။ ပြီးတော့ မင်းရှာဖွေလို့ ရသမျှ သူတို့ကပဲ ထိုင်ခွတီးနေတယ်လို့ ကြားရတယ်"

အောင်ဖေ ။ ။ "ဟုတ်တာပေါ့ကွာ။ အဲဒါကြောင့်လည်း သူတို့သမီး ဖြစ်တဲ့ ငါ့မယားကြီးကို ကွာလိုက်ပြီ"

အောင်ရွှေ ။ ။ "ကွာလိုက်တာ မယားကြီးဆိုတော့ နောက်ထပ် မိန်းမတစ်ယောက် ယူတယ်ပေါ့"

အောင်ဖေ ။ ။ "ဟုတ်တယ်လေကွာ။ ငါ့သူဟဲ့ နောက်မိန်းမ ဘယ်သူလဲ ဆိုတာ သိချင်သေးလို့လား။ တစ်ခါတည်း ပြောပြမယ်။ ငါ့မယားကြီးရဲ့ ညီမအငယ်ဆုံးလေးလေကွာ"

အောင်ရွှေ ။ ။ "ဟာကွာ . . ဒီယောက္ခမနဲ့ပဲ ပြန်ဆုံရမယ်ဆိုတော့ မင်းဥစ္စာဘာထူးတော့မှာမို့လဲ"

အောင်ဖေ ။ ။ "သိပါဘူးကွာ။ သဘောထားများ ပြောင်းလဲလာမလားလို့ပါ"

●●●





## အပြတ်မေး၍ အပြတ်ဖြေသည်

မောင်ရွှေတင် ။ ။ "ဗျို့ . . ဦးညွန့်တင်ကျော်ကြီး။ ဟိုတစ်နေ့က ခင်ဗျားတို့အိမ် ဆွမ်းကျွေးဖိတ်လို့လာတော့ ကောင်မချောချောလေး တစ်ယောက်ကို တွေ့မိတယ်။ အဲဒါ ကို အပွားကြီးကို စုံစမ်းကြည့်တော့ ခင်ဗျားရဲ့ ခယ်မတဲ့။ ဟုတ်သလား"

ဦးညွန့်တင်ကျော် ။ ။ "ဟုတ်ပါပေသည်၊ မှန်ပါပေသည်ပေါ့ကွာ"

မောင်ရွှေဘင် ။ ။ "ဒါထက် . . သူက အပျိုဆို ဟုတ်ပါတယ်နော်"

ဦးညွန့်တင်ကျော် ။ ။ "အေး . . ခုချိန်မှာတော့ အပျိုပဲ။ အဲ . . သူ့အစ်မ ဖြစ်တဲ့ ငါ့မိန်းကွယ်လွန်ရင်တော့ အာမ,မခံနိုင်တော့ဘူး"

●●●



www.burmeseclassic.com

www.burmeseclassic.com

## ဘယ်ညောင်းမှာလဲ

မိခင် ။ ။ "ဟဲ့ . . သားလေး၊ ဆင်းတော့လေကွယ်။ သား ဖေဖေရဲ့ ပေါင်မှာ တက်ထိုင်နေတာ တော်လောက်ပြီပေါ့။ သားဖေဖေ ညောင်းညာနေမှာပဲ"

သားငယ် ။ ။ "ဒီလောက် ခဏတဖြုတ်ထိုင်တာလေးနဲ့ ဖေဖေ ဘာမှ ဖြစ်မသွားနိုင်ပါဘူး မေမေရာ"

မိခင် ။ ။ "ဘာဖြစ်လို့ ဒီလိုပြောရတာလဲ သားလေးရဲ့"

သားငယ် ။ ။ "မေမေ ဘွားဘွားတို့ဆီ တစ်ပတ်လောက်သွားနေတုန်းကဆို အိမ်အလုပ်တွေလုပ်တဲ့ မမ ထွေးခင်ဟာ တစ်နေကုန် ဖေဖေ့ပေါင်ပေါ်မှာ ထိုင်နေတာပဲ။ ဖေဖေကလည်း ညောင်းတယ်လို့ မပြောပေါင်"

မိခင် ။ ။ "တောက် . . "

● ● ●





## သူ့နေရာနှင့်သူ

ဆရာဝန်ကြီးတစ်ဦး၊ အာဂန္တုဘုန်းကြီးတစ်ပါးနှင့် ရှေ့နေတစ်ဦးတို့သည် ခရီးစဉ်တူသဖြင့် အတူတူထွက်လာခဲ့ကြ၏။ လမ်း၌ မမျှော်လင့်ဘဲ တစ်ဘက်နှင့်တစ်ဘက် တုတ်တစ်ပြက် ဓားတစ်ပြက် ရန်ပွဲတစ်ခုကို ကြုံရလေ၏။ ထိုအခါဝယ် ဆရာဝန်က သွားရောက် ဖျန်ဖြေမည်ပြုရာ ရှေ့နေက . .

"မသွားနဲ့ဒေါက်တာ။ သူတို့ဒဏ်ရာအကြီးအကျယ်ရလာရင် ဒေါက်တာက အရေးပေါ်ကုသပေးရမှာ။ အသာနေ"

ဟု ဆိုလေ၏။ ထိုအခါ အာဂန္တုဘုန်းကြီးမှ ထိုရန်ပွဲအား မေတ္တာရပ်ခံဖို့ ကြိုးပမ်းရန် ဟန်ပြင်၏။ ဤ၌ ရှေ့နေကပင်

"မသွားပါနဲ့ဘုရား။ အကယ်တန္တ တစ်ယောက်ယောက် အသက်ဆုံးရင် ကိုယ်တော်က သရဏဂုံတင်ပေးရမှာ မဟုတ်လား"

ဟူ၍ တားမြစ်ပြီး သကာလ၊ ရှေ့နေက သူကိုယ်တိုင်ပင် ရန်ပွဲရှိရာသို့ ထွက်သွားလေ၏။ အံ့ဩဖွယ်ကောင်းသည်မှာ ရှေ့နေဘာပြော ဘာဆိုလိုက်သည် မသိ။ ရန်ပွဲပြီးဆုံးသွားလေတော့၏။ ရှေ့နေ ပြန်လာသောအခါ . .

"ဘာရမှာလဲ။ ခင်းတို့ခုမှုဖြစ်ရင် ငါပဲ စီးပွားဖြစ်မှာ။ ကိုင်း . . ငါအသာကြည့်နေမယ်။ မင်းတို့ ရှေ့လျှောက် စိတ်မညစ်ချင်ရင် ချကြစမ်း"

ဟူ၍ ပြောခဲ့ကြောင်း စကားဆိုလေ၏။ ထိုအခါမှ ဆရာဝန်နှင့် ဘုန်းတော်ကြီးလည်း "သြော် . . သူ့နေရာနဲ့သူတော့လည်း ဟုတ်ပေသားပဲ"ဟူ၍ ကောက်ချက်ချကြလေသတတ်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## တကယ်တော် တကယ်တတ်

မိန်းမကြီး ။ ။ "တော်တော်လည်း အင်္ဂလိပ်စကားကို မှတ်နေအောင် ပြောတတ်လိုက်တဲ့ကလေးပါပဲ ရှင်"

အဖော် ။ ။ "ဘယ်သူ့ကလေးလဲ၊ ဘယ်အရွယ်ရှိပြီလဲ"

မိန်းမကြီး ။ ။ "ဘယ်သူ့ကလေးလဲတော့ မသိပါဘူး။ အင်္ဂလိပ်စကားကိုတော့ တော်တော်လေးကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်တယ်ရှင့်။ ဘယ်အရွယ်လဲဆိုတော့ (၆)နှစ်သားလောက်ပဲ ရှိလိမ့်ဦးမယ်"

အဖော် ။ ။ (အံ့အားတသင့်ဖြင့်) "ဟာ . . ဒါဆို တော်တော်ကလး ပါရမီရှင့်ပေတာပဲ။ နို့ . . နေ စမ်းပါဦး။ ရှင် အဲဒီကလေးကို ဘယ်မှာတွေ့ခဲ့တာလဲဟင်"

မိန်းမကြီး ။ ။ "ညတုန်းက ကြည့်ခဲ့ရတဲ့ အင်္ဂလိပ်ဗီဒီယို ဇာတ်ကားထဲမှာလေ"

အဖော် ။ ။ "ငါနဲ့ . . နော်"

● ● ●





## တစ်နေ့တော့ သိလာမှာပါ

လူနာ ။ ။ "ဆရာဝန်တွေတောင် တစ်ယောက်နဲ့တစ်ယောက် ထင်မြင်ချက်ပေးတာချင်း မတူကြဘူးနော်"

မိတ်ဆွေ ။ ။ "နေပါဦး . . ဘာဖြစ်လို့ သည်စကား ပြောရတာလဲ"

လူနာ ။ ။ "ကျွန်တော့်ရောဂါကို မနက်ပိုင်းလာကြည့်တဲ့ ဆရာဝန်က အသည်းကို ထိတာတဲ့။ အဲ . . ညနေပိုင်းလာကြည့်တဲ့ ဆရာဝန်ကတော့ အသည်းမဟုတ်ဘူး။ အဆုတ်တဲ့ဗျာ။ မျက်စိကို လည်ရောပဲ။ ဘယ်ဟာအမှန်ဖြစ်မလဲ မသိဘူး"

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## သူ့ထက်...ကဲ

လေအန်ကုန်းမည်သည့် စာပေရပ်ဝန်း၌ စာပေသမားများ ထိုင်နေကြ၏။ သူတို့သည် ဇင်မင်းမောင် လက်ဖက်ရည်ဆိုင်မှ ရေနွေးကြမ်းအိုးကို ထည့်လဲမှာရင်း စာပေအကြောင်းများကို နေကုန်နေခန်း ပြောနေကြ၏။ ငြင်းခုံနေကြ၏။

ဖြိုးထိန် ။ ။ "ဟောကောင် ..မြေကြီး။ ဟောဒီမှာ ငါဝေဖန်မယ့် စာအုပ်။ အကြည်တော်ရဲ့ နောက်ဆုံးဝတ္ထု။ မင်း ဖတ်ပြီး ပြီလား"

မြေကြီး ။ ။ "ဝတ္ထုဖတ်ဖို့ထက် သောက်ဖို့က အရေးကြီးနေတော့ မဖတ်ဖြစ်ပါဘူးကွာ"

ဖြိုးထိန် ။ ။ "မင်းတော်တော် ညံ့တဲ့ စာသမားပဲ။ ဒီဝတ္ထုထွက်နေတာ နှစ်လလောက်တောင် ရှိနေပြီ။ ဒါတောင် မဖတ်ဖူးသေးဘူးတဲ့။ အံ့ရောကွာ"

မြေကြီး ။ ။ "ဩ . . သည်လောက် နှစ်လလေးကြာတာကို အံ့ရောတဲ့။ ဟုတ်လား ဖြိုးထိန်။ ဒါဆို မင်း မြစေတီ ကျောက်စာကို ဖတ်ပြီးပလား"

ဖြိုးထိန် ။ ။ "ဟင့်အင်း"

မြေကြီး ။ ။ "မင်းကမှ ငါ့ထက် ပိုညံ့တာကွ။ မြစေတီ ကျောက်စာဆိုတာ ကျန်စစ်မင်းလက်ထက် ပုဂံခေတ်ကတည်းက ပေါ်နေတာကွ။ အံ့ရော . . ဖြိုးထိန်ရာ"

● ● ●





## အလကား မဖြစ်ရအောင်

စာနယ်ဇင်းသမား ။ ။ "ငါတော့ တီဗီတစ်လုံး ဝယ်မှဖြစ်တော့မယ်"

မိတ်ဆွေ ။ ။ "ဘာဖြစ်လို့လဲ"

စာနယ်ဇင်းသမား ။ ။ "ဟိုတစ်နေ့က ရိုမှဒ်ထုတ်တဲ့ ကုမ္ပဏီ တစ်ခုက စာနယ်ဇင်းတွေ့ဆုံပွဲ လုပ်တယ်လေ"

မိတ်ဆွေ ။ ။ "တွေ့ဆုံပွဲလုပ်တာနဲ့ တီဗီဝယ်မှာနဲ့ ဘာဆိုင်လို့လဲ"

စာနယ်ဇင်းသမား ။ ။ "ဆိုင်ပါသော်ကောကွာ။ အဲဒီပွဲပြီးတော့ ထုတ်လုပ်သူပိုင်ရှင်က စာနယ်ဇင်းသမားတွေကို ရိုမှဒ်တစ်ခုစီ လက်ဆောင်ပေးတယ်။ အဲဒီ ရိုမှဒ် အလကားမဖြစ်ရလေအောင် တီဗီဝယ်မှ ဖြစ်မယ်လို့ ပြောတာပါကွာ"

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## ပါးပါးလေး

ဒလ-ပန်းဆိုးတန်း ကူတို့ကူးသင်္ဘောပေါ်တွင်ဖြစ်သည်။ ဂျာနယ်ဆရာကြီးတစ်ဦးသည် ဂျာနယ်များကို လက်တွင်ပွေ့၍ ခရီးသည်များအား အော်ဟစ်ရောင်းချနေသည်။

ဂျာနယ်ဆရာကြီး ။ ။ "ဝယ်ထားနော်။ ဝယ်ထားကြနော်။ ဘာမဟုတ်ညာမဟုတ်နဲ့ အယောက်ငါးဆယ် အလိမ်ခံထိသွားကြပြီ။ ဂျာနယ်တွေ . . ဂျာနယ်တွေ"

ထိုအခါ၌ ထိုင်ခုံတစ်လုံး၌ ထိုင်နေသော ခရီးသည် တစ်ဦးသည် ဂျာနယ်ဆရာကြီးကိုလှမ်းခေါ်၍ ဂျာနယ်တစ်စောင်ကို ဝယ်လိုက်၏။ အတန်ကြာဖတ်ရှုပြီးနောက် ဘဝင်မကျဟန် မျက်နှာထားဖြင့် . . .

"ဗျို့ . . ဆရာကြီး။ ဘယ်မှာလဲ။ ဘာမဟုတ်ညာမဟုတ်နဲ့ လူငါးဆယ် အလိမ်ခံရတယ်ဆိုတာ။ ဂျာနယ်ထဲ မပါပါလား"

"ဟာ . . မှားနေပြီ။ ကျုပ်အော်တာ ဒီဂျာနယ်ထဲမှာ ပါတယ်လို့ ထည့်မအော်ပါဘူး။ လာနော် . . ဝယ်ထားကြ၊ ဝယ်ထားကြ။ ဘာမဟုတ်ညာမဟုတ်နဲ့ ငါးဆယ့်တစ်ယောက် အလိမ်ခံထိသွားကြပြီ။ ဂျာနယ်တွေ . . ဂျာနယ်တွေ"

●●●





## ဖြစ်ကို ဖြစ်ရမယ်

မိခင် ။ ။ "ဟဲ့ . . သမီး၊ နေမကောင်းတာ ဆေးသောက်ပြီးတော့ ငြိမ်ငြိမ်ကလေးနေပါလား။ ခုတော့ မကြီးမငယ်နဲ့ ပုခက်ထဲဝင်ပြီး တအားလွှဲစီးနေတယ်။ ဘယ်လိုဖြစ်ရတာတဲ့လဲ"

သမီး ။ ။ "ငြိမ်ငြိမ်နေချင်ပါတယ် အမေ။ ဒါပေမဲ့ ဆေးသောက်တုန်းက ညွှန်ကြားချက်အတိုင်း ဆေးပုလင်းကို မလှုပ်ဘဲ သောက်မိလို့ အဲဒါ ဗိုက်ထဲရောက်နေတဲ့ဆေးတွေ လှုပ်ပြီးသားဖြစ်ရအောင် ပုခက်ကို တအားလွှဲစီးနေတာပါ မေမေ"

မိခင် ။ ။ "ကောင်းပါလေရော . . ပေါက်ကျော်မရယ်"

●●●



www.burmeseclassic.com

www.burmeseclassic.com

## ကောင်းလွန်းလို့

"ယရာဝါသ၊ သမ္ဘာဒဟု၊ ကိစ္စများမြောင်း၊ လူတို့ဘောင်ဝယ်၊ အိမ်ထောင်သက်မွေး၊ ခြုနှယ်မြေးသား" ဆိုသည့် စကားတစ်ရပ်ရှိလေ၏။

ဝင်းလှိုင် ။ ။ "ဟေ့ . . အောင်ကြီး။ မင်းက ငါနဲ့တွေ့တိုင်း 'ယရာဝါသ' ဆိုတဲ့ အိမ်ထောင်ပြုတဲ့ အလုပ်ဟာ 'စက်ဆုပ်ဖွယ်ရာ ကောင်းလွန်းလို့' ဆိုပြီး အမြဲတမ်း ပြောတယ်နော်"

အောင်ကြီး ။ ။ "အေး . . ပြောတယ်လေ။ ဘာဖြစ်လို့လဲ"

ဝင်းလှိုင် ။ ။ "အပြောတခြား၊ အလုပ်တခြား ဖြစ်နေလို့ဟေ့။ အဲသလိုပြောပြီး သန်လျင်ဘက်မှာ မိန်းမရနေတယ် မဟုတ်ဘူးလား"

အောင်ကြီး ။ ။ "ဟုတ်တယ် . . မှန်တယ်လေ"

ဝင်းလှိုင် ။ ။ "ဒါဆို . . ယရာဝါသဆိုတဲ့ အိမ်ထောင်ပြုတဲ့ အလုပ်ဟာ 'စက်ဆုပ်ဖွယ်ရာ ကောင်းလွန်းလို့' ဆိုတာကြီးကို ဘယ်တော့မှ အာချောင်ပြီး မပြောနဲ့တော့"

အောင်ကြီး ။ ။ "မင်း . . ငတုံးပဲ။ သေသေချာချာစဉ်းစားစမ်း။ ငါ့စကားမှာ 'စက်ဆုပ်ဖွယ်ရာ' အနောက်က ဘာလဲ . ."

ဝင်းလှိုင် ။ ။ "ကောင်းလွန်းလို့ . . လေ"

အောင်ကြီး ။ ။ "အဲဒါကြောင့် ငါ မိန်းမယူလိုက်တာ။ ကိုင်း . . အထွန့်တက်ရင် ပုလင်းနဲ့ ခေါင်းရိုက်ခံရပြီသာမှတ်"

● ● ●





## သူ . . . အကြင်နာထားတာ

ဘွားအေဖြစ်သူသည် မြေးကလေးအား လွန်စွာချစ်၏။ ဆုံးမ သွန်သင်လေ့လည်းရှိ၏။ ခုတစ်လော သွန်သင်ဆုံးမနေသည့် အကြောင်းအရာမှာ လူလူချင်း စာနာသနားစိတ်ထားရှိဖို့ဖြစ်လေသည်။ တစ်နေ့သ၌ ဘွားအေဖြစ်သူ ပုတီးစိပ်နေစဉ် မြေးကလေးသည် အူယားဖားယားဖြင့် ရောက်ရှိလာလေသည်။

မြေးငယ် ။ ။ "ဘွားဘွား . . ဘွားဘွား။ အနော့်ကို ငွေ(၅၀) လောက် ပေးပါ"

ဘွားအေ ။ ။ "ဟဲ့ . . ဘာလုပ်မလို့လဲ မြေးငယ်"

မြေးငယ် ။ ။ "လမ်းထိပ်မှာလေ . . လူတစ်ယောက် သနားပါတယ် ဘွားဘွားရယ်။ အလေးအပင်ပုံးကြီးကို လွယ်ပြီး အော်ဟစ်နေလို့ပါ။ အဲဒါ ပေးချင်လို့"

ဘွားအေ ။ ။ "ဩော် . . မြေးကလေးက ဘွားဘွား ဆုံးမသလို လူတစ်ဖက်သားကို သနားတတ်သားပဲ။ ကောင်းတယ် ကောင်းတယ်။ ရော့ရော့ . . ငါးဆယ်"

(ဤသို့ မြေးငယ်သည် ငွေငါးဆယ်ကိုယူကာ လမ်းထိပ်သို့ ပြေးသွားပြီး ရေခဲမုန့်ပုံးလွယ်လျက် အော်ဟစ်ရောင်းချ သူထံမှ ရေခဲမုန့် ဝယ်စားလိုက်လေတော့သတည်း။)

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## တကယ့် ပစ်မှတ်

အမျိုးသားလူနာတစ်ဦး ဆေးပေးခန်းသို့ရောက်လာကာ ဆရာဝန်နှင့် တွေ့ဆုံ၏။ ဆရာဝန်ကမေးသဖြင့် လူနာက အကြောင်းစုံ ရှင်းပြ၏။

ဆရာဝန် ။ ။ "ခင်ဗျား အခုလိုသာ အမြဲတမ်း အိပ်ရေးပျက် နေမယ်ဆိုရင် ကြာလာတဲ့အခါ ကျန်းမာရေး အကြီးအကျယ် ထိခိုက်လိမ့်မယ်"

လူနာ ။ ။ "မှန်ပါတယ် . . ဆရာ။ အားကိုးပါတယ်။ ကျွန်တော်နဲ့ သင့်တော်မယ့်ဆေးကို ပေးပါ"

ဆရာဝန် ။ ။ "မပူနဲ့။ သောက်ပြီးတာနဲ့ နှစ်မိနှစ်အတွင်း အိပ်ပျော်သွားစေမယ့် အိပ်ဆေးပေးလိုက်မယ်"

လူနာ ။ "ကျေးဇူးတင်လိုက်တာ ဆရာရယ်။ ကျွန်တော် အိပ်ရေး ဝဝ အိပ်ချင်နေတာ ဆရာရဲ့။ အိမ်ပြန်ရောက်တာနဲ့ ဆရာ ညွှန်ကြားတဲ့အတိုင်း သောက်မယ်ဆရာ"

ဆရာဝန် ။ ။ "အို . . အခု ကျုပ်ပေးမယ့်ဆေးဟာ ခင်ဗျား သောက်ရမှာ မဟုတ်ဘူး။ ခင်ဗျားရဲ့ မိန်းမနဲ့ ယောက္ခမကြီးကို တိုက်ရမှာ"

● ● ●





## ကြိုတင်လို့ မြင်ဆင်

ရေကြောင်းသိပ္ပံသို့ ဝင်ခွင့်ရရန်အတွက် လူငယ်များ ရေးဖြေ နှုတ်ဖြေ ဖြေဆိုကြ၏။ ရေးဖြေအောင်မြင်သူများအား နှုတ်ဖြေစာမေးပွဲ ဖြေဆိုစေ၏။ ဤသို့ ကြီးကြပ်သူဆရာများက ရေကြောင်းနှင့် စပ်လျဉ်း၍ ဗဟုသုတဖြစ်ဖွယ် စာအုပ်စာတမ်းများအနက် မည်သည်တို့အား လေ့လာ ဖတ်ရှုသနည်းဆိုသည်ကို မေးမြန်းရာ အောက်ပါအတိုင်း အဖြေ ထွက်ပေါ်လာလေသည်။

ဖြေသူ(၁) ။ ။ "ခေတ်မီသင်္ဘောတည်ဆောက်နည်း စာအုပ်ကို ဖတ်ပါ တယ်"

ဖြေသူ(၂) ။ ။ "ကျွန်တော်ကတော့ ရေကြောင်းဆိုင်ရာ အချက်ပြ သင်္ကေတများစာအုပ်ကို ဖတ်ပါတယ်"

ဖြေသူ(၃) ။ ။ "ကျွန်တော်ကတော့ ရေကြောင်းလမ်းပြ စာအုပ်ပါ"

ဖြေသူ(၄) ။ ။ "ကျွန်တော်ကတော့ ပင်လယ်သမုဒ္ဒရာ၌ ကြုံတွေ့ရသော အခက်အခဲများဆိုတာကို လေ့လာဖတ်ရှုပါတယ်"

ဤသို့ အသီးသီး အသက အသက ဖြေဆိုကြသည့် အနက် နောက်ဆုံးလူရှယ် ဖြေလိုက်သောစကားကြောင့် အင်တာဗျူးခန်းမ တစ်ခုလုံး ပြုံးစေ့စေ့ ဖြစ်သွားကြလေတော့သည်။

"ကျွန်တော်ကတော့ ခရီးသွားအန္တရာယ်ကင်း ဂါထာများနဲ့ မဟာဇနက္ကဇာတ်တော်ကြီးကို လေ့လာဖတ်ရှုထားပါတယ်"

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## ထိုင်ပြန်တော့လည်းပဲ

လင် ။ ။ "ထိုင်နေရင်အကောင်းသား၊ ထသွားမှကျိုးမယ် ဆိုတဲ့ စကားပုံကို အလေးအနက်ထားပြီး ဘာမှမလုပ်ဘဲ ထိုင်ချည်းနေခဲ့တာ"

မယား ။ ။ "ထိုင်နေလို့တော့ ဘာမှ ဖြစ်မလာဘူး ဆိုတာနဲ့ ကြုံပြီပေါ့ ဟုတ်စ"

လင် ။ ။ "ဘယ်ကလာ ထိုင်နေလို့ အခု ဖြစ်ပြီကွ"

မယား ။ ။ "ဘာများပါတုံး တော်ရေ . ."

လင် ။ ။ "အညောင်းကိုင်ပြီး ခု ဒူလာစွဲနေပြီလေ။ ဒူလာ . . ဒူလာ"

●●●

## အမုန်းတော်ခံ အလုပ်ကြီး

"မတတ်သာလို့ လုပ်နေရတယ်။ ကျုပ်အလုပ်က လူဆိုး သူခိုးတွေ အင်မတန် မုန်းတဲ့အလုပ်ဗျ။ မနက် မနက် 'သတင်းကောင်းတွေ ရပါစေ' ဆိုပြီး ဆုတောင်းနေရတာလည်း အင်မတန်မှ အကုသိုလ်ဖြစ်ရတယ်"

"ဘယ်လို အလုပ်များပါလိမ့် ဆရာကြီးမိရယ်"

"မှုခင်းဂျာနယ် မဂ္ဂဇင်းရဲ့ အယ်ဒီတာလေဗျာ"

"အယ် . . ."

●●●





## အမျိုးမျိုးပါပဲလား

ကျောင်းမှပြန်လာသော သားငယ်၏မျက်နှာသည် တစ်စုံတစ်ခုကို အလိုမကျဟန်ရှိ၏။ သည့်အတွက် ဖခင်က မေးလိုက်သည်။

"ဟဲ့ . . သား၊ မျက်နှာလည်း မကောင်းပါလား။ ဘယ်လို ဖြစ်လာတာလဲ"

"သားကို သင်္ချာဆရာမက အမျိုးမျိုးပဲ အဖေ"

"ဆရာမကို အဲသလို မပြောရဘူးကွယ့်"

"ပြောမှာပဲ . . လုပ်ပုံကိုက မဟုတ်တာ"

"ဘာ မဟုတ်တာလဲ"

"အဖေပဲ စဉ်းစားကြည့်။ ဟိုးတစ်နေ့က သင်္ချာသင်တာ သုံးနဲ့ နှစ်နဲ့ပေါင်းရင် ငါးတဲ့။ မနေ့တုန်းကတော့ ခြောက်ထဲက တစ်ကိုနုတ်ရင် ငါးဖြစ်ရပြန်ပြီ။ သည်ကနေ့ကျတော့ လေးနဲ့တစ်ကို ပြန်ပေါင်းတော့ ငါးတဲ့။ ဒီငါးကိုပဲ အမျိုးမျိုး လုပ်ပြနေတယ်"

●●●



www.burmeseclassic.com

www.burmeseclassic.com

## ကာရာအိုကေ(၁)

သည်ရပ်ကွက်ရှိ ကာရာအိုကေရုံကလေးထဲသို့ အချိန်မှန်ရောက်လာတတ်သော ဖောက်သည်တစ်ဦးရှိ၏။ သူရောက်လာလျှင် ကိုတင်လှိုင်၏ နာမည်ကျော်သီချင်းတစ်ပုဒ်ဖြစ်သော 'ပန်းနုပေါက်တာလည်း နာချင်တယ်' သီချင်းတစ်ပုဒ်ကိုသာ သုံးလေးခါဆိုပြီးမှ ပြန်လေ့ရှိ၏။ ကြာသော် ဆိုင်ရှင်နှင့် ရင်းနှီးလာ၏။

ဆိုင်ရှင် ။ ။ "ကိုယ့်ဆရာလာလေတိုင်း 'လက္ခယ်ည သန်းခေါင်ယံ အလယ်မှာ . . မဟူရာ ကျောက်ရိုင်းတစ်လုံးကို . . လူ တကာကောက်ခိုင်းဦးတော့ . . ရှာလို့တွေ့ချင် တွေ့ပါလိမ့်မယ်" ကိုပဲ ဆိုတယ်နော်။ တော်တော်သဘောကျလို့ ထင်ရဲ့"

ဖောက်သည် ။ ။ "သဘောကျဆို ကျုပ်ရဲ့အလုပ်နဲ့ ပလဲနံပသင့်တာလည်း တစ်ကြောင်းပေါ့ဗျာ"

ဆိုင်ရှင် ။ ။ "ဟုတ်လား . . ကိုယ့်ဆရာအလုပ်က ဘာပါလိမ့်"

ဖောက်သည် ။ ။ "မျက်မှန်လုပ်ငန်းလေ"

● ● ●





## ကာရာအိုကေ(၂)

ရပ်ကွက်တစ်ခုရှိ ကာရာအိုကေဆိုင်၌ ဖြစ်၏။

ထိုဆိုင်၌ ကာရာအိုကေဆိုခဈေးနှုန်းမှာ သီချင်းတစ်ပုဒ်လျှင် (၅၀)ကျပ်ဖြစ်၏။ ကာရာအိုကေဆိုင် နည်းပါးသေးသည်မို့ ဖွင့်သောဆိုင်တိုင်းမှာ သူဟာနှင့်သူ တွက်သားကိုက်လျက်ရှိသည်။

တစ်နေ့သ၌ အဆိုပါ ကာရာအိုကေဆိုင်သို့ လူငယ်တစ်ယောက် ဝင်လာလေသည်။

ဆိုင်ရှင် ။ ။ "ဟာ . . ကေလတ်ပါလား။ ပျောက်နေတာကြာပြီ။ ဒါထက် မင်းကောင်မလေးကော"

ကေလတ် ။ ။ "သူ့မိဘတွေဆီ ပြန်ရောက်သွားပြီဗျ"

ဆိုင်ရှင် ။ ။ "ဟိုတစ်လောက . . ကောင်တွင်းကြီးကို ခိုးပြေးသွားတယ်ဆို။ ခု . . ဘယ်လိုဖြစ်ရတာတဲ့လဲ"

ကေလတ် ။ ။ "ဟုတ်တယ်ဗျာ။ ညားတာ ဘာမှမကြာသေးဘူး။ မိဘတွေဆီ စိတ်ပြန်လည်သွားတယ်။ ခု ယောက္ခမကျွန်တော့်ကို လူခိုးမှုနဲ့တောင် တရားစွဲထားလို့ စိတ်ညစ်တယ်ဗျာ။ ကိုင်း . . သီချင်းဆိုမယ်ဗျာ"

ဆိုင်ရှင် ။ ။ "ဘာသီချင်းပါလိမ့်"

ကေလတ် ။ ။ "အဲလက်စ်ရဲ့ ငါ . . မင်းကိုသတ်ချင်တယ်"

● ● ●


www.burmeseclassic.com

www.burmeseclassic.com

## ကာရာအိုကေ(၃)

လူနှစ်ယောက် ကာရာအိုကေရုံရှေ့မှ ဖြတ်သွားကြ၏။ ထိုစဉ် ရုံတွင်းမှ သီချင်းတစ်ပုဒ်ဆိုသံကို ကြားလိုက်ရ၏။ သီချင်းစာသားမှာ "ဆုံးရှုံးခြင်းသာ . . ရင်မှာပိုက်လို့ . . ငိုရှိုက်ခါအဝေး . . ပြေးရပါတော့မည် . . " ဖြစ်၏။

ပ-လူ ။ ။ "ဟာကွာ . . သီချင်းစာသားကလည်းကောင်း၊ အဆိုကလည်းပိုင်ကွာ။ သည်လူ ခံစားချက်အပြည့်နဲ့ ဆိုနေတာကွ"

ဒု-လူ ။ ။ "နေပါဦး . . ဆိုတဲ့လူကို မင်းက သိလို့လား"

ပ-လူ ။ ။ "သိပါကွာ။ အဲသည်လူက မင်းသားကျော်ဆွေရှုး ရှုးနေတဲ့ သာစည်က ဦးကြည်သိန်းတဲ့ကွ"

ဒု-လူ ။ ။ "မင်းက တော်တော်သိတာပါပဲ။ ဒါထက် အဲဒီ ပုဂ္ဂိုလ်က ဘာလုပ်တာလဲ"

ပ-လူ ။ ။ "ဗဟိုတရားရုံးရှေ့နေလေကွာ"

• • •





## တိကျတဲ့ လမ်းညွှန်

နယ်မှတက်လာသော စာပေဝါသနာရှင်တစ်ဦးသည် ရန်ကုန်ဘူတာကြီးသို့ ရောက်လေသော် အသိအကျွမ်းတစ်ဦးနှင့် ဆုံတွေ့လေ၏။ ထိုအခါ ဝမ်းသာအားရဖြင့် -

ဝါသနာရှင် ။ ။ "ဗျို့ . . နောင်ကြီး၊ စာရေးဆရာတွေ တစ်စုတစ်ဝေးတည်းရှိတတ်တဲ့ 'လေအန်ကုန်း' ဆိုတဲ့ နေရာကို သိသလား"

နောင်ကြီး ။ ။ "သိပါဗျာ . . သိပါ"

ဝါသနာရှင် ။ ။ "သိရင် လမ်းညွှန်ပေးပါဗျာ။ သွားချင်လို့။ အဲဒါ ဘယ်နေရာမှာရှိလဲဟင်"

နောင်ကြီး ။ ။ "ဒီကနေ ကုန်သည်လမ်းကိုသွား"

ဝါသနာရှင် ။ ။ "ဟုတ်ပြီ . . သွားပြီ"

နောင်ကြီး ။ ။ "အဲဒီမှာ ဇင်မင်းမောင် လက်ဖက်ရည်ဆိုင် ဆိုတာ ရှိတယ်။ အဲသည်ဆိုင်ရှေ့ဟာ လေအန်ကုန်းပဲ"

ဝါသနာရှင် ။ ။ "ဒါဖြင့် ဇင်မင်းမောင် လက်ဖက်ရည်ဆိုင်ဆိုတာက . . "

နောင်ကြီး ။ ။ "လေအန်ကုန်းရဲ့ ရှေ့မှာလေ"

• • •


www.burmeseclassic.com

www.burmeseclassic.com

## မ,တို့ စွမ်းအင်

အားကျလောက်ဖွယ်ရာ အိမ်ထောင်သက်တမ်းရ နေပြီဖြစ်သည့် လင်မယားစုံတွဲတစ်တွဲထံ သတင်းထောက်တစ်ယောက် ရောက်ရှိသွားပြီး အင်တာဗျူးလေ၏။

သတင်းထောက် ။ ။ "အားကျဖွယ်ရာ ဇနီးမောင်နှံကဏ္ဍအတွက် ကျွန်တော်တို့ဂျာနယ်က အင်တာလာဗျူးတာပါ ခင်ဗျ"

အမျိုးသားကြီး ။ ။ "ဘာများသိချင်လို့ပါလိမ့်။ မေးပါ"

သတင်းထောက် ။ ။ "ဒီလိုပါ . .၊ သည်ရှေ့သည်မျှ လောက်ထိ အိမ်ထောင်သက်ရှည်ခဲ့ရတဲ့ အကြောင်းမှာ ဘယ်လိုများ လျှို့ဝှက်ချက်တွေရှိတယ်ဆိုတာ သိချင်လို့ပါ"

အမျိုးသားကြီး ။ ။ "ဟုတ်ကဲ့ . .၊ ကျွန်တော်တို့ ဇနီးမောင်နှံမှာ သူ့ကဏ္ဍနဲ့သူ တာဝန်ခွဲထားတာရှိပါတယ်။ သာမန်ကိစ္စ လောက်ဆိုရင် ကျွန်တော့်ဇနီးက ဖြေရှင်းပါတယ်။ တကယ့်အကြီးအမား ဆိုရင်တော့ ကျွန်တော့်တာဝန်ပေါ့ လေ။ ခက်တာက အခုသက်တမ်းရောက်တဲ့အထိ ကျွန်တော့်အနေနဲ့ ဘာကိစ္စကိုမှ မဖြေရှင်းခဲ့ရသေးဘူး ဆိုတာပါပဲ"

● ● ●





## အံ့ဩသွားရစေလအောင်

အိမ်ထောင်ရှင် အမျိုးသမီး သူငယ်ချင်းနှစ်ဦးသည် စီးတီးမတ် တစ်ခုတွင် ဆုံတွေ့မိကြ၏။

မြတ်မွန် ။ ။ "ပြုံးရေ . . လာမယ့်အပတ်ထဲမှာ ကိုဟန်မင်း တစ်ယောက် ပြန်လာတော့မယ်တဲ့"

မပြုံး ။ ။ "ဟယ် . . ဟုတ်လား။ မြတ်မွန်အမျိုးသား စကင်္ကာပူ သွားတာ တော်တော်ကြာမှပေါ့နော်။ ငါးနှစ်လောက် ရှိသွားပြီထင်တယ်"

မြတ်မွန် ။ ။ "ဟုတ်တယ် ပြုံးရဲ့။ ကိုဟန်မင်း ပြန်လာရင် ရုတ်တရက် တိုးကိုတွေ့တာနဲ့ အံ့ဩသွားရအောင် ဘယ်လိုလုပ်ရရင် ကောင်းမလဲဟင်"

မပြုံး ။ ။ "လွယ်လွယ်ကလေးပါ မြတ်မွန်ရယ်။ မြတ်မွန်ရဲ့ခေါင်း တစ်ခေါင်းလုံး ဆံပင်ဖြူနေတာတွေကို ဆေးမဆိုးဘဲ သည်အတိုင်းထားလိုက်ပေါ့"

မြတ်မွန် ။ ။ "အယ် . ."

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## ဓလေ့ထုံး

သုတေသီတစ်ဦးသည် နိုင်ငံတကာသို့ လှည့်လည်၍ အိမ်ထောင်ရေးကိစ္စများကို စူးစမ်းခဲ့ပြီးနောက် စာတမ်းတစ်စောင်ပြုစုရာ အောက်ပါအတိုင်း ဖြစ်လေသည်။

ယောကျ်ားတစ်ယောက်အဖို့ မိမိ၏ဇနီးသည်သည် အခြားယောကျ်ားတစ်ယောက်နှင့် ပေါင်းသင်းနေသည်ဆိုပါက

အင်္ဂလန်နိုင်ငံ၌ နောက်ပေါင်းသောယောကျ်ားသည် တရားစွဲခံရမည်ဖြစ်၏။

အမေရိကန်နိုင်ငံ၌ နောက်ယောကျ်ားအား ပထမ ယောကျ်ားက သေနတ်နှင့် ပစ်မည်ဖြစ်၏။

အီတလီနိုင်ငံ၌ ပထမယောကျ်ားက တရားဝင်ကွာ ရှင်းလိုက်၏။

စပိန်နိုင်ငံ၌ ယောကျ်ားချင်း ယှဉ်ပြိုင်ကာ ဓားချင်းခုတ်ကြ၏

ပြင်သစ်နိုင်ငံ၌ ပထမယောကျ်ားနှင့် နောက်ယောကျ်ားတို့ မိတ်ဆွေမပျက် နေထိုင်ကြ၏။

ဇဝံမေသုတံပါတကား . . ။

● ● ●





## ကြောက်လွန်လွန်းလို့

မြို့နယ်ရဲစခန်းတစ်ခုအတွင်းသို့ လူတစ်ယောက်သည် အူလျားဖားလျားဖြင့် ပြေးဝင်လာခဲ့သည်။ သူသည် ထိုမြို့နယ်အတွင်းရှိ ရပ်ကွက်တစ်ခုအတွင်း၌ နေထိုင်ပြီး "မယားကြောက်" စာရင်းဝင်ဖြစ်၏။ ၎င်းသည် ရဲစာရေးကြီးနှင့် ဝင်တွေ့လျက် အမောတကော ဆိုလေ၏။

"ကျွန် . . ကျွန်တော့်ကို ကယ်ပါဦးခင်ဗျာ"

"ထိုင်ပါဦး . . ပြော . . ဘာတွေဖြစ်လာလို့လဲ"

"ကျွန်တော် . . ကျွန်တော့်မိန်းမကို ခပ်ကြောက်ကြောက်ရှိတာနဲ့ မျက်စိစုံမှိတ်ပြီးတော့ ခွေးခြေနဲ့ ပစ်ထည့်မိတယ် ဆရာ"

"ပြဿနာပဲ။ ဒါဖြင့် . . မိန်းမပွဲချင်းပြီးသွားလို့ ကြောက်ကြောက်နဲ့ ပြေးလာခဲ့တာပေါ့"

"မဟုတ်ဘူးဆရာ . . ကျွန်တော် ပစ်ထည့်တာ လွဲချော်သွားလို့ခင်ဗျ"

"အယ် . . ဒါမှ ပြဿနာ"

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အစားမတော်...တစ်လုတ်

"ငါ့ရဲ့ဘဝတစ်သက်တာမှာ ချစ်ရေးချစ်ရာနဲ့ ပတ်သက်ရင် (၅)ကြိမ်အထိ ကြုံခဲ့ဖူးတယ်"

"ဟာ . . တယ်ဟုတ်ပါကလားကွယ်။ (၅)ကြိမ်လုံး ကံကောင်းခဲ့တယ် မဟုတ်လား"

"(၄)ကြိမ် (၄)ခါထိတော့ အိုကေမှာ စိုပြည်ခဲ့ပါရဲ့"

"ဟင် . . ဒါဖြင့် ကျန်တဲ့တစ်ခါက ဘာများဖြစ်လို့ပါလိမ့်"

"(၄)ကြိမ် (၄)ခါဆက်တိုက် အဆင်ပြေခဲ့ရာက (၅)ကြိမ်လည်းရောက်ရော တစ်ခါတည်း အရေးနိမ့်သွားလို့ပေါ့"

"ဘယ်လို အရေးနိမ့်သွားရတာတဲ့တုံး"

"လူကြီးတွေနဲ့ ဝိုင်းဖမ်းပြီး အိမ်ထောင်ချပေးခံရလို့ပေါ့ကွာ"

"အယ် . ."

• • •





## စကားနှင့်အညီ

မြို့ကောင်ပေါက် အပျိုမကလေးနှစ်ဦး စကားကောင်းနေကြသည်။

"နေပါဦး . . သူဇာ၊ မနေ့ညက မင်းဝှားနေတဲ့ အဆောင်ကို မင်းအပေါ် မျက်စိကျနေတဲ့ ကိုဂျော်လီကြီး ရောက်လာတယ်ဆို"

"အေးလေကွယ်။ ကိုယ်ငှားထားတဲ့အဆောင်က သီးသီးသန့်သန့်ဆိုတော့ ပတ်ဝန်းကျင်မှာ ဘယ်သူမှမရှိကြဘူး။ ကိုယ်တစ်ယောက်တည်းပဲ ဖြစ်နေတယ်။ အဲ . . သူရောက်လာတာကလည်း ညဦးဆိုတော့ ပြဿနာပေါ့"

"ဒါဖြင့် . . အဲသည် ပြဿနာကို ဘယ်လိုများ ရှင်းထုတ်ပစ်သလဲ"

"အင်း . . ကိုယ်လည်း အမြင်ကတ်ကတ် ရှိလှတာနဲ့ 'ဒီမယ် . . ကိုဂျော်လီ၊ ခုညဘက်ရောက်နေပြီ။ သည်မှာက ကျွန်မတစ်ယောက်တည်း နေတာရှင့်။ ကျွန်မ ရှင့်မျက်နှာကို လုံးဝမမြင်ချင်ဘူး'လို့ ပြောလိုက်တာပေါ့"

"သည်တော့ . . သူက"

"သူက . . ဒါဆိုဖြစ်ပါတယ်ပြောပြီး မီးခလုတ်တွေကို ပိတ်ပစ်လိုက်တယ်လေ"

• • •



www.burmeseclassic.com

www.burmeseclassic.com

## အကြောင်းမလုံလောက်ပါ

တရားရုံးတော်တစ်ခုတွင်ဖြစ်၏။ တရားသူကြီးသည် သက်သေတစ်ဦးအား စစ်ဆေးနေသည်။

"သည် . . သေနတ်ပစ်ခတ်မှုဖြစ်ပွားတာကို မောင်မင်း မျက်စိနဲ့ မြင်ရသလား"

"မြင်တော့မမြင်ရပါဘူးခင်ဗျာ။ ဒါပေမဲ့ သေနတ်သံကိုတော့ နားနဲ့ဆတ်ဆက် ကြားလိုက်ရပါတယ်"

"မျက်မြင်မဟုတ်ရင် မလုံလောက်ဘူး။ ကဲ . . ပြန်နိုင်ပြီ"

ဤတွင် သက်သေလည်း ဝက်ခြံအတွင်းမှ ထွက်လာပြီး တရားသူကြီး၏ လုပ်ရပ်အတွက် ခပ်တိုးတိုးရယ်မိလိုက်သည်။ ထိုရယ်သံကို တရားသူကြီး ကြားလိုက်ရရာ ဒေါပွသွားပြီး ရုံးတော်အပေါ် မထီမဲ့မြင်ပြုသည်ဟု ဆုံးဖြတ်လိုက်သဖြင့် . .

"နေစမ်းပါဦး . . မင်းက ဘာဖြစ်လို့ ရယ်ရတာတဲ့လဲ"

"တရားသူကြီးမင်းခင်ဗျာ။ ကျွန်တော် ရယ်တာကို မြင်ရလို့လား"

"မြင်တော့ မမြင်ရဘူး။ ဒါပေမဲ့ နားနဲ့တော့ ဆတ်ဆတ်ကြားရတယ်"

"ဒါဆို . . တရားသူကြီးဆုံးဖြတ်ခဲ့သလိုပဲ မျက်မြင် မဟုတ်ရင် မလုံလောက်ပါဘူးနော်"

(နိုင်ငံခြားဟာသတစ်ခုမှ)

● ● ●





## ကောင်းမှု ပြုပါသည်

စာသင်ခန်းတစ်ခုအတွင်း ဆရာနှင့် ကျောင်းသားများ လူမှုရေးဘာသာရပ်အတွက် ဆွေးနွေးနေခဲ့ကြသည်။

ဆရာ ။ ။ "*ကောင်းမှုတစ်ခု နေ့စဉ်ပြုကွဲ့*။ မင်း တို့အမေနေ့ တစ်နေ့တစ်နေ့ ကောင်းတဲ့အမှုကို တင်ခုခု ပြုကြရဲ့လား ဟေ့"

ကျောင်းသားများ ။ ။ "ပြုကြပါတယ် ဆရာ"

ဆရာ ။ ။ "တယ်ဟုတ်ကြပါလားကွယ်။ ဒါဆို မင်းတို့ဟာ လူမှုရေးနားလည်ပြီး လိမ္မာရေးခြားရှိကြတဲ့ ကလေးတွေပဲပေါ့။ ကိုင်း . . မောင်ဝလုံး ထပါဦး။ မင်းသည်ကနေ့မနက် ဘာကောင်းမှု တစ်ခုများ ပြုခဲ့သလဲ"

ဝလုံး ။ ။ "ပြုခဲ့ပါတယ်ဆရာ. . ၊ မေမေက ကျွန်တော် သောက်ရမယ့် သံချဆေးတစ်လုံးကိုပေးပြီး ဈေးသွားနေတုန်း ကျွန်တော် မသောက်ရက်တော့ဘဲ အိပ်ရာထဲလဲနေတဲ့ ဘိုးဘိုးကြီး သောက်ရအောင် ကော်ဖီခွက်ထဲ ထည့်ပေးခဲ့ပါတယ်ခင်ဗျ"

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## ကိစ္စမပြတ်သေးလို့ပါ

ဖခင်ဖြစ်သူသည် ကုလားထိုင်၌ထိုင်ရင်း ဆေးတံဆုံထဲသို့ ဆေးအသစ် ထည့်နေလေသည်။ ထိုအခိုက် ခြေထောက်တစ်ဘက် ပတ်တီးစည်းထားပြီး ချိုင်းထောက်ကိုထမ်းကာ ပကတိ လမ်းလျှောက်လာသော သားသည် အပါးသို့ ရောက်လာလေသည်။

"ဟော့ကောင် . . ဘာဖြစ်လို့ ချိုင်းထောက်အကူ မသုံးတာလဲ"

"မလိုတော့လို့ပေါ့ ဖေဖေရာ။ ကျွန်တော့်ခြေထောက်က ကောင်းသွားပြီပဲ။ ပတ်တီးတွေလည်း မလိုအပ်တော့ပါဘူး။ အဲဒါ ပတ်တီးမဖြေဘဲ စည်းထားတာ အိုက်စပ်စပ်နဲ့ နေရထိုင်ရ ခက်လှပါတယ်။ သားတော့ ပတ်တီးတောင် ဖြေပစ်လိုက်ချင်ပြီ။ လိုမှ မလိုအပ်တော့ဘဲဥစ္စာ"

"ဟကောင် . . မင်းဘာသိလို့လဲ။ ကားအက်ဆီးဒင့် အမှုက ပြတ်သေးတာမဟုတ်သို့ တို့ရဲ့ရှေ့နေက လျော်ကြေး ကောင်းကောင်း လိုချင်ရင် ချိုင်းထောက်လိုသေးတယ်။ ပတ်တီး စည်းထားရမယ်တဲ့။ မေ့မသွားနဲ့။ မနက်ဖြန် ရုံးချိန်းရှိတယ်။ အဲဒါ ချိုင်းထောက်နဲ့ လမ်းလျှောက်ပြန်ကျင့်"

"ဟုတ် . . ဟုတ်ကဲ့"

● ● ●





## ဆုတောင်းပြည့်ပါပေါ့

ကိုကျွဲသိုးသည် အရက်အလွန်ကြိုက်သူ ဖြစ်သည်။ တိုက်မည့်သူ၊ ဒကာခံမည့်သူရှိလျှင် နေ့ရောညပါ အခါမရွေး တစွပ်စွပ်သောက်ချင်သူ ဖြစ်သည်။ ထိုနေ့က ဒကာပေါ်သဖြင့် အလွန်အကျွံ သောက်မိရာ အမူးလွန်လေဖြင့်ပြီး ခေါက်ခနဲ အသက်ပါသွားသဖြင့် သောက်ဖော်သောက်ဖက်များမှ ကိုကျွဲသိုး၏မိန်းမ မတင်နွဲ့အား သွားရောက်အကြောင်းကြားရမည်ဖြစ်သည်။

သည်သို့သော သတင်းဆိုးကို မည်သူမျှ သွားမပြောချင်ရကား သူ့လွှဲ၊ ငါ့လွှဲ လုပ်နေကြလေ၏။ ထိုအခါ ငွေတစ်ထောင်ပေးလျှင် ထိုသတင်းကို သွားအကြောင်းကြားမည်ဟု ကိုမောင်ငြိမ်းကပြောမှ ကိစ္စပြတ်လေ၏။ ကိုမောင်ငြိမ်းလည်း ငွေတစ်ထောင်ရသည်နှင့် မတင်နွဲ့ထံရောက်သွားလေသည်။

ကိုမောင်ငြိမ်း ။ ။ "မပြောမဖြစ် ပြောရဦးမယ် မတင်နွဲ့ရယ်။ သိပ်မကြာခင် အချိန်ကလေးက ခင်ဗျား ယောက်ျား ကိုကျွဲသိုး ကျုပ်တို့နဲ့ ဝိုင်းဖွဲ့ရင်း သောက်တာ တရားလွန်ဖြစ်သွားတယ်။ အဲဒါ . . အဲဒါ"

မတင်နွဲ့ ။ ။ "ဘာပြောတယ် . . ကျွဲသိုး၊ ဒီမသာ ဒီအရည်တွေ မသောက်ပါနဲ့ဆို ပြောလို့ကို မရဘူး။ ဒီအရည် သောက်လို့က မြန်မြန်လေဖြတ်ပြီး သေစမ်းပါစေတော်"

ကိုမောင်ငြိမ်း ။ ။ "ဒါဆို ဝမ်းသာတော့။ ခင်ဗျား ဆုတောင်းပြည့်ပါပြီ။ အဲဒါ လာပြောတာ။ ကိုင်း . . သွားပြီဗျို့"

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## အမေးနဲ့ အဖြေ

သမီးရည်းစား ဖြစ်သည့်နေ့၌ လူပျိုနှင့် အပျိုမလေးတို့သည် မမြင်ကွယ်ရာ အရပ်တစ်နေရာ၌ ချိန်းတွေ့ကြလေသည်။ ထိုအခါတွင် တစ်ခါဖူးမျှ အတွေ့အကြုံမရှိသေးသော ကိုလူပျိုလည်း စိတ်ယဲ မရိုးမရွ ဖြစ်လာကာ ၎င်း၏ဆန္ဒကို မဝံ့မရဲနှင့် ထုတ်ဖော်ပြောကြားလိုက်လေသည်။

ကိုလူပျို ။ ။ "သည်နေရာဟာ လူအသွားအလာ ပြတ်တယ်နော် ခင်။ သည်အချိန်မှာ ခင့်ကိုဖက်ပြီး ခင့် နှုတ်ခမ်းကလေးကို အားရပါးရ နမ်းပစ်လိုက်ရင် ခင်ကိုယ်ကို ဘာများပြောမလဲ"

အပျိုမ ။ ။ "အို . . ခင့်နှုတ်ခမ်းကို နမ်းနေမှတော့ ခင့် အနေနဲ့ ဘာများပြောဖို့ အခွင့်အလမ်းရှိမှာတဲ့ လဲ . . ရှင်"

●●●

## အကူအညီ

တည်းခိုခန်းတစ်ခုသို့ အခန်းပိတ်ချိန်နီးမှပင် လူတစ်ယောက် အထုပ်အပိုးနှင့် လာကည်း၏။ မနက်စောစော အဝေးပြေးဂိတ်သို့ ဆင်းရမည်ဖြစ်ကြောင်း ပြောလေသည်။

မန်နေဂျာ ။ ။ "ဒါဆိုရင် မိတ်ဆွေကို ကျွန်တော် လာနှိုးပေးရမှာပေါ့။ ကိုင်းပြော . . ဘယ်အချိန် လာနှိုးပေးရမလဲဆိုတာ ပြောပါ။ ကူညီပါ့မယ်"

တည်းခိုသူ ။ ။ "မလိုပါဘူးဗျာ။ ကျုပ်က ကြက်အိပ်ကြက်နိုးပါပဲ။ မနက်စောစော နိုးတဲ့အကျင့်ရှိပါတယ်"

မန်နေဂျာ ။ ။ "ဟာ . . ဒါဆိုရင် ဟန်ကျတာပဲ။ မနက် (၅း၃၀) လောက်ကျရင် ကျွန်တော့်ကို လာနှိုးပေးပါလားဟင်"

တည်းခိုသူ ။ ။ "ဟိုက် . ."

●●●





## ဟဘ်တော့လည်း ဟုတ်တုတ်တုတ်

နွေဦးပေါက်ကာလ ကျောင်းစာသင်ခန်းတစ်ခန်းတွင် ဖြစ်၏။ ဆရာနှင့်တကွ အတန်းသူအတန်းသားအပေါင်းမှာ လေငြိမ်နေသဖြင့် လည်းကောင်း၊ သွပ်ခေါင်မိုး၏အပူရှိန်ကြောင့် လည်းကောင်း၊ လူငွေ့ကြောင့်လည်းကောင်း ပူလောင်အိုက်စပ်လျက်ရှိလေ၏။

ဤတွင် ဆရာက စကားမစပ်ဆိုသလို ကမ္ဘာ့ရာသီဥတု အခြေအနေကို သင်ခန်းစာနှင့် မပတ်သက်ဘဲ ပြောလေသည်။

"ဟူး . . ပူလိုက်အိုက်လိုက်တာ ပွန်ပါရောလားကွယ်။ အိုဖုံးလွှာတွေကလည်း ပျက်စီးနေပြီ။ သည်ပုံအတိုင်းသာ ကမ္ဘာကြီးဟာ ရှေ့ဆက်ပူနွေးသွားမယ်ဆိုရင် ဘာတွေဘယ်လိုဖြစ်လာကြမလဲ မပြောတတ်ဘူး"

ထိုအခါ သွက်လက်ချက်ချာသော ကျောင်းသားတစ်ယောက်က . .

"ပြောလို့ရပါတယ်ဆရာ၊ ကမ္ဘာကြီးသာ ရှေ့ဆက်ပူနွေးသွားမယ်ဆိုရင် ရေခဲချောင်းသည်တွေ၊ အအေးဆိုင်တွေ၊ ယပ်တောင်ရောင်းတဲ့သူတွေ၊ ပန်ကာ၊ အဲယားကွန်းရောင်းတဲ့သူတွေ အကြီးအကျယ် စီးပွားဖြစ်မှာပေါ့ ဆရာရယ်"

ဤတွင် ကျောင်းခန်းငယ်တစ်ခုလုံး ရယ်သံများ ဖုံးလွှမ်း သွားလေတော့သတည်း။

●●●



www.burmeseclassic.com

www.burmeseclassic.com



## တကယ့်ဆုတောင်း

မောင်ဂွတိုသည် မိန်းမကို အသေအလဲ ကြောက်ရသောသူ ဖြစ်၏။ မိန်းမ မကြောက်ရသော အပေါင်းအသင်းများကြား၌ အကြီးအကျယ် စိတ်အားငယ်ရသူမှာ မောင်ဂွတိုပင် ဖြစ်ချေ၏။ အပေါင်းအသင်းများက မိန်းမ,မကြောက်သည့် နည်းလမ်းတွေ ပေးသော်လည်း မိန်းမ ကြောက်စိတ်က မကုန်သဖြင့် အကောင်အထည် မဖော်ဝံ့ပါချေ။

တစ်နေ့သော် မိန်းမနိုင်မည့် ကိစ္စတစ်ခု ခေါင်းထဲသို့ ဖျတ်ခနဲဝင်လာသဖြင့် ပန်းစည်းကလေးကိုကိုင်ကာ ဘုရားကုန်းတော်ပေါ်သို့ တက်သွား၏။ ဘုရားပန်းကပ်၍ရှိခိုးပြီး မိန်းမ အနိုင်ရစေမည့်ကိစ္စကို ဆုတောင်းကာ ကျေနပ်ခြင်းကြီးစွာဖြင့် ပြန်လာခဲ့လေသည်။ ၎င်း၏ အပြုအမူမှာ ထူးခြားနေသဖြင့် သူငယ်ချင်းများက စူးစမ်းမေးမြန်းကြလေ၏။

"မင်း . . ဘုရားသွားပြီး ဆုတောင်းတယ်ဆို"

"ဟုတ်တယ်လေကွာ။ မိန်းမက ငါ့ကို ပြန်ကြောက်သွားရအောင် 'အရှင်ဘုရား . . နောက်ဘဝမှာ တပည့်တော် ကြွက် ဖြစ်ပါရစေဘုရား' လို့ ဆုတောင်းခဲ့တာ"

"ဟာ . . မဆီမဆိုင်လိုက်တာကွာ။ မင်းမိန်းမနဲ့ ကြွက်နဲ့က ဘာဆိုင်လို့တုန်းကွ"

"ဆိုင်ပါသော်မှကွာ။ ငါ့မိန်းမက ကြွက်ဆိုရင် တက်မတတ် ချက်မပတ်ကို ကြောက်တာကွ။ သိလား . ."

• • •





## တယ်မှန်တဲ့ ဗေဒင်

*"ဆရာခိုင်(ဂေါ်သ ဗျာကရဏဗေဒ-ပညာရှင်) သင့်ကံ ကြမ္မာကို မှန်ကန်တိကျစွာ ဟောသည်။ ဓာတ်ရိုက်၊ ဓာတ်ဆင်၊ ယတြာအထူးချေပေးသည်။"*

ဆိုသော ဆိုင်းဘုတ်ချိတ်ထားသည့် ဆိုင်ခန်းကလေးသို့ မိန်းမရွယ်တစ်ယောက် ချိုင်းကြားခေါက်ထီးညှပ်ကာ ရောက်ရှိလာလေသည်။

ဆရာခိုင်သည် အင်္ဂဝိဇ္ဇာပညာရပ်အရ မိန်းမရွယ်၏ မျက်နှာအနေအထားကို ဦးစွာကြည့်လိုက်၏။ မျက်စိမျက်နှာ မကောင်း။ သောကအပူတစ်ခုခုဖြင့် ရောက်ရှိလာမှန်း ရိပ်စားလိုက်မိတော့သည်။

"ထိုင်. . ထိုင်ပါ သူငယ်မ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်မ ဆရာ့ဆီ ဗေဒင်လာမေးတာပါ"

"မေးတော့လည်း မှန်မှန်ကန်ကန် တိတိကျကျ ဟောရတာပေါ့ကွယ်။ ဆရာက ဘယ်တော့မှ မမှန်တာကို မဟောဘူး။ တိတိကျကျ မှန်တာကိုပဲ ဟောမှာ"

"ဟုတ်ကဲ့ပါ . . ဆရာ"

"အင်း . . သူငယ်မ ကြည့်ရတာ အပူတွေ ဖိစီးခံနေရတဲ့ပုံပဲ"

"ဟာ . . ဟုတ်လိုက်လေ ဆရာရယ်။ မှန်လိုက်လေ ဆရာရယ်။ ဒါကြောင့်လည်း ဆရာခိုင်ရယ်လို့ နာမည်ကြီးပေတာကိုး။ မှန်ပါတယ် ဆရာ။ ကျွန်မဟာ အပူတွေ ဖိစီးခံနေရတဲ့ အပူသည်တစ်ယောက်ပါ။ ဗုံဆို . . ကျွန်မ ကိုယ်ဝန်ဆောင်ထားရတာ လေးလကျော်သွားပြီ"

"အယ် . ."

• • •



www.burmeseclassic.com

www.burmeseclassic.com


## ရိုးလိုက်တဲ့ လင်

ကိုစံတုတ်နှင့် မခင်မှုန်သည် အသက်အရွယ် အတန်ငယ်ရမှ အိမ်ထောင်ကျသော ဇနီးမောင်နှံဖြစ်၏။ မခင်မှုန်သည် ကိုစံတုတ်ကို မျိုယားမတတ် ချစ်ရှာ၏။ တကယ့်ကို ရိုးသားအေးဆေးသော လင်သား ဖြစ်၍လည်း ကြည်ညိုမိသည်ဆိုလျှင် မမှားချေ။

တစ်နေ့ ကိုစံတုတ်၏မျက်နှာကို ကြည့်ရသည်မှာ လန်းလန်း ရွှင်ရွှင် မရှိ။ သည်တော့လည်း စိုးရိမ်စိတ်ဖြင့် လင်တော်မောင်အနား တိုးကပ်ကာ မေးလိုက်သည်။

"ကိုကိုတုတ် မျက်နှာသိပ်မကောင်းပါလား။ မှုန့်အပေါ် ဘာတွေများ မကျေနပ်တာ ရှိလို့လဲဟင်။ ပြောပါ ကိုကိုတုတ်"

"မှုန့်အပေါ် မကျေနပ်စရာ ဘာမှမရှိပါဘူးကွာ။ ကိုကိုတုတ် မကျေနပ်တာက မိဝင်းဆိုတဲ့ ကောင်မကြောင့်ပါ။ ဟိုတစ်နေ့ကပဲ လူကြုံနဲ့ စာတစ်စောင် ပို့လိုက်တယ်"

"ပြောပါ ကိုကိုတုတ်ရယ်။ ဘာလဲ . . အကြွေးတောင်းတဲ့စာ မဟုတ်လား။ အကြွေးက ဘယ်လောက်တောင် ရှိနေလို့လဲ"

"အင်း . . ပြောရမှာတော့ ခပ်ကြပ်ကြပ်ပဲ။ စာထဲမှာ ပါတာက သူနဲ့ သူ့ကလေးအတွက် စားစရိတ်ငွေကြွေးကို လစဉ်ပေးရမယ်တဲ့ကွာ"

သည်ခဏ ကိုစံတုတ်အား ဘုရားတစ်ဆူ၊ ဂူတစ်လုံး မှတ်ကာ လေးစားမြတ်နိုးခဲ့သည့် မခင်မှုန်တစ်ယောက် နေရာတွင်ပင် သတိလစ် သွားလေသတတ်။

• • •



## မမြင်မကန်း

မျက်စိအလွန်မှုံသောသူတစ်ယောက်က မနေ့ညနေပိုင်းက သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်တစ်ခုကို လူတစ်ယောက်အား ဖောက်သည်ချနေလေသည်။

"ပြော . . မပြောချင်တော့ပါဘူးဗျာ။ ကျုပ်လေ မနေ့ ညနေက ကာလမ်းမပေါ်မှာ မြွေတစ်ကောင်ကို တွေ့လိုက်တယ်"

"ဟာ . . ဒုက္ခပါပဲ"

"ဒုက္ခမဟုတ်ဘူးဗျို့။ သေသေချာချာ ကြည့်လိုက်တော့မှ မြွေ မဟုတ်ဘဲ တုတ်ချောင်းကြီး ဖြစ်နေတယ်"

"အလန့်တကြား ရှိလိုက်လေဗျာ။ ခင်ဗျားမျက်လုံးကလည်း မှုံလှ ချည်လား"

"မှုံတာကတော့ ကမ်းကုန်ရောဗျို့။ ရုတ်တရက် မြွေလို့ထင်ပြီး ရိုက်သတ်ဖို့ တုတ်တစ်ချောင်းကို လှမ်းပြီးကောက်လိုက်တာ ကောက်မိ တဲ့တုတ်ဟာ လက်ထဲရောက်မှ တုတ်မဟုတ်ဘဲ မြွေဖြစ်နေလို့ အမြန် ပွတ်ချပြီး သုတ်ခြေတင်ခဲ့ရတယ်"

"အယ် . ."

• • •



www.burmeseclassic.com

www.burmeseclassic.com

## သူ့ နေရာနှင့်သူ

ကိုယ်ပိုင်ဆေးခန်းတစ်ခုသို့ လူတစ်ယောက်သည် ကလေးငယ်ကို ပွေ့ချီကာ ရောက်ရှိလာလေသည်။ ထိုအချိန်၌ ဆရာဝန်သည် ရောက် မလာသေးဘဲ ဆေးစာရေးသာ ရှိလေသည်။

"ဒီမှာခင်ဗျာ . . ဒီမှာ။ သိပ်အရေးကြီးလို့ပါ။ ဆရာဝန်နဲ့ တွေ့ပါရစေ"

"ရောက်မလာသေးဘူးခင်ဗျ။ ဘာကိစ္စများ ရှိလို့ပါလဲ"

"ဟောဒီ ကျွန်တော့်သားလေး ဆယ်ပြားစေ့ကို မျိုချလိုက်မိ လို့ပါ"

"ဟာ . . ဒါးဝို့ ကျွန်တော်တို့ဆရာဝန်နဲ့ မဆိုင်ဘူး။ အမြတ် တော်ခွန်ဌာနကိုသာ အမြန်ဆုံး ပြေးပေတော့ဗျို့"

"ဗျာ . ."

●●●

## စူလာနဖာ

"ဟေ့ . . သူငယ်ချင်း။ ခုတစ်လော လူတွေ 'စူလာနဖာ' 'စူလာနဖာ'နဲ့ တစ်ဖာတည်း ဖာနေကြတော့တာပဲ။ စူလာနဖာက တကယ်ကော အကျိုးပေးရဲ့လား"

"အကျိုးပေးတဲ့လူတွေကျတော့လည်း အပေးသားပဲကွ"

"ဘယ်သူတွေကို အကျိုးပေးတာတဲ့လဲကွ"

"စူလာနဖာအကြောင်းရေးတဲ့ စာရေးဆရာနဲ့ အဲသည် စာအုပ်ကို ထုတ်ဝေတဲ့ စာပေတိုက်ပဲပေါ့ကွာ"

"ဖြစ်ရလေ . ."

●●●





## ယူလိုက်မှပဲ

အပျိုကြီးအဒေါ်နှင့် အတူနေထိုင်သော မြီးကောင် ပေါက်မ ကလေး အေမီတို့ ညအိပ်ရာမဝင်ခင် စကားတွတ်ထိုး ကြလေသည်။

အဒေါ် ။ ။ "ဟဲ့ . . အေမီ၊ နေ့လည်တုန်းက ညည်းကောင်လေး အိမ်လာလည်ပြီး ညည်းတို့ ဧည့်ခန်းမှာ ထိုင်နေတုန်း ကောင်လေးပြောတာ မီးဖိုချောင်ကနေ ကြားလိုက်တယ်။ ဒါပေမဲ့ ဘာအဓိပ္ပာယ်မှန်း မသိဘူး"

အေမီ ။ ။ "သူက ဘာများပြောလို့လဲ အန်တီရဲ့"

အဒေါ် ။ ။ "အေမီ့ကို 'ဝမ်းကစ်စ်ပေးချင်တယ်'တဲ့။ အဲဒါ ဘာကို ဆိုလိုတာလဲဟင်"

အေမီ ။ ။ "ဘာများလဲလို့။ အဲဒါ . . . သူက အေမီ့ကို မိတ်ကပ်ပေးမယ်လို့ ပြောတာ"

အဒေါ် ။ ။ "ဒါဆိုလည်း ယူလိုက်ရောပေါ့ အေမီရယ်။ အလကား ရတဲ့ဥစ္စာ"

အေမီ ။ ။ "အို . . မယူချင်ပါဘူး အန်တီရယ်"

အဒေါ် ။ ။ "အေး . . ဒီတစ်ခါလာလို့ ဝမ်းကစ်စ်ပေးချင်တယ် ပြောရင် အန်တီ့ကို လှမ်းသာခေါ်လိုက်။ အန်တီ့ကိုပေး။ အန်တီယူမယ်လို့ ပြောလိုက်မယ် . . ဟုတ်ပလား"

●●●


www.burmeseclassic.com

www.burmeseclassic.com

## မိန်းမတို့သည်

နေဝင်ရီတရော အချိန်၌ အနောက်ကျွန်းသို့ ယွန်းလု ဆဲဆဲ နေလုံးကြီးကို နောက်ခံထားသော ဧရာဝတီမြစ်ကမ်းစပ်တွင် အမျိုးသမီး တစ်ယောက်သည် ဓာတ်ပုံအရိုက်ခံနေလေသည်။

အမျိုးသမီး ။ ။ "ဟို . . မြစ်ထဲမှာ ရွက်လွှင့်နေတဲ့ လှေလည်း ဓာတ်ပုံထဲ ပါချင်တယ်"

ဓာတ်ပုံဆရာ ။ ။ "ရပါတယ် ခင်ဗျာ"

အမျိုးသမီး ။ ။ "ပုဇွန်ဆီရောင် နေလုံးကြီးလည်း ပါပလေ့စေနော်"

ဓာတ်ပုံဆရာ ။ ။ "ဖြစ်စေရမှာပေါ့ဗျာ။ ကိုင်း . . ရယ်ဒီနော်။ အနေအထားလေးတွေ စိတ်တိုင်းကျရင် ရိုက်တော့မယ်"

အမျိုးသမီး ။ ။ (ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွားပြီး) "နေဦးရှင့် . . နေဦး။ အရေးအကြီးဆုံးအရာ တစ်ခု ကျန်သွားတယ်"

ဓာတ်ပုံဆရာ ။ ။ "ဘာများပါလိမ့်ခင်ဗျား"

အမျိုးသမီး ။ ။ "ကျွန်မ မောင်းလာတဲ့ မော်တော်ကားပေါ့ရှင်။ အဲဒီကားမပါလို့ကတော့ ကျွန်မ ယောက်ျားက မြစ်ထဲကို ကားထိုးကျသွားပြီလို့ ထင်သွားမှာရှင့်။ အဲ . . ဒါ . . ကြောင့် . . "

● ● ●





## ထူးလွန်းတဲ့ ငမူး

ရေချိန်လွန်အောင် သောက်စားမိခဲ့သဖြင့် မောင်တရုတ်ကြီး တစ်ယောက် ယမင်း စည်ဘီယာဆိုင်မှ ဒယိမ်းဒယိုင်ဖြင့် ထွက်လာ ခဲ့သည်။ လမ်းပေါ်ရောက်တော့ မျက်နှာတူရူ၌ ပြေးလွှားမောင်းနှင် နေကြသည့် ကားများစွာကိုငေးကြည့်ရင်း တက္ကစီတစ်စီးကို တွေ့သော အခါဝယ် လက်လှမ်းတားလိုက်လေသည်။ တက္ကစီသည် သူ့ရှေ့သို့ ရောက်လာသည်။ သူသည် ဘာမပြော ညာမပြောနှင့် ကားအတွင်း ဝင်ထိုင်လိုက်သည်။ ပြီးတော့ . .

"မောင်းကွာ . . မောင်း . . မောင်း"

"မောင်းတာတော့ ဟုတ်ပါပြီ။ ဘယ်ကို မောင်းရမယ်ဆိုတာ ပြောပါဦး"

"ဟိုလေ . . ဘိုကလေးဈေးလမ်းနဲ့ ကုန်သည်လမ်း ထောင့်က ယမင်းစည်ဘီယာဆိုင်ကိုလေကွာ"

"ဟာ . . ခက်နေပါပြီ။ ဟောဟိုမှာ တွေ့တယ်မဟုတ်လား။ ခင်ဗျားသွားချင်တဲ့ဆိုင်"

"အိုကေ . . ဒါဆို ဆင်းပြီ။ အဲ . . ကိုယ့်လူကို မှာ လိုက်ဦးမယ်။ နောက်ဆို အဲသလောက် မြန်အောင်မမောင်းနဲ့ကွာ။ အန္တရာယ်များပါတယ်။ ကဲ . . ရော့ . . ကိုယ်အမြဲတမ်းစီးရင် ပေးတဲ့ဈေး တစ်ထောင့်ငါးရာ။ အိုကေ . . ဘိုင် . . ဆီးယူ"

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## ပိုင်ပါ့ပေ့

တရားမမှုဖြင့် မွေ့လျော်သူ၊ မကောင်းသောအမှုဖြင့် မွေ့လျော်သူ နှစ်ဦးတို့ စားသောက်ဆိုင်တစ်ခု၌ ဆုံမိကြသည်။ သူတို့သည် တစ်ယောက်အကြောင်းတစ်ယောက်သိကြသော ရင်းနှီးသူများ ဖြစ်ကြလေသည်။

လူကောင်း ။ ။ "ဟေ့လူ . . ခင်ဗျားသဟင်းတွေ့က သင်းလှပါကလား။ ဟိုတစ်လောက ခင်ဗျားခြံထဲ ဝင်လာတဲ့ ဆိတ်တစ်ကောင်ကို အစ ဖျောက်ပစ်တယ်ဆို။ အခုဘဝမှာ လက်သည်မပေါ်အောင် ပိပိရိရိရှိခဲ့ပေမဲ့ တမလွန်ရောက်တဲ့အခါကျရင် သည်ကိစ္စဟာ မလွယ်ဘူးနော်"

လူဆိုး ။ ။ "ကိစ္စမရှိပါဘူး။ ထုံးစံအတိုင်း မသတ်ပါဘူး။ မစားပါဘူးရယ်လို့ 'ဘုး'တစ်လုံး ဆောင်လိုက်မှာပေါ့"

လူကောင်း ။ ။ "မဖြစ်တာ့ဘူးထင်တယ်နော်၊ လက်စအဖျောက်ခံရတဲ့ ဆိတ်က ခင်ဗျားရှေ့ ဖြုန်းဆိုပေါ်လာပြီး သက်သေခံမယ်ဆိုရင် ခင်ဗျား ဘာတတ်နိုင်သေးလဲ"

လူဆိုး ။ ။ "ဟာ . . ဒါဆို ပိုပြီး အိုကေတာပေါ့။ အဲဒီ ဆိတ်ကို ကြိုးဆွဲပြီး သူ့ပိုင်ရှင်လက်ထဲ ပြန်အပ်လိုက်မှာပေါ့"

●●●





## လှတောသားနှင့် မုန့်တီဗန်း

လှတောရွာ၌ ရွာသူရွာသားအပေါင်း ကျန်းမာရေး ကူညီစောင့်ရှောက်ရန်အတွက် သက်ဆိုင်ရာမှ 'သမဝါယမ ဆေးကုခန်း'ကို ဖွင့်လှစ်ပေးခဲ့၏။ ဖွင့်ပွဲအခမ်းအနားတွင် သက်ဆိုင်ရာမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ ရပ်မိ ရပ်ဖများ၊ ရွာသူရွာသားများ စုံညီစွာရောက်ရှိလာကြလေရာ ဌာနဆိုင်ရာမှ အကြီးအကဲတစ်ဦးက လှတောသားတစ်ဦးအား ရင်းရင်းနှီးနှီး စကားဆို ခမေးမြန်းပါလေတော့သည်။

လူကြီး ။ ။ "မောင်ရင်တို့ ကျေးရွာမှာ မြွေဆိုးတွေ တော်တော်ပေါသလား"

လှတောသား ။ ။ "မြွေဆိုးတွေ ပေါချက်ကတော့ ပြောမပြောချင်ပါဘူးဆရာကြီးရယ်။ ထင်သာမြင်သာအောင် ဥပမာပြောရမယ်ဆိုရင် မုန့်တီဗန်းကြီးမှောက်ကျလို့ ပြုတ်ကျသွားရတဲ့ မုန့်တီတွေထက်တောင် များ ပါလိမ့်ဦးမယ်"

●●●

www.burmeseclassic.com

## လှတောသားနှင့် လုံမင်းသား

လှတောရွာ၌ ဖွင့်လှစ်ထားသော ဆေးခန်းတစ်ခုတွင် ဖြစ်၏။ ဆရာဝန်သည် ဆေးခန်းလာ လူနာများအား စမ်းသပ်စစ်ဆေးပြီး သကာလ စားဆေးသောက်ဆေးနှင့် လုံလောက်သော လူနာဆိုလျှင် စားဆေးသောက်ဆေးသာ ပေးလေ့ရှိပြီး ဆေးထိုးမပေးချေ။ လိုအပ်မှသာ ဆေးထိုးအပ်ကိုကိုင်ပြီး ဆေးထိုးပေးလေ့ရှိ၏။ ဆေးထိုးရာတွင်လည်း အိပ်ကို အသားတွင် ဖိကပ်၍မထိုးဘဲ တင်သားအား ဘယ်လက်ဖဝါးဖြင့် တစ်ဖျပ်ဖျပ်ရိုက်ပြီး အပ်ကိုညာလက်ဖြင့် ဆတ်ခနဲပေါက်ထည့်၍ ထိုးပေးလေ့ရှိလေသည်။

ထိုသို့ အပ်ကိုပေါက်၍ ဆေးထိုးလေ့ရှိခြင်းအပေါ် မျက်စိရည်ဝနေသော လှတောသားလူနာက တစ်နေ့သ၌ စကားဝိုင်းတစ်ခုတွင် ဆရာဝန်၏ ဆေးထိုးမှုစွမ်းရည်ကို အောက်ပါအတိုင်း ပြောပါလေတော့၏။

"တို့ဆရာဝန် ဆေးထိုးတာများ ဟယ်လည်းထူးဆန်း သကွယ်။ လုံမင်းသားစံတင် လှံနဲ့ ပစ်ပေါက်ထဲ့အတိုင်းပဲ"တဲ့။

•••





## လှတောသားနှင့် ကူဘိုတာ

တစ်နေ့သ၌ အထွေထွေရောဂါကု ဆေးခန်းတစ်ခန်းသို့ လူနာတစ်ဦး ရောက်ရှိခဲ့လေသည်။ ထိုလူနာမှာ စကားအလက်ာကြွယ်လှပါသည်ဆိုသော လှတောရွာမှ ရွာသားကြီးဖြစ်ပြီး အသက်အားဖြင့် (၆၀) နီးပါးရှိလေသည်။ ဆရာဝန်လည်း လှတောရွာသားကြီးအား နားကျပ်ဖြင့် ထောက်လျက် ကျောဘက်ရင်ဘက်တို့ကို စစ်ဆေးစမ်းသပ်လျက်ရှိ၏။ ပြီးလေသော်

ဆရာဝန် ။ ။ "ညညကော ကောင်းကောင်းအိပ်ပျော်ရဲ့လား"

လူနာ ။ ။ "ဘယ့်နှယ်ပြောလိုက်တာလဲ ဆရာရယ်။ ဆေးသောက်ပြီး အိပ်တာတောင် အိပ်လို့ကို မပျော်နိုင်ဘူး။ အဲဒါကြောင့် ဆရာဆေးပေးရင်လေ အိပ်ဆေးကောင်းကောင်း ထည့်ပေးပါနော်"

ဆရာဝန် ။ ။ "စိတ်ချ . . ထည့်ပေးလိုက်ပါမယ်။ ဒါထက် ရင်တွေ ဘာတွေ မခုန်ဘူးလား"

လူနာ ။ ။ "ဟာ . . ဘာပြောကောင်းမှာတုံလဲ။ ရင်ခုန်ချက်ကတော့ ဆရာရယ်။ ရင်ဘတ်ထဲကို ကူဘို တာစက်ကြီးထည့်ပြီး နှိုးထားတဲ့အတိုင်းပဲ"

•••



www.burmeseclassic.com

www.burmeseclassic.com

## လှတောသားနှင့် လင်မယား

လှတောရွာ၌ ကိုထွေးနှင့် မဂျမ်းတောဆိုသည့် လင်မယား နှစ်ယောက်ရှိ၏။ ကိုထွေးသည် နာမည်နှင့်လိုက်အောင် မထုံတက်သေး အေးအေးဆေးဆေး နေတတ်ပြီး မယားဖြစ်သူ မဂျမ်းတောမှာမူ လင်သားအပေါ်တွင် အတော်ကလေး နိုင်စားသူဖြစ်လေသည်။

မဂျမ်းတောသည် ကိုထွေးဘာလုပ်လုပ် ဘဝင်မကျဘဲ အမြဲလို ဗျစ်တောက်၊ ဗျစ်တောက်နှင့် အော်ဟစ်ဆူပူကာ ဒေါသလည်း ထွက်လေ့ရှိသည်။ မယားဖြစ်သူ ဘယ်သို့ပင် ဒေါပွနေစေကာမူ ကိုထွေးကတော့ ဘာမှမဖြစ်သလို အေးတိအေးစက်။ သည်လင်မယား၏ အနေအထားကို စကားပိုင်းတစ်ခု၌ လှတောရွာကာလသားတစ်ယောက်က အောက်ပါအတိုင်း ဖော်ကျူးပါ လေတော့၏။

"မဂျမ်းကတော့ကွာ . . လျှာမှာ မော်တာတပ်ထားသလို တစ်ခဏလေးမှကို နားတယ်မရှိဘူး။ ကြိမ်းလိုက်မောင်းလိုက်တာက လည်း ဇာတ်ပွဲထဲက အာဠာဝကဘီလူးအတိုင်းပဲဟေ့"

"အောင်မာ . . တို့လူကိုထွေးကျပြန်တော့လည်း အိပ်ဆေး သောက်ထားတဲ့ ရမည်းသင်းမြို့စား သီလပမင်းသား အတိုင်းပါပဲကွယ်ရို့"

● ● ●





## မန်လည်ရဲ့ ကဗျာ

မြန်မာစာပေနယ်ပယ်၌ မန်လည်ဆရာတော်ကြီးသည် ကဗျာ့ဝိဓူကြီး ဖြစ်ကြောင်းကို ဆရာတော်ရေးသားပြုစုခဲ့သော ကျမ်းဂန်လင်္ကာများစွာ အနက်မှ 'မဃဒေဝ-လင်္ကာသစ်'ကြီးကို ကြည့်ခြင်းအားဖြင့် သက်သေ လင်ရှားလှပါသည်။ ဆရာတော်ကြီးသည် ကဗျာစာချိုးများစွာကို ရေးသား စပ်ဆိုခဲ့ပါသည်။ ထိုအချိုးများစွာအနက်မှ တပည့်တစ်ဦးဖြစ်သော ကိုဘိုးချိန်ဆိုသူနှင့် စပ်လျဉ်း၍ ချိုးခဲ့သောစာမှာ ပြုံးရွှင်ဖွယ်ရာ ကောင်းလှပါ၏။

ကိုဘိုးချိန်သည် မန်လည်ဆရာတော်ကြီးထံတွင် ဒုလ္လဘ ရဟန်း ခံခဲ့၏။ ထို့နောက် လူဝတ်လဲကာ ကသာသို့ ထွက်ခွာသွားခဲ့ပါသည်။ ကိုဘိုးချိန်မှာ ယော်ကျားတို့တွင် ရှိတတ်ကြသည့် ဝါသနာများစွာအနက် မိန်းမကိစ္စ၌ ဝါသနာကြီးသူဖြစ်၍ လွန်စွာလည်း လိုက်စားတတ်သူ ဖြစ်ပါသည်။ ထိုဝါသနာအရ ကသာတွင်နေထိုင်ရင်း လိုက်စားခဲ့ရာ ကာလသား ရောဂါ(လူပျိုရောဂါ) စွဲကပ်ပြီး မန်လည်သို့ပြန်လာခဲ့ပါသည်။ နေစရာ မရှိသဖြင့် မန်လည်ကျောင်းကြီးတွင် ကပ်ရပ်နေခဲ့ရာ ရောဂါပြင်းထန်ပြီး ဆေးချက်မတိုးဘဲဖြစ်ရာမှ ကွယ်လွန်သွားခဲ့သည်။ ရဟန်းတော်များသည် အသုဘ၏ ရောဂါရနံ့ကြောင့် အနံ့မခံနိုင်ကြဘဲ ကြွက်ကြွက်ဆူဆူ ဖြစ်လေရာ မန်လည်ဆရာတော်ကြီး၏နားသို့ ရောက်သွားခဲ့လေ၏။ ဤတွင် မန်လည်ဆရာတော်ကြီးမှ အောက်ပါစာချိုးကို ချိုးခဲ့လေသတတ်။

*"ဒုလ္လဘပေမို့၊ ဘဝတော်ဆိုင်တယ်*
*ပျော်နိုင်မျှ ဒီပွဲ။*
*တင်းမတိမ်၊ တွေ့တိုင်း သူစိမ်းလို့*
*ဘိုးချိန် လိင်ပြန်သစ်မှာ၊ လထစ်နာစွဲ။*
*သေရှိုးတဲ့ သူမသေ။*
*ကသာမှာ လူပျိုလုပ်တယ်၊ ဒီးပုပ်လို့သေ။*
*ဖြစ်ပလေ၊ ဒစ်ကြွေလို့ သက်ဆုံး။*
*ရဟန်းသံဃာနဲ့၊ ဝိုင်းအုံကာ မသာပုပ်ကို*
*တူးမြှုပ်ကြဦး။ "*

● ● ●


www.burmeseclassic.com

www.burmeseclassic.com

## တွေ့ပါချေပြီ

စားသောက်ဆိုင်တစ်ဆိုင်၌ ဖြစ်၏။ လူတစ်ယောက်သည် စွပ်ပြုတ်တစ်ပန်းကန် မှာယူ၍ စားသောက်နေရာမှ မမျှော်လင့်ဘဲ ပါးစပ်ထဲ ပစ္စည်းတစ်ခုပါလာသဖြင့် ထွေးထုတ်ရာ ကြယ်သီးတစ်လုံး ဖြစ်နေလေ၏။

စားသောက်သူ ။ ။ (ဒေါသထွက်လျက်)"ဟေ့ . . စားပွဲထိုး၊ ဒီကို လာစမ်းပါဦး။ ဒီ စွပ်ပြုတ်ထဲ ဘယ်က ကြယ်သီး ပါလာရတာလဲ"

စားပွဲထိုး ။ ။ "ဟာ . . တော်ပါသေးရဲ့ဗျာ။ ကျွန်တော့်ဘောင်းဘီက အောက်ဆုံးကြယ်သီး ပျောက်နေတာ ခုမှပဲ တွေ့ရတော့တယ်။ ကျေးဇူးပါပဲ ဆရာရယ်"

စားသောက်သူ ။ ။ "ဝေါ့ . . ဝေါ့ . . အော့"

●●●





## လွဲချက်ကယ် . . . နာ . . နာ

ဂမ္ဘီရနည်းဖြင့် ဆေးလည်းကု၊ ဆေးခန်းလည်းဖွင့်သည့် ဆိုင်တစ်ဆိုင်ရှေ့သို့ အဖိုးတန်ကားတစ်စီး ထိုးဆိုက်ကာ ကားပေါ်မှ ကားမောင်းသူ ဆင်းလာသည်။ ထို့နောက် ဂမ္ဘီရဆရာကြီးထံ ရောက်သွားလေ၏။

"ဆရာကြီး . . ကြို့ထိုးနေတာ ပျောက်တဲ့ဆေး လိုချင်လို့"

"ကဲ . . "

"ဖြောင်း"

"အားလန့်လိုက်တာ။ ဘယ်လိုများ လုပ်လိုက်တာလဲ ဆရာကြီးရဲ့။ လန့်ဖျပ်သွားတာပဲ။ ဖက်ပိုးလည်း အီစလံဝေသွားပြီ"

"မောင်ရင် ကြို့ထိုးလို့ဆို။ အဲဒါ ဆေးမလိုပါဘူး။ အဲသည်လို လန့်ဖျပ်အောင် လုပ်ပေးလိုက်ရင် ကြို့ထိုးတာ ပျောက်ကရောပဲ"

"ဒါဆို လွဲကုန်ပြီ ဆရာကြီးရေ။ ကြို့ထိုးတာ ကျွန်တော် မဟုတ်ဘူးခင်ဗျ။ ကျွန်တော့် ကားနောက်ခန်းမှာထိုင်နေတဲ့ ကျွန်တော့်ရဲ့ သူဌေးခင်ဗျ . . ကျွန်တော့်ရဲ့သူဌေး"

"အယ် . . "

●●●


www.burmeseclassic.com

www.burmeseclassic.com

## သွက်သွက်လက်လက် ထက်ထက်မြက်မြက်

ပလာဇာတစ်ခုမှ ဈေးဝယ်ပြီး ပြန်ထွက်လာကြသော မိန်းမနှစ်ဦး စကားဆိုမိကြသည်။

ပ-မိန်းမ ။ ။ "ခေတ်ကာလ ကလေးတွေ တော်တော်လည်း သွက်သွက်လက်လက် ထက်ထက်မြက်မြက် ရှိလိုက်ဘာနော်။ ကျွန်မ တွေ့ခဲ့တဲ့ကလေးဟာ အသက် ဘယ်လောက်ရှိဦးမှာတဲ့လဲ။ မသကာရှိလှ ခြောက်နှစ်သား လောက်ပေါ့။ အင်္ဂလိပ် စကားပြောတာများ မွှတ်နေတာပဲ"

ဒု-မိန်းမ ။ ။ "ဟယ် . . ဟုတ်လား။ အံ့သြစရာပဲနော်။ ဘယ်မှာ တွေ့ခဲ့တာလဲဟင်"

ပ-မိန်းမ ။ ။ "အင်္ဂလန်ကို ရောက်ကုန်‧ကလေ။ ကျွန်မ မိတ်ဆွေ သံရုံးက မစ္စတာဒဲလ်ဘတ်ရဲ့ သားလေးပေါ့"

●●●





## ဝမ်းသာ ဝမ်းနည်း ၊ ဝမ်းနည်း ဝမ်းသာ

အလုပ်ကိစ္စတစ်ခုဖြင့် ရပ်ဝေးသို့ ရောက်နေသည့် ကိုတက်တူထံသို့ ဖုန်းဝင်လာသည်။

တက်တူ ။ ။ "ဟလို . . ကျွန်တော် တက်တူပါ။ ပြောပါ ခင်ဗျာ"

တစ်ဖက်မှ ။ ။ "ကျွန်တော် ခင်ဗျားအိမ်ဘေးက ထွန်းရင်ပါ။ ခင်ဗျားမိန်းမက ဖုန်းဆက်ခိုင်းလို့ပါ။ ခင်ဗျားအတွက် သတင်းက နှစ်ခု ဖြစ်နေတယ်"

တက်တူ ။ ။ "ဟလို . . ဘာများပါလိမ့် . . ပြောပါ ကိုထွန်းရင်"

ထွန်းရင် ။ ။ "သတင်းနှစ်ခုမှာ ဝမ်းနည်းစရာသတင်းက တစ်ခု ဝမ်းသာစရာသတင်းက တစ်ခုဖြစ်နေသဗျ။ အဲ . . ခင်ဗျားယောက္ခမကြီး ခုမနက်က ခေါက်ခနဲဖြစ်ပြီး ဆုံးသွားတယ် ခင်ဗျ။ ဘယ်လိုရောဂါနဲ့လဲဆိုတော့ . ."

တက်တူ ။ ။ "ဆက်မပြောနဲ့တော့ ကိုထွန်းရင်။ သတင်းတစ်ခု ပြီးပြီလို့ သဘောပေါက်လိုက်ပြီ။ ကိုင်း . . ကျန်တဲ့ ဝမ်းနည်းစရာသတင်းကို မြန်မြန်ပြောဗျာ"

●●●


www.burmeseclassic.com

www.burmeseclassic.com


## အချစ်နှင့် မျက်စိ

ချစ်သူကောင်မလေး၏ မွေးနေ့၌ ချစ်သူကောင်လေးက အမှတ်တရ ရွှေလက်စွပ်ကလေးတစ်ကွင်းကို မရှိမဲ့ရှိမဲ့ငွေဖြင့်ဝယ်၍ လက်ဆောင် ပေးခဲ့သည်။

ကောင်မလေး ။ ။ "ဟင် . . မောင်ပေးတဲ့ ရွှေလက်စွပ်ရဲ့ ရွှေကလည်း အရောင်မှိန်လိုက်တာ။ ပဲရည် မပြည့်တဲ့ရွှေ ဝယ်လာတယ်ထင်ပါရဲ့"

ကောင်လေး ။ ။ (မျက်နှာအတန်ငယ် ပျက်သွားကာ)
"ဪ . . ခင်ရယ်။ မောင်လည်း တတ်နိုင်သလောက် အမှတ်တရပေးတာပဲ။ ဒါထက် . . ခင်က မောင့်ကို မချစ်လို့လား"

ကောင်မလေး ။ ။ "ချစ်တာပေါ့ မောင်ရယ်။ ဘယ့်နှယ်ပြောလိုက်တာလဲ"

ကောင်လေး ။ ။ "ဒါဆို 'အချစ်မှာ မျက်စိမပါဘူး'ဆိုတာကို မေ့သွားပြီလား"

ကောင်မလေး ။ ။ "ချစ်တာက ချစ်တာပဲ မောင်ရယ်။ ရွှေရည် မပြည့်တာက မပြည့်တာဘဲ။ အချစ်အပေါ် မျက်စိ မရှိပေမဲ့ ရွှေအပေါ်တော့ မျက်စိရှိတယ်မောင်"

●●●

## ရှာဖွေလေ တွေ့ရှိလေ

အိမ်ထောင်ရှင် မိန်းမသားနှစ်ယောက်သည် မိမိတို့ လင်ယောကျ်ားအကြောင်းကို ပြောဆိုနေကြလေ၏။

ပ-မိန်းမ ။ ။ "ငါ့ယောကျ်ားက သိပ်ပြီး ကပ်စေးနည်းတာပဲ ဟယ်။ သူ့ဆီက ငွေထွက်လာဖို့ဆို သိပ်လက် ပေါက်ကတ်တာပဲ သိလား"

ဒု-မိန်းမ ။ ။ "ငါ့ယောကျ်ားလည်း အတူတူပါပဲဟယ်။ အဲ . . ဒါပေမဲ့ ငါ့ယောကျ်ားဆီက ငွေအလွယ် တကူ ထွက်လာတဲ့နည်း တစ်နည်းကို ရထားတယ်"

ပ-မိန်းမ ။ ။ "ဟယ် . . ဟုတ်လား။ ဟန်ကျလိုက်တာအေ။ ပြောစမ်း . . ပြောစမ်း။ ဘယ်လိုနည်းလမ်းလဲ။ အသုံးတည့်ရင် ငါလည်း သုံးကြည့်ချင်လို့"

ဒု-မိန်းမ ။ ။ "ဒီလိုအေ့ . . ငါ့မှာ ငွေအသုံးလိုပြီဆိုရင် သူနဲ့ ရန်ဖြစ်ပြီး အဝတ်အစားတွေ သေတ္တာထဲထည့်လို့ အမေတို့အိမ်ပဲ ပြန်နေတော့မယ်လို့ ပြောလိုက်ရင် . . ရှောရှောရှုရှုနဲ့ 'ရော့ . . အင့်'ဆိုပြီး ငွေတွေ ထုတ်ပေးတော့တာပါပဲအေ"

●●●

www.burmeseclassic.com

## မှန်တဲ့အတိုင်း

ကိုယ်ပိုင်ကားတစ်စီးသည် ကျယ်ဝန်းသော ကတ္တရာ လမ်းပေါ်ဝယ် ဟိုကွေ့ သည်ဝိုက်ဖြင့် ပုံစံမကျဘဲ မောင်းနှင်နေလေရာ၊ ယာဉ်ထိန်းရဲက အချိန်မီသွားရောက် ရပ်တန့်စစ်ဆေးလေတော့၏။ ယာဉ်မောင်းဖြစ်သူမှာ သောက်စားထား၍ အရက်နံ့များ ထွက်နေ၏။

ရဲ ။ ။ "ကိုင်း . . နောင်ကြီး၊ မှန်တဲ့အတိုင်းပြောဗျာ။ ပြောရင် . . အများကြီး အကူအညီပေးနိုင်ပါတယ်"

ယာဉ်မောင်း ။ ။ "ဘာကို အမှန်အတိုင်းပြောရမှာလဲ"

ရဲ ။ ။ "ပြောရမှာက ခင်ဗျား ဘယ်အချိန်ကစပြီး အရက်သောက်ခဲ့တယ်ဆိုတာ"

ယာဉ်မောင်း ။ ။ "ဟာ . . ဟာ၊ ဒါလား။ ရတယ် . . ပြောမယ်။ ကျုပ် ဘယ်အချိန်က စသောက်ခဲ့သလဲဆိုတော့ ဟိုး . . . လွန်ခဲ့တဲ့ အနှစ်(၂၀)ကျော် . . ဟုတ်တယ်၊ တက္ကသိုလ်ကျောင်းသားဘဝကတည်းက စသောက်ခဲ့တာလေ"

ရဲ ။ ။ "အယ် . ."

● ● ●





## အလွဲလွဲ အချော်ချော်

လမ်းတွင် လူကောင်းတစ်ဦးနှင့် နားအကြားချို့တဲ့သူတို့ ဆုံမိကြ၏။ နားအကြားချို့တဲ့သူမှာ ထူးထူးခြားခြားဆိုသလို နားအကြားကိရိယာအသစ်တစ်ခုကို တပ်ဆင်ထားလေသည်။

နားထိုင်းသူ ။ ။ "ဟောဒီ နားကြားကိရိယာကတော့ တကယ့်ကို 'ရှယ်' ပါပဲဗျာ။ သားတော်မောင် နိုင်ငံခြားက ပို့လိုက်တာဗျ"

လူကောင်း ။ ။ "ကောင်းတာပေါ့ဗျာ။ ခုလိုတပ်ထားတော့ ပြောဆိုဆက်ဆံရတာ ကသိလင်တ မရှိနိုင်တော့ဘူးပေါ့"

နားထိုင်းသူ ။ ။ "မှန်လိုက်လေဗျာ။ တော်ရုံတန်ရုံငွေကြေးနဲ့ ဒီလောက်ကောင်းတဲ့ပစ္စည်း ဘယ်ဝယ်နိုင်မှာ တဲ့လဲဗျာ။ သားက ဝင်ငွေကောင်းလို့ ဝယ်ပေးနိုင်တာဗျ"

လူကောင်း ။ ။ "အဲသည် ကိရိယာကိုကော စမ်းသပ်ပြီးပြီလား"

နားထိုင်းသူ ။ ။ "ဟုတ်ကဲ့ . . ပြီးပါပြီ။ ခုပဲ ဒံပေါက်ဆိုင်က ထွက်လာတာ။ ကြက်အသည်းအမြစ်နဲ့ စားလာခဲ့တာ"

● ● ●

www.burmeseclassic.com

www.burmeseclassic.com



## အကြင်နာပိုသည်များရယ်

တစ်နေ့ကို မနက် 'တစ်လုံး'၊ ည 'တစ်လုံး' သောက်ရပါမှ နေသာထိုင်သာရှိသော 'နှစ်လုံးသောက်လူမျိုး' ကိုတင်ယု တစ်ယောက် မနေ့ညက ဒကာပေါ်သဖြင့် သုံးလုံးသောက် ဖြစ်သွားကာ ရေချိန်လွန်ပြီးမှ အိမ်ပြန်ရောက်သွားခဲ့ပြီး နေမြင့်မှ အိပ်ရာထတော့၏။

ကိုတင်ယု ။ ။ (ဇနီးဖြစ်သူမပန်းလှိုင်ကို) "ညက . . ငါရေချိန် တော်တော်လွန်သွားတယ်နဲ့တူတယ်"

မပန်းလှိုင် ။ ။ "လွန်မလွန် ကြည့်ပါလား။ ရှင့်နဖူးမှာ ဘုကြီး ထွက်ပြီး ရောင်နေတာကို"

ကိုတင်ယု ။ ။ "ဟာ . . ဟုတ်ပါရဲ့။ အမယ်လေး။ ခုမှ နာလိုက်တာကွယ်။ ဒါထက် . . ငါ အဲသလို ဖြစ်တာ မင်းနည်းနည်းလေးမှ စိတ်မပူဘူးလား မပန်းလှိုင်"

မပန်းလှိုင် ။ ။ "တစ်စက်ကလေးမှ မပူပေါင်"

ကိုတင်ယု ။ ။ "ဩော် . . တော်တော်ကလေးမှ စိုးရိမ်စိတ်မရှိတဲ့ မိန်းမပဲ"

မပန်းလှိုင် ။ ။ "ဘာလို့ စိုးရိမ်ရမှာလဲ။ ရှင့်နဖူးက ကျွန်မနဲ့တွေ့မှ ဖူးရောင်လာတဲ့ဥစ္စာကို။ ဟွန်း . . ဟွန်း . . ကောင်းလိုက်တဲ့ သနပ်ခါးတုံး"

မြို့မေတ္တာခံယူမယ့်

ကိုရွှေတောသား

# နေခ

# မျက်ဝန်းတစ်စုံ၏ ကဗျာတစ်ပုဒ်

မိန်းမတာ ခုနှစ်ယောက် . . . .

အလုပ်က လောင်းတောဓား . . .

အားကိုးထားတာ ဘိုးတော်ဘုရ . . .

ခုတော့ ခေါက်ကျတယ်ဆိုပြီး . . .

အိမ်ထမိန်းဓေကို မဲသွားတယ် . . .

# ထွက်နေပြီ